ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော(အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 21 November 2017 ၉၁၁၅

# မြန်မာ-လာအို ချစ်ကြည်ရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လာအိုပြည်သူ့တပ်မတော် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီး Lt.General Chansamone Chanyalath ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ - လာအို ချစ်ကြည်ရေး၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-လာအို နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-လာအို တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lyying Sayaxang လည်း တက်ရောက်သည်။

**သတင်းစဉ်**

# အာဆီယံပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်သုံးရပ်နှင့်အညီ အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု မျှော်လင့်

## (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ


**နေပြည်တော် နိုဝင်ဘာ ၂၀**

**“ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့”** ဆောင်ပုဒ်ဖြင့် (၁၃)ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။**(ဓါတ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ခေါင်းဆောင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဥရောပ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂**



ကြေးမုံ

## အလှမ်းမဝေး ထိတွေ့ဆက်ဆံ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်တွင် လက်ခံကျင်းပနေသော (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီရက်တွင် ဆက်စပ်အစည်းအဝေးများဖြစ်သည့် အေဆမ်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပသတင်းစာဆရာများ နီးနှောဖလှယ်ပွဲတို့ကို ပြုလုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာ၌ ပိုမိုကောင်းမွန်သည့် ဆောင်ရွက်ချက်များကို ဖြစ်ထွန်းစေနိုင်ပါသည်။

အေဆမ်အစည်းအဝေးကို ဦးတည်သည့် သတင်းစာဆရာများ နီးနှောဖလှယ်ပွဲသို့ အာရှ-ဥရောပ ဖောင်ဒေးရှင်းအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြရာ နိုင်ငံအစိုးရနှင့် နိုင်ငံများမှပြည်သူများအကြား အဓိကပေါင်းကူးဆက်သွယ်ပေးမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန် မျှမျှတတဖြင့် အသိအမြင်များ လွှမ်းခြုံမှုဝေပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ နိုင်ငံအစိုးရ၏ လုပ်ဆောင်မှုများကို နိုင်ငံအသီးသီးမှ အစိုးရနှင့် ပြည်သူများအကြား မျှဝေအသိပေးရာတွင် မီဒီယာများသည် အဓိကကျသော အဖွဲ့အစည်းများဖြစ်သည်။ ယခု ကျင်းပနေသော အေဆမ်အစည်းအဝေးများတွင် နိုင်ငံ ၅၁ နိုင်ငံနှင့် အဖွဲ့အစည်းနှစ်ခုနှင့်အတူ မီဒီယာအုပ်စုများ ပါဝင်လာခြင်းသည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပကတိအခြေအနေမှန်များကို ပိုမိုနားလည်နိုင်စွမ်း ရှိလာလိမ့်မည်ဟု မျှော်လင့်ပါသည်။

အေဆမ်အဖွဲ့အစည်းကြီးက သတ်မှတ်ထားသည့် နိုင်ငံရေးမဏ္ဍိုင်နှင့် စီးပွားရေးမဏ္ဍိုင်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်တို့တွင် အဓိကကျသော တန်းတူမိတ်ဖက်ဆက်ဆံမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု အခြေခံမူသုံးရပ် ချမှတ်ထားသည်။ သို့သော် နိုင်ငံများ၏ အခြားအရေးအရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အထူးသဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အရေးကိစ္စများနှင့်ပတ်သက်ပြီး အေဆမ်အဖွဲ့အစည်းပြင်ပ၌ ထိတွေ့ပြောဆိုရာတွင် အခြေခံမူများမှ သွေဖည်နိုင်သည်မှာ မီဒီယာများပေါ်တွင်လည်း မူတည်သည်ဟု ဆိုနိုင်သည်။ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြည်ပသတင်းစာဆရာတစ်ဦးက ၎င်းအနေဖြင့် မြန်မာနိုင်ငံနှင့် အလွန်အနေဝေးသည့်အပြင် ၎င်း၏ လုပ်ငန်းသဘာဝမှာ ဒုက္ခသည်အရေးကို ဖောင်းပေးထားရာ ရခိုင်အရေးနှင့် ပတ်သက်သည့် ပြဿနာများကို ဂဃနဏ မသိနိုင်ပါဟု ဝန်ခံပြောဆိုထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအရေးနှင့် ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အစဉ်အမြဲ ထုတ်ပြန်လျက်ရှိသည့် ပြည်ပအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသတင်းဌာနများမှာ ခုဂဏန်းမျှသာရှိပြီး သတင်းထုတ်ပြန်ရာတွင်လည်း ရခိုင်အရေးနှင့် စပ်လျဉ်း၍ တစ်ဖက်သတ်ဆန်သည်က များနေသည်ကိုတွေ့နိုင်သည်။ ထို့ကြောင့်လည်း မျှတမှုမရှိသည့် သတင်းထုတ်ပြန်ချက်များအပေါ် အခြေခံကာ မြန်မာနိုင်ငံအပေါ် အပြုသဘောမဆောင်သည့် ဖိအားပေးမှုများဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။

ယခုအခါ ဆုံစည်းနိုင်ရန်ခဲယဉ်းသော အခွင့်အရေးတစ်ရပ် မြန်မာနိုင်ငံအတွက် ရရှိနေပြီဖြစ်သည်။ အေဆမ်အစည်းအဝေးတွင် နိုင်ငံပေါင်းစုံမှ အစိုးရခေါင်းဆောင်များ၊ အဆင့်မြင့်ပုဂ္ဂိုလ်များ ရောက်ရှိနေသလို နိုင်ငံပေါင်းစုံမှ သတင်းစာဆရာများလည်း တစုတဝေးတည်းရောက်ရှိနေသည်။ ဤသည်မှာ ကြုံတောင့်ကြုံခဲ၊ ရတောင့်ရခဲ အခွင့်အရေးတစ်ခုဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမြင်ချင်းဖလှယ်နိုင်ခွင့်၊ ပူးပေါင်းဆောင်ရွက်နိုင်ခွင့်များ ရမည်ဖြစ်သလို အာရှတိုက်နှင့် ဥရောပတိုက် နှစ်တိုက်အကြား နိုင်ငံနှင့်ပြည်သူများ အကျိုးဖြစ်ထွန်းရေးတွင် မြန်မာနိုင်ငံ ပါဝင်လာနိုင်သည်။

သို့ဖြစ်ရာ ယခုကဲ့သို့ အခွင့်အလမ်းကောင်းများ ရရှိနေချိန်တွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ပကတိဖြစ်စဉ်မှန်များကို အခွင့်ကြုံကြိုက် အချိန်တိုအခိုက်၌ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ဝိုင်းဝန်းမျှဝေ ဖော်ဆောင်ပေးသင့်သည်ဟု လေးစားစွာဖြင့် အကြံပြုအပ်ပါသည်။ ။

## မူဘောင်၊ လုပ်ငန်းလမ်းစဉ်၊ လုပ်ထုံးလုပ်နည်း အလုပ်အဖွဲ့အစည်းအဝေး ကျင်းပပြီးစီး



**နေပြည်တော် နိုဝင်ဘာ ၂၀**

မူဘောင် (Framework )၊ လုပ်ငန်းလမ်းစဉ်(ToR)၊ လုပ်ထုံးလုပ်နည်း (SOP) အလုပ်အဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယနေ့ အစည်းအဝေးများတွင် မူဘောင် (Framework )၊ လုပ်ငန်းလမ်းစဉ် (ToR)၊ လုပ်ထုံးလုပ်နည်း (SOP)များနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို Structure, Decision Making Concept, Composition, National Dialogue တို့နှင့်စပ်လျဉ်း၍ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့တို့မှ တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စား ဦးသိန်းထွန်းက ပြည်ထောင်စုငြိမ်းချမ်းရေး ညှိနှိုင်းမှုများ ဆက်လက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလမ်းစဉ်၊ လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးကြရာတွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး ညှိနှိုင်းရမည့် လုပ်ငန်းစဉ်များအတွက်လည်း အခြေခံသဘောထားများရရှိပါကြောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံး ဒေသအနှံ့ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖြစ်တည်မှု၊ တစ်ဆက်တစ်စပ်တည်း လုံခြုံအေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဦးတည်ပြီး စစ်မှန်သည့် လမ်းကြောင်းအတိုင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည့်အတွက် ရလဒ်ကောင်းများရရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့ ကိုယ်စား ပဒိုစောကွယ်ထူးဝင်းက ယခု အစည်းအဝေးတွင် ရလဒ်ကောင်းများ ရရှိအောင် ကြိုးစားအဖြေရှာခဲ့ကြပါကြောင်း၊ ရှေ့ဆက်လက်ပြီး အားလုံးလက်တွဲကာ နည်းလမ်းရှာ အဖြေရှာမည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူအတွက် ငြိမ်းချမ်းရေးကို အားလုံးကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရအစုအဖွဲ့ကိုယ်စား ဗိုလ်မှူးချုပ် စိန်ထွန်းလှက ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို စိတ်ရှည်ရှည်ဖြင့် ဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မပြေလည်မှုရှိသလို ပြေလည်မှုများလည်းရှိပါကြောင်း၊ ယင်းကို ဆက်လက်ညှိနှိုင်းသွားပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးမှု ရလဒ်များနှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "အဓိကကျွန်တော်တို့ကို ပေးတဲ့တာဝန်က နိုင်ငံရေးဆွေးနွေးမှု မူဘောင်အတွက်ဖြစ်ပါတယ်၊ အဲဒီမူဘောင်ကို ပြန်လည်သုံးသပ်ညှိနှိုင်းပြီးတော့ တင်ပြဖို့ဖြစ်ပါတယ်၊ ဒုတိယကတော့ လုပ်ငန်းလမ်းညွှန်တွေအားလုံးကို ပြန်သုံးသပ်တယ်၊ ပြီးခဲ့တဲ့ ညီလာခံအပေါ် အခြေခံပြီးတော့ ပိုမိုကောင်းမွန်အောင်မြင်အောင်၊ ရလဒ်တွေ မြန်မြန်ရအောင် ညှိနှိုင်းခဲ့တာရှိတယ်၊ လုပ်ငန်းလမ်းညွှန်အကုန်လုံးကို ဆွေးနွေးနိုင်ခဲ့တယ်၊ အဲဒီပေါ်ကတစ်ဆင့် အဆိုပြုချက်တွေ ထွက်လာမယ်၊ မူဘောင်မှာလည်း အများစုလည်းတူတယ်၊ တချို့အမြင် အနည်းငယ်ကွဲပြားတာကို UPDJC အစည်းအဝေးကို တင်ပြမယ်၊ ရလဒ်ဆိုတာကတော့ ကျွန်တော်တို့ အားလုံးကိုပြီးအောင် ဆွေးနွေးနိုင်တယ်၊ SOP လို့ခေါ်တဲ့ လုပ်ထုံးလုပ်နည်းဆိုတာ ဒီတစ်ခေါက်မှာ ထွက်လာတာပါ၊ ဒါကိုလည်း ပြီးအောင် ဆွေးနွေးနိုင်ခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

မူဘောင်(Framework)၊ လုပ်ငန်းလမ်းစဉ်(ToR)၊ လုပ်ထုံးလုပ်နည်း (SOP) အလုပ်အဖွဲ့အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ အထောက်အကူပြု စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာပေဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် အင်းစိန် အထက(၂)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းနှင့် မြို့နယ်စာပေဥယျာဉ် (Book Club) ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် စာရေးဆရာမ ဒေါ်ခင်နွဲ့မူတို့က စာပေမြင့်မှ လူမျိုးတင့်မည်၊ အလိမ္မာစာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာဖတ်သောနိုင်ငံများသည် တိုးတက်ကြ၍ တိုးတက်သော နိုင်ငံများသည် စာဖတ်ကြကြောင်း၊ ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် အခြားရသစာပေများနှင့် မိမိအတွက် ဗဟုသုတများ ရရှိစေသော စာအုပ်များကို ရွေးချယ်ဖတ်မှတ်ကြမှသာလျှင် အမှားအမှန်ကို ပိုင်းခြား သိမြင်ကြရမည်ဖြစ်ကြောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲသို့ အထက(၂) ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုံညီစွာတက်ရောက်ကြကာ စာပေဟောပြောပွဲအပြီးတွင် ဗဟုသုတဖြစ်ဖွယ် ပြသထားသော စာအုပ်စာစောင်၊ ဓာတ်ပုံ မှတ်တမ်းများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၉၃၄၀၀၀ - ၉၃၅၅၀၀၊ မန္တလေး(ရွှေဈေး) ၉၃၄၀၀၀ - ၉၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၅၅/၇၆၅ ကျပ်၊ | ၇၉၀/၈၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၅/၇၂၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၄. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆. ၁၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၆၁၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၈. ၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၈. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၆၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၇. ၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အေဆမ်မိတ်ဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား သီးခြားစီလက်ခံတွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E.Mrs.Federica Mogherini အား လက်ခံတွေ့ဆုံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jean-Yves Le Drian အား တွေ့ဆုံစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၀**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(ASEM)သို့ တက်ရောက်လာသည့် အေဆမ်မိတ်ဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ H.E.Mrs.Federica Mogherini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နံနက် ၈ နာရီ ၁၅ မိနစ်တွင် လက်ခံတွေ့ဆုံပြီး မြန်မာ-ဥရောပ နှစ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြင်သစ်နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Jean-Yves Le Drian ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂နာရီခွဲတွင်လည်းကောင်း၊ ဖင်လန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Timo Juhani Soini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် လည်းကောင်း လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**



# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဝန်ကြီး the Rt. Hon. Mark Field MP အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်နှင့် ဗြိတိန်နိုင်ငံခြားရေးနှင့်ဓနသဟာယရေးရာရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးကျော်တင် အေဆမ်မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (ASEM)သို့ တက်ရောက်လာသည့် အေဆမ် မိတ်ဖက်နိုင်ငံများမှ ခေါင်းဆောင်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သီးခြားစီတွေ့ဆုံသည်။

ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန Deputy Secretary H.E. Mr. Gary Quinlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ အီတလီနိုင်ငံ Ministry of Foreign Affairs and International Cooperation မှ Undersecretary of State H.E. Mr. Benedetto Della Vedova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁ နာရီ မိနစ်၂၀ တွင်လည်းကောင်း၊ အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ Minister of State H.E. Mr. Ciaran Cannon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးမှ အာရှရေးရာနှင့် ပစိဖိတ်ဒေသဆိုင်ရာ Minister of State the Rt. Hon. Mark Field MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၄ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ရိုမေးနီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Secretary of State for Global Bilateral Affairs, H.E. Mrs. Monica Gheorghita (အောက်ပုံ) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် (၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များအား ယနေ့ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နှင့် မန္တလေးတို့မှ ကျောင်းသား ကျောင်းသူများ၊ ဂျပန်နိုင်ငံမှ ဂီတပညာရှင် Mr. Yamamoto နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုင်ငံတော်သံစုံတီးဝိုင်းတို့က တေးသံသာများ၊ ရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးခင်ဇော် အထွေထွေမန်နေဂျာ (ထုတ်လုပ်ရေး) မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| (၂) ဦးဆန်းမြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၃) ဒေါ်စီစီပြုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၄) ဦးဇော်နိုင် ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေတိုက်ဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၅) ဦးမြင့်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt. Gen. Chansamone Chanyalath အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lt. Gen. Chansamone Chanyalath အား ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lieutenant General Alexander Vasilievich Fomin အား**(ယာပုံ)** ယနေ့နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Vivian Balakrishnan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညနေ ၃ နာရီခွဲတွင် လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Kazuyuki NAKANE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား ကမ္ဘာ့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ စာနယ်ဇင်းနေ့ အခမ်းအနားနှင့် တောင်အာရှနိုင်ငံများ သတင်းမီဒီယာကောင်စီအစည်းအဝေးသို့တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းနှင့် ကောင်စီဝင် ဦးဟန်ညွန့် (ဥပဒေ)တို့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ စင်ကာပူ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။




အဆိုပါအဖွဲ့သည် အိန္ဒိယနိုင်ငံတွင် ကျင်းပသော ကမ္ဘာ့သတင်းမီဒီယာကောင်စီများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအား ကမ္ဘာ့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုရန် တင်ပြခဲ့ရာ အစည်းအဝေးက တညီတညွတ်တည်း ဝင်ရောက်ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။ တောင်အာရှနိုင်ငံများ သတင်းမီဒီယာကောင်စီ အသင်း ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘက်က တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား တောင်အာရှနိုင်ငံ သတင်းမီဒီယာကောင်စီ အသင်းဝင်အဖြစ် လက်ခံခဲ့သည်။

နိုင်ငံတကာမှ တက်ရောက်လာကြသော သတင်းစာဆရာများနှင့် မီဒီယာကောင်စီဝင်များက သတင်းမီဒီယာဆိုင်ရာ စိန်ခေါ်မှုများ အကြောင်းကို ဆက်လက်ဆွေးနွေးကြရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မိမိအတွေ့အကြုံ သင်ခန်းစာများဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❐ ပြည်ထောင်စုအဆင့်မှ**

ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် JMC-U ဒုတိယဥက္ကဋ္ဌ (၂) Rev.စောမက်သယူးအေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် NCA အကောင်အထည်ဖော်မှုတွင် ထိတွေ့မှုမရှိအောင် မည်သို့မည်ပုံ ဟန့်တားမည်၊ မည်သို့ပါဝင်မည်ဆိုသည်ကို အရပ်သားကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် (၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများအား တင်ပြခြင်း၊ JMC အဆင့်ဆင့်တွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များ တွေ့ဆုံသည့် ဒုတိယအကြိမ် အစည်းအဝေးကျင်းပခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ လုပ်ထုံးလုပ်နည်း (SOP) များအား ဆွေးနွေးအတည်ပြုခြင်း၊ အထွေထွေဆွေးနွေးခြင်းတို့ကို ပြုလုပ်ကြသည်။

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# စည်းကမ်းချက်များနှင့်မညီသော သားသတ်လိုင်စင်ရရှိသူများအား စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **စည်းကမ်းချက်များနှင့် မညီသော သားသတ်လိုင်စင်ရရှိသူများအပေါ် အရေးယူရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက နေပြည်တော်အတွင်းရှိ မြို့နယ် ၈ မြို့နယ်တွင်(ဝက်၊ အမဲ၊ ဆိတ်) ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သားသတ်လိုင်စင်များ ခွင့်ပြုချထားပေးရာတွင် လေလံစနစ်၊ ဈေးခံစနစ်နှင့် လေလံခံစနစ်တို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ပိုင်ခွင့်လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော သားသတ်ခြင်း၊ အသားထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု စည်းကမ်းချက်များနှင့် မကိုက်ညီသော သားသတ်လိုင်စင်ရရှိသူများနှင့် စပ်လျဉ်း၍ ခွင့်ပြုချက်မရှိဘဲ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စားသုံးရန် တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာတွင် ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော သားသတ်ခြင်း၊ အသားထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စည်းကမ်းချက်များနှင့် မညီသော သားသတ်လိုင်စင် ရရှိသူများအားလည်းကောင်း၊ စည်းကမ်းချက်များနှင့် မညီသော သားသတ်လုပ်ငန်းနှင့် အသားရောင်းချမှုများအား လည်းကောင်း စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး၏ **ခရိုင် သို့မဟုတ် မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင်ရေးဆွဲရေးလုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြင်ဆင်ရေးဆွဲထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်တွင်လည်း ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး) ကွပ်ကဲမှုအောက်၌ မက်မန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကို ထည့်သွင်းဖွဲ့စည်းရန် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ခရိုင်၊ မြို့နယ်ရုံးများကို ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဒေသများအပေါ် အခြေခံ၍ ရုံးဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ် ချင်းဆက်လမ်းကို စီမံကိန်းဖြင့် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်ချင်းဆက်လမ်းအတွက် ဆောင်ရွက်ရန် လိုအပ်ချက်ရှိသည့် လုပ်ငန်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ၅ နှစ် စီမံကိန်းတွင်



ဦးသန့်ဇင်ထွန်း



ဦးအောင်မြင်ထွန်း

ထည့်သွင်းလျာထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်၍ ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ မယ်စဲ့ မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်းနှင့် နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် **စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ချက်မရှိ အတည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **ပလတ်စတစ် အန္တရာယ်တားဆီးကာကွယ်ရန် နေ့စဉ်စွန့်ပစ်အမှိုက်များတွင် ပါဝင်သည့် ပလတ်စတစ်ပစ္စည်းများကို သီးသန့်ဖယ်ရှားစွန့်ပစ်စေခြင်းနှင့် ပလတ်စတစ်အသုံးပြုမှု နှုန်းထားများ လျှော့ချခြင်းစသည့် ပြည်သူလူထု တစ်ရပ်လုံးပါဝင်သော ဒီမိုကရေစီ အခြေခံအလေ့အကျင့် ကောင်းများကို မူဝါဒတစ်ရပ်ရေးဆွဲပြဋ္ဌာန်း၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ဤလွှတ်တော်က ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ပလတ်စတစ်သည် ကင်ဆာရောဂါ၊ အဆုတ်ရောဂါ၊ အရေပြားရောဂါနှင့် မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ အစာအိမ်နှင့် အသည်းကိုလည်း ပျက်စီးစေနိုင်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာပေါ်တွင် များစွာအန္တရာယ်များသည့် ပလတ်စတစ်သုံးစွဲမှုများကို နည်းလမ်းမျိုးစုံဖြင့် လျှော့ချနေကြကြောင်းကို အဆိုရှင်မှ ထောက်ပြသွားသည်ကို တွေ့ရပါကြောင်း၊ အမှိုက်သိမ်းသည့်စနစ် ကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် အမှိုက်များပိတ်ဆို့နေမှုများကြောင့် ရေကြီး ရေလျှံမှုများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ မြို့ကြီးများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ပိုမိုများပြားလာပါကြောင်း၊ ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းရာတွင် နေ့စဉ်တန်ချိန်ပေါင်း ၁၅၀၀၀ခန့် ရှိနေပါကြောင်း၊ ထိုအမှိုက်များထဲတွင် ပလတ်စတစ်မျိုးစုံပမာဏမှာ အတိုင်းအတာ တစ်ခုအထိ ပါဝင်နေပါကြောင်း၊ အမှိုက်ခွဲခြားပစ်ရန်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အမှိုက်စနစ်တကျ မစွန့်ပစ်တတ်ခြင်းတို့သည်လည်း သဘာဝအလှတရားကို ထိခိုက်စေသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါကြောင်း။

ပလတ်စတစ်အသုံးပြုမှု လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများမှ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်း စသည့် နည်းလမ်းများဖြင့် စနစ်တကျထိန်းချုပ်ခြင်း၊ လျှော့ချခြင်း အစီအမံများကို အပြောင်းအလဲတစ်ရပ်အဖြစ် ယခုအစိုးရလက်ထက်၌ စတင်ဖော်ဆောင်ပေးလိုပါကြောင်း၊ ပြည်သူတစ်ရပ်လုံးကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့ နေ့စဉ်နှင့်အမျှ စွန့်ပစ်သော ပလတ်စတစ်နှင့်တကွ အမှိုက်သရိုက်များကို စည်းကမ်းတကျ ခွဲခြားစွန့်ပစ်ခြင်းဖြင့် ပါဝင်ဖော်ဆောင်ပေးသင့်ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးပါဝင်သော ဒီမိုကရေစီ အခြေခံအလေ့အကျင့်ကောင်းများကို အခြေခံကာ ပလတ်စတစ်လျှော့ချသုံးစွဲရေး၊ စနစ်တကျစွန့်ပစ်ရေးများကို မူဝါဒတစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြပါကြောင်း ပြောကြားသည်။

အလားတူ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဖာပွန် မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မိုးနဲ မဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်းနှင့် မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်တို့က ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စွန့်ပစ်ပစ္စည်းနှင့် ပတ်သက်သည့် အသိပညာပေး အစီအစဉ်များကို လုပ်ငန်းကော်မတီတစ်ခုဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးရေးနှင့် အသိပညာပြန့်ပွားရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း ပြည်သူလူထုကို အသိပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ကျောင်းသင်ရိုးညွှန်းတမ်းများ အဆင့်အထိ ပြင်ဆင်ပြီး ကျောင်းနေအရွယ် ကလေးငယ်များမှစ၍ အသိပညာပေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပြီး ယင်းအဆိုနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း က ဆက်လက်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် အဆိုရှင် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းတို့က ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် သဘောတူသဖြင့် လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**အေးအေးသန့်**

# နေ့စားလပေး ဆရာ ဆရာမများကို ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည်နှင့် Permanent အဖြစ် ဆက်လက်ခန့်ထားမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှု ကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုးမိုး၏ **ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောနယ်၊ ကမ်းနီကျေးရွာတွင်ရှိသော အခြေခံပညာအထက်တန်းကျောင်း (ကမ်းနီ)ကို ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ငပုတောမြို့နယ် ကမ်းနီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁၈ ဦးရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ငပုတောအခြေခံပညာ အထက်တန်းကျောင်းနှင့် ရွှေမြကွင်း အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) တို့ရှိ စာစစ်ဌာနများသို့ သွားရောက်ဖြေဆိုခဲ့ကြပါကြောင်း၊ ယခုနှစ်တွင် ကမ်းနီကျေးရွာ၌ စာစစ်ဌာနအဆင့် တိုးမြှင့်နိုင်မှု ရှိ၊ မရှိ စိစစ်သည့်အခါတွင် အဓိကအားဖြင့် ကမ်းနီကျေးရွာတွင် လှုပ်ရှားရဲကင်း အဆင့်သာ ဆောင်ရွက်နိုင်သေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအသစ်တစ်ခုအဖြစ် ဖွင့်လှစ်ခွင့်ပြုရာတွင် အဓိက အခြေခံအချက်အားဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းရှိရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ရဲအင်အားအပြည့် လုံခြုံရေးယူနိုင်ရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုထောက်ခံတင်ပြချက်၊ ရဲစခန်းဝင်းအတွင်း ဘဏ်တိုက်အဆင့်၊ ငွေတိုက်အဆင့် လုံခြုံမှုရှိသည့် မီးခံတိုက်ရှိရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနအနေဖြင့် ယခုနှစ်အတွက် ကမ်းနီကျေးရွာ၌ စာစစ်ဌာနအသစ် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သစ်ပြင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ကအီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အတွက် တစ်ထပ်ကျောင်းဆောင်တစ်ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွက် ယခုဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောင်းဆောင်ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၁၇၉၀ ခွဲဝေပေးပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုရေးဆွဲနေသည့် ဘဏ္ဍာနှစ် ၆ လစာအတွင်း ဦးစားပေးအဆင့်တွင် ပါရှိခြင်းမရှိသေးပါကြောင်း၊ ဆက်လက်ရေးဆွဲမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **အခြေခံပညာဦးစီးဌာနက နေ့စားလပေး ဆရာ ဆရာမများကို ဆရာဖြစ် သင်တန်းပေးပြီး တစ်ပါတည်း အတည်ခန့် (Permanent) ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် လိုအပ်သည့် ဆရာ ဆရာမများကို ပညာရေးတက္ကသိုလ်များမှ B.Ed ဘွဲ့ရများ၊ ပညာရေးကောလိပ်များမှ လုပ်ငန်းခွင်ကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း DTEd နှင့် လုပ်ငန်းခွင်ကြို မူလတန်းဆရာ အတတ်ပညာသင်တန်း PPTT သင်တန်းဆင်းများကို နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

စာမျက်နှာ ၇ သို့



ဦးကျော်သန်း



ဦးမာန်လောမောင်း



ဦးဝင်းမော်ထွန်း



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M.Si နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် Regional Representative Council မှ ဒုတိယဥက္ကဋ္ဌ Lt. Gen (Han) Dr. Nano Sampono, M. Si အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် မြန်မာ-အင်ဒိုနီးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ❂ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ

သဘောတူညီချက်ရရှိရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဖြည့်စွက်ဖွဲ့စည်းလိုသည့် ဝန်ကြီးဌာနတစ်ခုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးက နိုင်ငံတော်သမ္မတထံ တင်ပြ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စု၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေကြမ်းတင်သွင်းရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များအပါအဝင် များပြားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတအား တာဝန်ခံမည့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ခန့်အပ်၍ တာဝန်ယူဆောင်ရွက်စေမည်ဆိုပါက ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယင်းဝန်ကြီးဌာနကို ထပ်မံဖွဲ့စည်းလိုခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဖွဲ့စည်းဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လက်ရှိဖွဲ့စည်းပုံအင်အားဖြင့်ပင် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေ ပိုမိုကုန်ကျမည် မဟုတ်ပါကြောင်း။

နောက်ထပ်ဖြည့်စွက်ဖွဲ့စည်းလိုသည့် ဝန်ကြီးဌာနတစ်ခုမှာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအရေးကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို နိုင်ငံရေးရှုထောင့်အပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုရှုထောင့်မှလည်း ခြုံငုံသုံးသပ်ပြီး နိုင်ငံတော်သမ္မတအား တာဝန်ခံဆောင်ရွက်မည့် ဝန်ကြီးဌာနတစ်ခု လိုအပ်လာသည့်အတွက် ဤပြည်ထောင်စုဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းရခြင်း ဖြစ်ပါကြောင်း။

ဖော်ပြပါ ဝန်ကြီးဌာနကိုလည်း ဝန်ထမ်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းခြင်းမပြုဘဲ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၏ ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိရာ အချို့သော နိုင်ငံတကာအစည်းအဝေးများတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ပြီး အချို့သော နိုင်ငံတကာ အစည်းအဝေးများတွင် ယခုဖွဲ့စည်းမည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီးက တက်ရောက်မည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ရုံးဌာနကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံတွင်ပင် ထားရှိမည်ဖြစ်ရာ ဝန်ကြီးဌာနနှစ်ခု နီးကပ်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါတွင် နိုင်ငံခြားသံတမန်ရေးရာကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပြီး နိုင်ငံတကာအဖွဲ့အစည်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းနိုင်ငံတကာ အဖွဲ့အစည်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ယခုဖွဲ့စည်းမည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာဆက်ဆံရေးကို ပိုမိုအဆင်ပြေချောမွေ့စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုဝန်ကြီး နှစ်ဦး ခန့်အပ်တာဝန်ပေးလိုခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန်တာဝန်ရှိမှု အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (၂၀၀၁) တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်က လက်မှတ်ရေးထိုးမည့် Convention တွင် သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းပျက်စီးမှုများနှင့်စပ်လျဉ်း၍ သင်္ဘောပိုင်ရှင်မှ ပေးလျော်ရန် တာဝန်ရှိမှုများ၊ ရပိုင်ခွင့်လျော်ကြေးကိစ္စများ၊ ကင်းလွတ်မှုများ၊ စီရင်ပိုင်ခွင့်များ၊ အာဏာသက်ရောက်မှုများနှင့် ပျက်ပြယ်ခြင်းကိစ္စများကိုလည်း ပြဋ္ဌာန်းထားကြောင်းကို တွေ့ရှိရပါကြောင်း၊ Convention ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် ထိရောက်စွာ လျော်ကြေးတောင်းဆိုရယူရာတွင် ကျင့်သုံးနိုင်မည်ဖြစ်ပြီး လုံလောက်သော နစ်နာကြေး သတ်မှတ်ရန်နှင့် တာဝန်ရှိမှုပြဿနာများကို ဆုံးဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း အဖွဲ့ဝင်နိုင်ငံများနည်းတူ တစ်ပြေးညီ ချမှတ်နိုင်မည်ဖြစ်ပါကြောင်း။

သီးသန့်စီးပွားရေးဇုန် (E.E.Z)မှာ UNCLOS convention အရ The protection and preservation of the marine environment ဟု ဖော်ပြထား၍ သီးသန့်စီးပွားရေးဇုန်အား သက်ဆိုင်ရာနိုင်ငံမှ ရေထု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်ထိန်းသိမ်းခြင်းကို ဆောင်ရွက်နိုင်ကြောင်း၊ convention 2001 တွင် သင်္ဘောပိုင်ရှင်၏ တာဝန်ရှိမှု၊ ကင်းလွတ်ခွင့်ရမှု၊ မဖြစ်မနေအာမခံထားရှိမှု(သို့မဟုတ်) ငွေကြေးအာမခံထားရှိမှု၊ သတ်မှတ်ကာလ လျော်ကြေးကောက်ခံမှုအချိန်ကာလ ကန့်သတ်ခြင်း၊ စီရင်ပိုင်ခွင့်များအစရှိသဖြင့် ပြည့်စုံစွာဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ သင်္ဘောများမှ မောင်းဆီ(လောင်စာဆီ) ယိုဖိတ်မှုကြောင့် ညစ်ညမ်းပျက်စီးခြင်းအတွက် တရားမကြောင်းအရ ပေးလျော်ရန် တာဝန်ရှိမှု အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၂၀၀၁)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို ထောက်ခံပါကြောင်းနှင့် လိုက်လျောညီထွေသည့် ပြည်တွင်း ဥပဒေများကိုလည်း အမြန်ဆုံး ရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သင်္ဘောသားများ၏ သက်သေခံ အထောက်အထားများဆိုင်ရာ ကွန်ဗင်းရှင်း(ပြင်ဆင်ချက်) ၂၀၀၃၊ နံပါတ် (၁၈၅)တွင် မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ILO' SID convention ကို လက်မှတ်ထိုးမှသာ တရားဝင်ဖြစ်ပြီး သက်ဆိုင်သည့် အခွင့်အရေးများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရော အခြားသောနိုင်ငံများပါ သင်္ဘောသား လက်မှတ်အတုများနှင့် လုပ်ကိုင်သူများကို တားဆီးနိုင်ခြင်း၊ အရည်အသွေးမပြည့်သော သင်္ဘောသားအတုများ တားဆီးနိုင်၍ သင်္ဘောတိုက်မှုများ၊ စက်ပျက်မှုများ မရှိနိုင်တော့ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်းနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆက်လက်ဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အသိပညာပေးသင်တန်းဖွင့်

**မက်မန်း နိုဝင်ဘာ ၂၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းက ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်ကြီး ဒေါက်တာတင်မောင်ထွန်းက ကာကွယ်ဆေးထိုးနှံရခြင်း ရည်ရွယ်ချက်၊ ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေ၊ ရောဂါဖြစ်ပွားခဲ့မှုနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများက ပို့ချသွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တည်ငြိမ်ဖွံ့ဖြိုးမှု၏ ဗီဇစိတ်ဓာတ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် (၁၃) ကြိမ်မြောက် အေဆမ်အစည်းအဝေး တက်ရောက်ရန်လာရောက်ခဲ့သည့် တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိတို့က နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရ၏ ပြည်သူလူထုဆန္ဒအတိုင်း အကောင်အထည်ဖော်ရေးအပေါ် တရုတ်နိုင်ငံက ထောက်ခံခဲ့ခြင်းသည် စစ်မှန်သောအိမ်နီးချင်းကောင်းတို့၏ သဘောထားကို ထင်ဟပ်ပြသခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအပေါ် တရုတ်နိုင်ငံက ပူးပေါင်းထောက်ခံခြင်းသည်လည်း အဆိုပါ အိမ်နီးချင်းကောင်းစိတ်ဓာတ်ကို ထပ်မံအတည်ပြု ပြသခဲ့ခြင်းဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ရပ်ဝန်းနှင့်လမ်းကြောင်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုစင်္ကြံတစ်ခုအား ကျောက်ဖြူအထိ စီမံဆောင်ရွက်ရန် နှစ်နိုင်ငံကြားသဘောတူခဲ့ခြင်းသည် နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်မည်သာမက ကျယ်ပြန့်သောဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကိုပါ ခိုင်မာအားကောင်းစေမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေး ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား တွေ့ဆုံဆွေးနွေးရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကူညီပံ့ပိုးသင့်သည်ဟူသော တရုတ်နိုင်ငံ၏ သဘောထားသည် ပြဿနာပြေလည်ရေးကို ဦးတည်စေသည့်အပြုသဘောထားဖြစ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့အကြား ရခိုင်ပြည်နယ်ကိစ္စဖြေရှင်းရေး အခန်းကဏ္ဍသုံးရပ်အပေါ် အမြင်သဘောထားတူညီခဲ့ခြင်းသည် ကောင်းမွန်သော ဖြေရှင်းချက်တစ်ရပ်ရရှိရေးအတွက် အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းသစ်တစ်ရပ်ဖြစ်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ နောက်ထပ်မဖြစ်ပေါ်သည်အထိ တည်ငြိမ်မှုနှင့် အေးချမ်းမှုထိန်းသိမ်းရေးသည် ပထမအခန်းကဏ္ဍ၊ နည်းလမ်းကောင်းများ ရှာဖွေရေးသည် ဒုတိယအခန်းကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးသည် တတိယအခန်းကဏ္ဍဟူသော ဤချဉ်းကပ်ပုံသည် ရခိုင်ပြည်နယ်၌ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ ဖန်တီးနိုင်ရေးအတွက် ပြီးပြည့်စုံသော ချဉ်းကပ်မှုဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေး၏ ရှုပ်ထွေးနက်နဲသိမ်မွေ့သော သဘောသဘာဝအပေါ် တရုတ်နိုင်ငံ၏ နားလည်မှုအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြုစကားပြောကြားခဲ့ခြင်းသည် အိမ်နီးချင်း နှစ်နိုင်ငံ၏ စိတ်စေတနာကောင်းကို ထပ်မံ မီးမောင်းထိုးပြသလိုက်ခြင်း ဖြစ်ပါသည်။ အင်အားနှင့်အတိုင်းအဆအရ အလွန်ကွာခြားသော မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့၌ တစ်ထပ်တည်းသော သဘောထားရှိသည် ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မှတ်ချက်သည် မိတ်ဆွေကောင်း စိတ်ဓာတ်၏ အနှစ်သာရကိုထင်ဟပ်နေပါသည်။ အိမ်နီးချင်းနိုင်ငံတို့အဖြစ် အမြဲတည်ရှိနေမည့် နိုင်ငံတို့အကြား မိတ်ဆွေကောင်း စိတ်ဓာတ်အမြဲတမ်းရှိစေရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ခံယူချက်သည် တည်ငြိမ်ဖွံ့ဖြိုးမှု၏ ဗီဇစိတ်ဓာတ်ဖြစ်သည်ဟု လေးစားစွာ တင်ပြအပ်ပါသည်။ ။



## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Timo Juhani Soini ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-ဖင်လန် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး Ms. Riikka Laatu လည်း တက်ရောက်သည်။

**သတင်းစဉ်**

## အမျိုးသားလွှတ်တော်၌ ဗြိတိန်နိုင်ငံသံရုံးနှင့် Chevening Alumini Association Myanmar တို့က 'ဒီမိုကရေစီ အုပ်ချုပ်ရေး' ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားလွှတ်တော်၌ ဗြိတိန်နိုင်ငံသံရုံးနှင့် Chevening Alumini Association Myanmar တို့က "ဒီမိုကရေစီ အုပ်ချုပ်ရေး"ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Chevening Alumini Association Myanmar မှ President ဦးအောင်ကျော်သိန်းက Introduction of the Workshop and Chevening Alumini Association Myanmar ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။



ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေက Experiential Sharing on Check and Balance ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ယင်းနောက် Chevening Alumini Association Myanmar မှ President ဦးအောင်ကျော်သိန်းက Democratic Governance ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများက အဖွဲ့လိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၅ မှ

ထိုကဲ့သို့ ဖြည့်ဆည်းပေးခြင်းဖြင့် ထပ်မံလိုအပ်သည့် ဆရာ ဆရာမများကို နေ့စားလပေး (မူလတန်းပြ)များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူပြီး တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ရွေးချယ်ခန့်ထားပြီး နွေရာသီကျောင်းပိတ်ရက်တွင် မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်သင် သင်တန်း ရက် ၃၀ ပေးပြီးမှ မူလတန်းပြအဖြစ် အတည်ပြုခန့်ထားပါကြောင်း၊ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင် သင်တန်းတက်ရောက်ပြီးသူများကို မူလတန်းဆရာအတတ်သင် စာပေးစာယူ သင်တန်းတစ်နှစ် ထပ်မံတက်ရောက်စေပြီး မူလတန်း ဆရာအတတ်သင် လက်မှတ်ပေးအပ်ပါကြောင်း။

ကိုယ်စားလှယ် တင်ပြထားသည့် ဖေဖော်ဝါရီလတွင် လျှောက်လွှာများ ခေါ်ယူပြီး မတ်လတွင် စစ်ဆေးကာ ဧပြီလလယ်မှ မေလလယ်ထိ ဆရာဖြစ်သင်တန်းပေးပြီး ဇွန်လ ကျောင်းဖွင့်ရက်အမီ ခန့်ထားနိုင်ရန်မှာ ၎င်းနေ့စားလပေး (မူလတန်းပြ) ဆရာ ဆရာမအဖြစ် ခေါ်ယူခန့်ထားနိုင်ရန်အတွက် လိုအပ်သည့် ဘဏ္ဍာငွေများကို ဘဏ္ဍာနှစ် ၁နှစ် ကြိုတင်လျာထားသည့်အတွက် ချက်ချင်း Permanent အဖြစ် ခန့်ထားရန် မဆောင်ရွက်နိုင်ဘဲ နေ့စားလပေး ဦးစွာဆောင်ရွက်ပြီးမှ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည်နှင့် Permanent အဖြစ်ဆက်လက်ခန့်ထားနိုင်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးငွန်ဟေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် စိုင်းထွန်းအောင်က စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပြီးဖြစ်ခြင်း၊ လွှတ်တော်များ၏ ဥပဒေပြုရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီသည် စာရင်းအင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင် ဦးဝင်းအောင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဌမပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။





(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

**❂ ရှေ့ဖုံးမှ**

ကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ပတ္တမြားခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် မိမိတို့ကမ္ဘာကြီးသည် အကြောင်းတရားများစွာကြောင့် ဖြစ်ပေါ်နေသည့် အကျပ်အတည်းများနှင့် အမြဲလိုလိုပင် ကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုနှင့် မတည်မငြိမ်ဖြစ်မှု၏ အချိန်ကာလသစ်တစ်ရပ်နှင့် မိမိတို့ရင်ဆိုင်နေရပါကြောင်း၊ ကမ္ဘာပေါ်တွင်ဖြစ်ပွားသည့် ပဋိပက္ခများသည် ခြိမ်းခြောက်မှုသစ်များဖြစ်ပေါ်စေခဲ့ပြီး ယင်းတို့မှာ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုပျံ့နှံ့လာခြင်း၊ လူမှုရေးဆိုင်ရာ သဟဇာတမဖြစ်မှုနှင့် ချူကလီးယားစစ်ပွဲအန္တရာယ်များဖြစ်ပါကြောင်း၊ ပဋိပက္ခများသည် လူ့အသိုက်အဝန်းများအတွင်း ငြိမ်းချမ်းရေးပျက်ပြားစေပြီး အကျိုးဆက်အားဖြင့် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးမှုနောက်ကျစေမှုတို့ကို ဖြစ်ပေါ်စေသည့်အပြင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝေးကွာစေခဲ့ပါကြောင်း။

ထိုစိန်ခေါ်မှုများကြောင့် မကြာခဏဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်၏ ဆိုးကျိုးများကိုပါ ဖြစ်ပေါ်စေပြီး ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်လျစ်လျူရှုမှုတို့ကြောင့် သဘာဝဘေးအန္တရာယ်များမှာ ပြင်းထန်လာခဲ့ပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံများစွာ၏ သမိုင်းကြောင်းအရ ပဋိပက္ခနှင့် မတည်ငြိမ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား အချိန်ကြာမြင့်စွာ လွှမ်းမိုးထားနိုင်သည်ကို ဖော်ညွှန်းလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းမှုမရှိပါက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့ မရရှိနိုင်ပါကြောင်း၊ ငြိမ်းချမ်းမှုသည် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း။

ဖွံ့ဖြိုးပြီးနှင့် အင်အားကြီးနိုင်ငံများအပါအဝင် နိုင်ငံအားလုံးသည် အကျပ်အတည်း၊ အခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ မူဝါဒချမှတ်သူများအနေဖြင့် တစ်ဦး၏အကျပ်အတည်း အခက်အခဲများကို တစ်ဦးက နားလည်သဘောပေါက်အောင် ဖော်ဆောင်ပေးနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ပြဿနာများ ကိုင်တွယ်ဖြေရှင်းရာတွင် ပိုမိုလွယ်ကူထိရောက်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊

**စာမျက်နှာ ၉ သို့ »»**



ဖိလစ်ပိုင်နိုင်ငံမှ
H.E. Mr. Jose Luis G. Montales



ပါကစ္စတန်နိုင်ငံမှ
H.E. Mr. IMTIAZ AHMAD



ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ
Mrs. Federica Mogherini




အက်စ်တိုးနီးယားနိုင်ငံမှ
H.E. Mr. Sven Mikser

# (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို Synergizing Peace and Sustainable Development ခေါင်းစဉ်ဖြင့် ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပကော်မရှင်၊ ဂျပန်နိုင်ငံ၊ အက်စ်တိုးနီးယားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များက ပါဝင်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် 3rd Decade of ASEM: Making ASEM Partnership more Dynamic and Connected ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားပြီး ဟန်ဂေရီနိုင်ငံ၊ ရုရှားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စပိန်နိုင်ငံတို့အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ခေါင်းဆောင်များက ပါဝင်ဆွေးနွေးကြသည်။ **သတင်းစဉ်**




(၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၈ မှ

အပြန်အလှန်နားလည်မှုရှိခြင်းဖြင့်သာ ခိုင်မာသည့် မိတ်ဖက်သံယောဇဉ်များ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အေဆမ်အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့်သက်ဆိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ပဋိပက္ခများ၊ အမျိုးမျိုးအဖုံဖုံသော အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့၏ အန္တရာယ်ကဲ့သို့သော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် ပိုမိုတက်ကြွသော မိတ်ဖက်များ မရှိမဖြစ်လိုအပ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရရှိနိုင်သည့် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရာတွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေး၏ ဆောင်ပုဒ်ကို ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင်ဆောင်ရွက်ကြပါစို့ Strengthening Partnership for Peace and Sustainable Development ဟူ၍ မိမိတို့သတ်မှတ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

အေဆမ်ခရီးစဉ်၏ ဆယ်စုနှစ် နှစ်ခုအတွင်း အတူတကွပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်လေးစားမှုဟူသည့် မူဝါဒများကို အခြေခံသော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် အမျိုးမျိုးသော အကျပ်အတည်းများကို ရင်ဆိုင်တွန်းလှန်နိုင်ခဲ့သည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအချင်းချင်းကြားသာမက ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူအချင်းချင်းကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ပျိုးထောင်ကာ ဆက်ဆံရေးသစ်များ တည်ဆောက်ကြမည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသော အစည်းအဝေးသည် ပြီးခဲ့သောနှစ်က မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေး၌ အာရှနှင့် ဥရောပကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်မှုကို မြှင့်တင်ရန် ဆုံးဖြတ်ခဲ့ကြသည့် ၅၁ နိုင်ငံမှ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းနှစ်ခုမှ ခေါင်းဆောင်များကို အပ်နှင်းထားသည့် တာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်မည့် မိမိတို့၏ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခြင်း ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် မျက်နှာစုံညီအစည်းအဝေးနှစ်ခု ပါဝင်မည်ဖြစ်ပါကြောင်း၊ ပထမမျက်နှာစုံညီအစည်းအဝေးသည် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ကြရန်ဟူသော ခေါင်းစဉ်အောက်တွင် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် အလေးထားဆွေးနွေးမည်ဖြစ်ပါကြောင်း။

ဒုတိယမျက်နှာစုံညီအစည်းအဝေးတွင် အေဆမ်ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုထိရောက် ချိတ်ဆက်မိအောင် လုပ်ဆောင်ရေးဟူသည့်အချက်ကို အလေးထား ဆွေးနွေးမည်ဖြစ်ပြီး တတိယမြောက်ဆယ်စုနှစ်အတွက် အေဆမ်၏ စွမ်းဆောင်ရည်နှင့် ချိတ်ဆက်မှုကို မြှင့်တင်နိုင်မည့်နည်းလမ်းများ ရှာဖွေရေး ဖြစ်ပါကြောင်း။

အေဆမ်၏ ယန္တရားသည် အမြင်နှင့်မူဝါဒများ ဖလှယ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် နည်းလမ်းများရှာဖွေမည့် အာရှနှင့် ဥရောပရှိ မူဝါဒရေးဆွဲသူများအတွက် အထူးအခွင့်အလမ်းတစ်ရပ်ကို ဖော်ဆောင်ပေးပါကြောင်း။

အေဆမ်၏မူဝါဒများနှင့်အညီ မိမိတို့အနေဖြင့် မနက်ဖြန်တွင် သီးသန့်ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးပွဲတွင် နိုင်ငံတကာနှင့် ဒေသတွင်းအရေးကိစ္စများနှင့်ပတ်သက်ပြီး အလွတ်သဘော ဆွေးနွေးမှုကို လွတ်လပ်စွာ ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အာရှနှင့်ဥရောပဒေသရှိ ငြိမ်းချမ်းမှုမြှင့်တင်ရေးနှင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးအပေါ် အဓိကဆွေးနွေးကြရန် မိမိတိုက်တွန်းလိုပါကြောင်း။

လူငယ်များသည် မိမိတို့လုပ်ဆောင်ချက်၏ အကျိုးဆက်များကို အမွေဆက်ခံရမည်ဖြစ်ရာ မိမိတို့အေဆမ်ယန္တရားရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အားလုံးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးနှင့် မနက်ဖြန်ကျင်းပမည့် အစည်းအဝေးသည် အေဆမ်ပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်သုံးရပ်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု မြှင့်တင်ရေးအတွက်သာမက ရရှိပြီးသားအောင်မြင်မှုကိုပြသရန် မိမိတို့အားလုံးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံနိုင်ငံများဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ဖိလစ်ပိုင်နိုင်ငံမှ H.E. Jose Luis G. Montales က ဖိလစ်ပိုင်နိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက် အစီအစဉ်တွင် ပါရှိသည့် ဦးစားပေးအစီအစဉ်များအတိုင်း ငြိမ်းချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုထားပါကြောင်း၊ ASEM ၏ သဘောသဘာဝမှာ ၎င်း၏ကြီးမားသော ခွန်အားဖြစ်ပြီး ယင်းက အဖွဲ့ဝင် နိုင်ငံများ၏ ခေါင်းဆောင်များ၊ ပေါ်လစီချမှတ်သူများ၊ ကျွမ်းကျင်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအကြားတွင် လွတ်လပ်ပွင့်လင်းပြီး ရိုးသားသော ဆက်ဆံရေးကို ဖြစ်ထွန်းစေပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ASEM ၏ ဒေါက်တိုင် သုံးရပ်ကို မျှတစေရန် ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့မြောက်နှင့် တောင်အာရှဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး ပါကစ္စတန်နိုင်ငံမှ H.E. Mr. IMTIAZ AHMAD က ယခုအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံအားလုံးနှင့်သက်ဆိုင်သော ကိစ္စတစ်ရပ်မှာ အကြမ်းဖက်မှုပင် ဖြစ်သောကြောင့် ပါကစ္စတန်သည် အကြမ်းဖက်မှု ပြဿနာနှင့် ရင်ဆိုင်နေရပြီး စစ်သည်များ၊ ဥပဒေကြပ်မတ်ရေးအဖွဲ့ဝင်များ များစွာ တိုင်းပြည်အတွက် အသက်ပေးခဲ့ရပါကြောင်း၊ ထို့အတူ ရာသီဥတုပြောင်းလဲမှုများ၊ ပဋိပက္ခများသည် တိုင်းပြည်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲများ ဖြစ်လာပါကြောင်း၊ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ ဖော်ဆောင်ရာတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မှာပါ ပိုမိုတိုးတက်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဥရောပကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini က ကမ္ဘာ့ပြဿနာများဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်မှု လိုအပ်နေသော ယခုလိုအပြောင်းအလဲနှင့် အခက်အခဲများ ကြုံတွေ့နေရသည့် ခေတ်ကာလတွင် ASEM ၏ အခန်းကဏ္ဍသည် ပိုပြီးအရေးကြီးလာပါကြောင်း၊ အာရှတိုက်တွင် စီးပွားရေး ကြီးစွာဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာများစွာ ရှိပါကြောင်း၊ အာရှတိုက်ကို အကျိုးဖြစ်ထွန်းစေမည့် ဥရောပ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်နိုင်မည့် နယ်ပယ်များစွာရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဥရောပဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးမှူး အက်စ်တိုးနီးယားနိုင်ငံမှ H.E.Mr.Sven Mikser က လွတ်လပ်ပျော့ပျောင်းပြီး ပွင့်လင်းသည့်ဆွေးနွေးခြင်းများရှိသော ဥရောပနှင့် အာရှဆွေးနွေးပွဲသည် အစားမထိုးနိုင်သော ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဘုံသဘောတူညီချက်ရရန် ခက်ခဲသော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပိုမိုကူးလူးဆက်ဆံခြင်းဖြစ်စေရန် ဆုံးဖြတ်ချက်ချထားပါကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သော်လည်း ယနေ့တွင် ထိုနည်းတူ အရေးကြီးပြီး အခက်အခဲ များစွာရှိနေသော ကိစ္စရပ်အသစ်များကို ပိုမိုအာရုံစိုက်သင့်ပါကြောင်း၊ ဥပမာအချို့မှာ ကိုရီးယားကျွန်းဆွယ်ပြဿနာ၊ ကမ္ဘာတစ်ဝန်းတွင် လူများ အစုလိုက် အပြုံလိုက် ပြောင်းရွှေ့နေမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များပင် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာရှ - ဥရောပဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု မြန်မာနိုင်ငံမှ မယေ့တိုင်ဆိမ်းက အေဆမ်တွင် လူငယ်များတက်ကြွစွာ ပါဝင်ခြင်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ အေဆမ်၏ အနာဂတ်လမ်းကြောင်းအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ရည်မှန်းချက်နှင့် လူငယ်များ၏ အမြင်သဘောထားများကို မျှဝေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ မျှဝေခြင်းသည် လူငယ်အချင်းချင်းအကြား၊ ယဉ်ကျေးမှုအချင်းအချင်းအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်နှင့် နိုင်ငံရေးဆိုင်ရာ အေဆမ်လုပ်ငန်းစဉ်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းအကြား မိတ်ဖက်ပူးပေါင်းဖန်တီးမှုများကို လွှမ်းခြုံနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ အာရှ - ဥရောပ ဖောင်ဒေးရှင်းမှ လူငယ်ကိုယ်စားပြု စပိန်နိုင်ငံမှ Mr.Javier Baez က အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုံးဖြတ်ချက် ချမှတ်သူများ (Decision -Makers)နှင့် ပြည်သူအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုသည် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အဓိကအရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ လူငယ်များကိုယ်စား မိမိတို့ ဤနေရာသို့ ရောက်ရှိနေခြင်းမှာ လူငယ်များ၏ သဘောထားအမြင်များဖြင့် အာရှ-ဥရောပ၏ အနာဂတ်ကို ပုံဖော်နိုင်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၁၃)ကြိမ်မြောက် အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပထမနေ့အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် UNODC တို့ ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးခြင်း၊ ထောက်လှမ်းခြင်း၊ တရားစွဲတင်ခြင်းနှင့် တရားရုံးအမှု လိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာတို့တွင် စွမ်းဆောင်ရည်မြှင့်မားရေးအတွက် UNODC ၏ နည်းပညာ အကူအညီပံ့ပိုးမှုဖြင့် Financial Investigation and Investigative Interviewing သင်တန်းတို့ကို ယနေ့ နံနက် ၈ နာရီခွဲက Royal Nay Pyi Taw ၌ ကျင်းပသည်။

သင်တန်းသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ သင်တန်းသား ၃၄ ဦး တက်ရောက်ပြီး သင်တန်းကို နိုဝင်ဘာ ၃၀ ရက်ထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

အဆိုပါသင်တန်းကို UNODC မှ နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က ဦးဆောင်လေ့ကျင့်ဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းများ မဖွင့်လှစ်မီ ဝန်ထမ်းအဆင့်အလိုက် အရည်အသွေးနှင့် ကျွမ်းကျင်မှုအရ သင်တန်းလိုအပ်ချက် အကဲဖြတ် ဆောင်ရွက်ခြင်းများ ဦးစွာဆောင်ရွက်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် Senator Jeff Merkley ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**စစ်တွေ နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့အား အမေရိကန်နိုင်ငံ အထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် Senator Jeff Merkley ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel တို့အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမေရိကန်နိုင်ငံအထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် Senator Jeff Merkley က ရခိုင်ပြည်နယ်အတွင်း မြေပြင်တွင် ဖြစ်ပျက်နေသော အခြေအနေများကို အမေရိကန်ပြည်ထောင်စုက မည်သည့်နေရာမှ ပါဝင်ကူညီပေးရမည်ကို သိလိုသည့်အတွက်ကြောင့် လာရောက်ရခြင်းဖြစ်ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က မြေပြင်ဖြစ်ရပ်မှန်များကို ပြောကြားပေးစေလိုကြောင်း ပြောသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အခြေအနေများကို နိုင်ငံတကာကလည်း စိတ်ဝင်စားမှုရှိပြီး စေတနာထားကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြသည်ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရတာဝန်ယူချိန်မှစတင်ပြီး ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍနှစ်ခုကို တစ်ပြိုင်တည်းဆောင်ရွက်နေသလို လုံခြုံရေးကိစ္စများကိုလည်း ဦးစားပေးဆောင်ရွက်နေကြောင်း၊ ထို့အပြင် နှစ်ဖက်အဖွဲ့အစည်းများ၏ ယုံကြည်မှု၊ နားလည်မှု နည်းပါးခြင်းများကို တတ်နိုင်သလောက်နည်းပါးပြီး ငြိမ်းချမ်းအောင် ရေရှည်လက်တွဲနေနိုင်အောင် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း။

ဤလုပ်ငန်းများကိုလည်း ပြည်နယ်အစိုးရအဖွဲ့ တစ်ခုတည်းဖြင့် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဦးဆောင်ပြီး နိုင်ငံတော်အစိုးရက ဦးဆောင်ပံ့ပိုးဆောင်ရွက်ခဲ့ပါကြောင်း၊ မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်ကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းကာ ရခိုင်ပြည်နယ်ကိစ္စများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေစဉ် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပါကြောင်း၊ ပဋိပက္ခများဖြစ်ပွားစဉ်တွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်ပြီး ဖြစ်စဉ်များအား အမြန်ဆုံး ထိန်းသိမ်းတုံ့ပြန်တည်ဆောက်နိုင်ရန် လုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာသတင်းမီဒီယာများက လွဲမှားစွာ သတင်းထုတ်ပြန်မှုများကိုလည်း နိုင်ငံတော်အကြီးအကဲများက များစွာစိတ်မကောင်းဖြစ်ပြီး ဖြေရှင်းဆောင်ရွက်ခဲ့ရပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် မိမိတို့အနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်နေပါကြောင်း။

ထိုလုပ်ငန်းများနှင့်ပတ်သက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး UEHRD ကော်မတီကိုဖွဲ့စည်းကာ ယခုအချိန်ထိ အောင်မြင်အောင် ဆောင်ရွက်နေပါကြောင်း၊ ယခုလို ဆောင်ရွက်ရာတွင်လည်း မိမိတို့ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုအကောင်အထည်ဖော်မှုက အဓိကကျပါကြောင်း ပြောကြားသည်။

ထို့နောက် အမေရိကန်နိုင်ငံ အထက်လွှတ်တော် ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များက ကျန်းမာရေး၊ ပညာရေး၊ လွတ်လပ်စွာ သွားလာရေးနှင့် NVC ထုတ်ပေးနေမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံအထက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် Senator Jeff Merkley ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း ရခိုင်အမျိုးသားပါတီမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဝံလက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလမ်ဘာသာဝင် ရပ်မိရပ်ဖများ၊ အစ္စလမ်ဘာသာဝင် အမျိုးသမီးများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**



## စစ်တွေမြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၀**

(၂၈) ကြိမ်မြောက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UN,INGOs များမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက လူသားတိုင်းသည် တူညီသော အခွင့်အရေးများကို အပြည့်အဝ ခံစားရမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ ယုံကြည်ကြရာတွင် ကလေးသူငယ်များသည်လည်း လူသားများဖြစ်သည့် အားလျော်စွာ အခြားသူများနှင့် တန်းတူအခွင့်အရေး ရရှိသင့်သည်ဟု နားလည်အသိအမှတ်ပြုမှုဖြင့် ကလေးသူငယ်များကိုလည်း ယင်းတို့အတွက် သီးခြားအခွင့်အရေးများကို အာမခံချက်ပေးသည့်အနေဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီးက ၁၉၂၄ ခုနှစ်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ပထမကြေညာစာတမ်း (1st Declaration of Child Rights) နှင့် ၁၉၅၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဒုတိယကြေညာစာတမ်း (2nd Declaration of Child Rights) တို့ကို ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးသူငယ်များ အကျိုးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ ကြေညာစာတမ်းများ ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကလေးများအတွက် ဆောင်ရွက်မှုကို ပိုမိုထိရောက်မှုရှိစေရန် ၁၉၇၉ ခုနှစ် ကမ္ဘာ့ကလေးများနှစ်တွင် (International Instrument ) တစ်ခုအဖြစ် ဆောင်ရွက်ရန် အဆိုပြုခဲ့ကြပြီး အဆိုပြုချက်အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်မူကြမ်းကို ရေးဆွဲခဲ့ရာ ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် (၄၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အဖြစ် အတည်ပြုခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်တွေ ကလေးပြုစုရေးဌာန သားငယ် သမီးငယ်များက "ဒို့ချစ်တဲ့ ကမ္ဘာ" သီချင်းဖြင့်လည်းကောင်း၊ စစ်တွေ မူလတန်းကြိုကျောင်း သမီးငယ်များက "မိဘ၊ ဆရာ ရှိသေပါ" သီချင်းဖြင့်လည်းကောင်း၊ ရွှေရည်ဦး မူလတန်းကြိုကျောင်း သားငယ် သမီးငယ်များက "ဆရာကျေးဇူး" သီချင်းဖြင့်လည်းကောင်း၊ စိန်အဲန့် မူလတန်းကြိုကျောင်းမှ သားငယ် သမီးငယ်များက "ငြိမ်းချမ်းပါစေ မြန်မာပြည်" သီချင်းဖြင့်လည်းကောင်း၊ စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် ကလေးသူငယ်များက "ငြိမ်းချမ်းသော ကမ္ဘာမြေဆီသို့" တစ်ခန်းရပ်ပြဇာတ်ဖြင့် လည်းကောင်း ပါဝင်ဖျော်ဖြေကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ UN,INGOs များမှ ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## အစ္စလမ်ဘာသာဝင်များနေထိုင်သည့် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာ၌ အထွေထွေရောဂါများကုသပေးခြင်းနှင့် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံပေး

**မောင်တော နိုဝင်ဘာ ၂၀**

မောင်တောမြို့နယ် ကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ရွှေ့လျားဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက အစ္စလမ်ဘာသာဝင်များနေထိုင်သည့် ပန်းတောပြင်ကျေးရွာသို့ သွားရောက်ပြီး အထွေထွေရောဂါများ ကုသပေးခြင်းနှင့် အသက် (၉) လမှ (၁၅) နှစ်အောက် ကလေးငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပန်းတောပြင်ကျေးရွာသို့ လာရောက်ဆေးကုသရခြင်းနှင့်စပ်လျဉ်း၍ ရွှေ့လျားဆေးအဖွဲ့ ခေါင်းဆောင် မောင်တောမြို့နယ် ဆရာဝန်ကြီး ကျော်မောင်မောင်သိန်းက "ပန်းတောပြင်ကျေးရွာမှာ အထူးကုဆရာဝန်ကြီးတွေပါတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ရွှေ့လျားဆေးကုသပေးနေတာပါ။ လာပြတဲ့ သူတွေထဲမှာ အခုချိန်ထိတော့ ကူးစက်ရောဂါမတွေ့ရဘူး။ ချောင်းဆိုး၊ အစာအိမ်ရောဂါဖြစ်လို့ လာပြတာပဲတွေ့ရတယ်။ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးဖို့အတွက်ကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကနေ ဆေးလာထိုးဖို့ အသိပညာပေးလှုံ့ဆော်ခဲ့ရတယ်"ဟု ပြောသည်။

ယနေ့ ပန်းတောပြင်ကျေးရွာ၌ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ကလေး ၂၀၀ ကျော်ခန့် ထိုးနှံပေးနိုင်ခဲ့ပြီး အထွေထွေရောဂါကုသခြင်းတွင် လူနာပေါင်း ၁၇၀ ကျော်ခန့်ကို ကုသပေးခဲ့ကြောင်း မောင်တောမြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

"ဒီမှာ အများစုက ဆင်းရဲကြတော့ အခုလို ကျန်းမာရေးဌာနက ဆေးလာကုပေးတဲ့အတွက် ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် အဆင်ပြေသွားတယ်၊ ကျန်းမာရေးဌာနက မကြာခဏလာပြီး ဆေးကုပေးပါတယ်၊ ဒီကြားထဲ တစ်ခုခုဖြစ်ရင်တော့ မောင်တောဆေးရုံကြီးကို သွားပြရတယ်၊ ဒီနေ့ ကလေးတွေကိုလည်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးတယ်၊ ကလေးတော်တော်များများ လာထိုးကြပါတယ်"ဟု ပန်းတောပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး အစ္စလမ်ဘာသာဝင် ဦးအဏ္ဏဝါက ပြောသည်။

မောင်တောမြို့နယ် ကျန်းမာရေးဌာနမှ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဒေသအတွင်း ဝေးလံခေါင်ဖျားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများသို့ သွားရောက်ကာ တစ်လလျှင် နှစ်ကြိမ်ခန့် ရွှေ့လျားဆေးအဖွဲ့က ဆေးကုသပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် နိုဝင်ဘာ ၁၅ ရက်မှ စတင်ကာ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၀ ကျော်မှ အသက် (၉) လ မှ (၁၅) နှစ်အောက် ကလေးငယ်များအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ-နေလင်း**



# ရခိုင်ပြည်နယ်သတင်း

## ဘူးသီးတောင်ဒေသတွင် နယ်မြေအေးချမ်းမှုရှိသော ကျေးလက်များ၌ ရွေ့လျားဆေးကုသမှုများ အဆက်မပြတ်လုပ်ဆောင်ပေးမည်

**မောင်တော နိုဝင်ဘာ ၂၀**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် နယ်မြေအေးချမ်းလုံခြုံမှုအခြေအနေတစ်ရပ်ကြောင့် တစ်နှစ်ကျော်ကြာ ရပ်နားထားခဲ့သော ကျေးလက်ဒေသ ရွေ့လျားဆေးကုသမှုလုပ်ငန်းများကို ယခုအခါ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေအေးချမ်းလုံခြုံမှုပေါ် မူတည်၍ အဆက်မပြတ်လုပ်ဆောင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"အခု ကျွန်တော်တို့အဖွဲ့ လာရောက်ကုသပေးတဲ့ စိုင်းဒင်ကျေးရွာက တောင်ခြေရင်းမှာရှိတဲ့ ကျေးရွာလည်းဖြစ်ပါတယ်၊ ဒီဒေသမှာက တိုင်းရင်းသားတွေဖြစ်တဲ့ သက်၊ မြို၊ ခမီနဲ့ ဒိုင်းနက် လူမျိုးစုတွေ အများစုနေထိုင်ပြီး ကျန်းမာရေးအသိပညာ နည်းတဲ့ဒေသလို့ ပြောလို့ရပါတယ်၊ ကျန်းမာရေးတစ်ခုခုဖြစ်ရင် ဆေးရုံတက်ရောက် ကုသဖို့ ပြောရတဲ့ ဆေးတက်ရောက်ကုသမှုခံယူဖို့ အသိမရှိဘဲ သူတို့ ရိုးရာဓလေ့အတိုင်း ကုသနေကြတဲ့ ဒေသဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်းမာရေးဦးစီးဌာနအနေနဲ့ အခုလို ကျန်းမာရေးအသိပညာတွေပေးရင်း တခြားကျန်းမာရေး ကဏ္ဍတွေကိုပါ လာရောက်ကုသစောင့်ရှောက်ပေးတာဖြစ်ပါတယ်၊ ဘူးသီးတောင်မြို့နယ်အတွင်းမှာ ရွေ့လျားဆေးခန်းအနေနဲ့ ပြီးခဲ့တဲ့နှစ် ဖြစ်စဉ်မတိုင်ခင်က စီမံချက်လုပ်ဆောင်ခဲ့ပါတယ်၊ တစ်နှစ်ကျော်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ ကျေးလက်ဒေသတွေနဲ့ လုံခြုံရေးကောင်းမွန်တဲ့ ဒေသတွေကို အခုလိုအခါအားလျော်စွာ ရွေ့လျားဆေးခန်းလေးတွေ ဖွင့်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးဖို့ စီစဉ်နေပါတယ်၊ ဒီခရီးစဉ်မှာဆို ဆေးကုသမှုခံယူမယ့်သူ ဒီလောက်များမယ်လို့ မထင်ပါဘူး၊ အနီးဝန်းကျင်က ရွာတော်တော်များများ လာရောက်ကုသပေးကြတယ်၊ ဘူးသီးတောင်ကိုလည်း သွားလာရေးကအစ ကုန်ကျစရိတ်ခံစရာမလို လာရောက်ကုသဖို့ လမ်းညွှန်ပေးနိုင်ခဲ့ပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။



စိုင်းဒင်ပြိုင်းချောင်းကျေးရွာ၌ ရွေ့လျားဆေးခန်းအဖွဲ့ ဒေသခံပြည်သူများအား ဆေးကုသမှုပေးနေစဉ်။

ဘူးသီးတောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် သွားရောက်ဆေးကုသပေးသော ရွေ့လျားဆေးခန်းမှာ ဘူးသီးတောင်မြို့နယ် စိုင်းဒင်ပြိုင်းချောင်းကျေးရွာဖြစ်ပြီး ဝန်းကျင်ကျေးရွာများမှ ကျေးလက်နေပြည်သူများလည်း လာရောက်ကုသမှုခံယူခဲ့ကြသည်။ ယင်းရွေ့လျားကျန်းမာရေးဆေးခန်းသို့ ဝန်းကျင်ကျေးရွာများမှ လာရောက်ဆေးကုသမှုခံယူသော ကျန်းမာရေးလူနာများမှာ ခွဲစိတ်လူနာ ၁၁ ဦး၊ အရိုးလူနာ တစ်ဦး၊ သွားနှင့်ခံတွင်းလူနာ သုံးဦးနှင့် အထွေထွေရောဂါဆေးကုသမှုခံယူသူ ၁၇၃ ဦး စုစုပေါင်းလူနာ ၁၈၈ ဦး ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ အဆိုပါ စိုင်းဒင်ကျေးရွာသည် စိုင်းဒင်ချောင်းဘေးတွင် တည်ရှိပြီး ဒေသခံအများစုမှာ ရခိုင်တိုင်းရင်းသားအများစု နေထိုင်ကြသည်။ ကျေးရွာတွင် ယခင်က ငှက်ဖျားရောဂါဖြစ်ပွားသူ အဆမတန်များပြားခဲ့ပြီး ကျန်းမာရေးဦးစီးဌာန၏ ငှက်ဖျားရောဂါတိုက်ဖျက်ရေးတွင် ဆေးကုသမှုအပါအဝင် ဆေးခြင်ထောင်ဝေငှမှုမှအစ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့မှုကြောင့် ယခုအခါ ငှက်ဖျားရောဂါမှာ ရာနှုန်းပြည့်နီးပါး ကျဆင်းခဲ့ပြီး ဖြစ်သည်။

ယင်းရွေ့လျားဆေးခန်းအား လာရောက်ဆေးကုသမှုခံယူသူ မြိုတိုင်းရင်းသား ဦးတိုးအောင်က "ကျွန်တော်ကျန်းမာရေးမကောင်းလို့ ဒီဆေးခန်းလာမယ်ကြားပြီး တကူးတက သလိုပြားကျေးရွာကလာရောက်ပြီး ဆေးကုသမှုခံယူတာပါ၊ ကျွန်တော်တို့ ကျေးရွာကနေ ဒီကို နှစ်နာရီကျော်လောက် လှေနဲ့လာရပါတယ်၊ ကျွန်တော့်မှာ နှလုံးရောဂါနဲ့ ငှက်ဖျားရောဂါရှိပါတယ်၊ ဒီ ဘူးသီးတောင် ရွေ့လျားဆေးခန်းအဖွဲ့က စားဆေးနှစ်မျိုးစလုံး ပေးလိုက်ပြီးတော့ ဆေးလည်းထိုးပေးပါတယ်၊ ရွာဘက်မှာက ဆေးခန်းမရှိတော့ ကျန်းမာရေးတစ်ခုခုဖြစ်ရင် ဘူးသီးတောင်မြို့ပေါ်ကိုပဲ သွားရောက်ကုသရပါတယ်။ ခုဆို နှလုံးရောဂါဖြစ်တာ နှစ်နှစ်ရှိပါပြီ၊ ဆေးပဲသောက်နေရတယ်၊ ကျွန်တော်တို့ကျေးရွာမှာ မဟုတ်တောင် အနီးဝန်းကျင်မှာ ဆေးခန်းလေးတစ်ခုလောက် ရှိမယ်ဆိုရင် ဒီဒေသပြည်သူတွေအတွက် အဆင်ပြေမှာပါ"ဟု ပြောသည်။

ဘူးသီးတောင် ရွေ့လျားဆေးခန်းအဖွဲ့သည် ၂၀၁၆ ခုနှစ် အောက်တိုဘာလမတိုင်မီတွင် ကျေးရွာများသို့ ရွေ့လျားဆေးကုသမှုကို အဆက်မပြတ် လုပ်ဆောင်နိုင်ခဲ့သော်လည်း အခင်းဖြစ်ပြီးနောက်ပိုင်း လမ်းပိုင်းဆိုင်ရာနဲ့ ဒေသလုံခြုံမှုအခက်အခဲများကြောင့် ကာလတစ်ခုအထိ ရပ်နားထားခဲ့ရပြီး ယခုတွင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျေးရွာများသို့ ပြန်လည်ကွင်းဆင်းဆောင်ရွက်တော့မည်ဖြစ်သည်။ စိုင်းဒင်ကျေးရွာသို့ သွားရောက်ကုသမှုပေးသော ရွေ့လျားဆေးပေးခန်းအဖွဲ့တွင် ခွဲစိတ်အထူးကုဆရာဝန်၊ အရိုးအထူးကုဆရာဝန်၊ အထွေထွေရောဂါအထူးကုဆရာဝန်၊ သွားနှင့်ခံတွင်းရောဂါအထူးကုဆရာဝန်၊ သားဖွားမီးယပ်အထူးကုဆရာဝန်၊ သူနာပြုနှင့် သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၁၅ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

**သတင်းအဖွဲ့**
**ဓာတ်ပုံ- မင်းထက်**

## ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဗောဓိကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကန်သာယာ(တိုင်းရင်းသား) ကျေးရွာနှင့် မကျည်းကုန်း(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားလေးကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာ၊ ရန်အောင်မြင်(တိုင်းရင်းသား) ကျေးရွာနှင့် မင်္ဂလာညွန့်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရောနှော)နှင့် မြို့သစ်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားနှစ်ကောင်၊ ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခုနစ်ကောင်ကို ကာကွယ်ကုသပေးခြင်း၊ ဆိတ်ခုနစ်ကောင်တို့ကို ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၉၁ ကောင်တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် အကောင် ၆၅၀ တို့ကို ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။



မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့က စခန်း ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဗောဓိကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကန်သာယာ (တိုင်းရင်းသား) ကျေးရွာ၊ မကျည်းကုန်း(တိုင်းရင်းသား) ကျေးရွာ၊ ကြိမ်ချောင်း(ရောနှော) ကျေးရွာ၊ ရန်အောင်မြင်(တိုင်းရင်းသား) ကျေးရွာ၊ မင်္ဂလာညွန့် (တိုင်းရင်းသား) ကျေးရွာ၊ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာ၊ ငါးခူရ (ရောနှော)နှင့် မြို့သစ်(တိုင်းရင်းသား) ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ မတွေ့ရှိကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင် ကျေးရွာများတွင် တွေ့ရှိသော ပိုင်ရှင်ရှိ နွား၊ ဆိတ်များကို ဆေးကုသ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ စုစုပေါင်း ဧက ၂၁၀၇ ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ စုစုပေါင်း ၁၆၄ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့ စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၁၅၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

မင်းပြားမြို့နယ် အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၇၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၆၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၈၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြူချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပနိုင်ရေး ဩဝါဒခံယူပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်တွင် ကျင်းပမည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၈၀၀၀ ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သံဃာ့ဦးသျှောင် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel ၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်အပါး ၂၂၈ ပါး ပင့်ဖိတ်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူ များက ဩဝါဒခံယူခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘန္ဒန္တဂုဏောသန ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များနာယူခြင်းနှင့် ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဇေယျာလူမှု ထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေးစေတမန်ဆုရ ဒေါက်တာဘဒ္ဒန္တကုဒ္ဒိဗလက ဂိုဏ်းပေါင်းစုံ သံဃာတော်အပါး ၁၈၀၀၀ ဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါပွဲကြီး အောင်မြင်အထမြောက် ပြီးမြောက်စေရန်အတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံ အတွင်းမှာရှိသည့် ထေရဝါဒဗုဒ္ဓသာသနာ၏ ဂိုဏ်းပေါင်းစုံဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒကို ခံယူခြင်းဖြစ်ပါကြောင်း၊ သံဃာတော်အပါး ၁၈၀၀၀ ဖြင့် ဆောင်ရွက်ရန်ဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်း မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို အထင်အရှား သမိုင်းစိုက်ထူနိုင်မည့် ပွဲကြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ ဆရာတော်၊ သံဃာတော်များ ရွှေတိဂုံစေတီတော်ကြီး၏ မုခ်ဦးလေးဘက်မှ ကြွရောက်နိုင်ရန် စုစည်းဖိတ်ကြားဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ ဆောင်ရွက်မှုအဆင့်ဆင့်ကို ဆောင်ရွက်နိုင်ရန်အတွက်လည်း ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်ထားပါကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကြီးကို တစ်ကမ္ဘာလုံးက ကြည့်ရှု၍ ကြည်ညိုသဒ္ဓါပွားနေမည်ဖြစ်သည့်အတွက် လိုအပ်သော ပြုပြင်မွမ်းမံမှုများကိုလည်း ဒီဇင်ဘာ ၂၀ ရက်တွင် စနစ်တကျ ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ထေရဝါဒဗုဒ္ဓသာသနာအဓွန့်ရှည်တည်တံ့ပြီး ကမ္ဘာတစ်ဝန်းတွင် နေရောင်လရောင်သဖွယ် လွှမ်းခြုံရန်အတွက် စိတ်စေတနာကိုအခြေပြုပြီး ဤပွဲကြီး အောင်မြင်အထမြောက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတေဇနိယဆရာတော်များထံမှ ဩဝါဒခံယူခြင်းနှင့် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ရေစက်ချတရားတော်နာယူ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲကြီးကို ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်တွင် သံဃာအပါး ၁၈၀၀၀ ဖြင့် လာမည့် ဇန်နဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ နေရာအခက်အခဲများရှိသောကြောင့် လူအများကြည်ညိုသဒ္ဓါပွားများနိုင်ရန်နှင့် သတင်းမီဒီယာသမားများ သတင်းရယူနိုင်ရန်အတွက် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ ပြည်သူ့ရင်ပြင်အတွင်း၌ စီစဉ်ထားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

**အေးမင်းသူ**



# (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းဆေးပညာရှင်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေး ပထမနေ့ကို ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပရာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာကုထုံးများနှင့် ဆေးဖက်ဝင်ပစ္စည်းများကို ပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များအကြောင်းနှင့် နာဂိုယာပရိုတိုကောဟုခေါ်သည့် အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သာတူညီမျှ ခွဲဝေခံစားနိုင်ရေး၊ ရိုးရာတိုင်းရင်းဆေး ပညာရှင်များ သုတေသနပြုဆောင်ရွက်ရာတွင် သိရှိရမည့် လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်ဆိုင်ရာများ၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများတွင် တိုင်းရင်းဆေးကဏ္ဍအနေဖြင့် ရိုးရာတိုင်းရင်းဆေးပညာရှင်များ၊ ကုထုံးများနှင့် အသုံးပြုသောဆေးပင်များကို မှတ်တမ်းများဖြင့် ထားရှိရန်၊ တရုတ်အစိုးရ၏ သုတေသနအထောက်အပံ့ ရန်ပုံငွေဖြင့် မဟာမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက အစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင်ဒေသတွင်းနိုင်ငံများမှ ရိုးရာတိုင်းရင်းဆေးပညာရှင် ကိုယ်စားလှယ်များအား ကရဝိက်နန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရိုးရာတိုင်းရင်းဆေးပညာရှင်ကိုယ်စားလှယ်များက ရိုးရာတိုင်းရင်းဆေး ကုထုံးများကို လက်တွေ့ပြသသွားမည်ဖြစ်သည်။

မဲခေါင်ဒေသတွင်းနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ပြသသွားမည် ဖြစ်သည်။

မဲခေါင်ဒေသဆိုင်ရာ နိုင်ငံများ၏ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရိုးရာကုထုံး ပြသပွဲကို ၂၀၀၇ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် နှစ်နှစ်လျှင်တစ်ကြိမ် တစ်လှည့်စီ ကျင်းပခဲ့ပြီး (၈)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကာ မဲခေါင်ဒေသနိုင်ငံများမှ တိုင်းရင်းဆေးဆရာများ၊ ရိုးရာတိုင်းရင်းဆေးကု ပညာရှင်များနှင့် သုတေသီများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်က ကုန်တင်ယာဉ်နှစ်စီးပေါ်တွင် တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့်ယာဉ်များအား စစ်ဆေးမှုများဆောင်ရွက်စဉ် Chang Long ယာဉ် နှစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် မိုးကာဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေါင်းရှေ့သစ် ၁၇၄ တုံး (၂၆ ဒသမ ၉၀၈၁ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀ ဒသမ ၇၀၅ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆ ဒသမ ၆၀၅ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၃၁ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀ ဒသမ ၅၃၆ သန်းခန့်)သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၁ စီး၊ သွင်းကုန် ၉၉၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**ဝဝ၁**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ကျီစုအရှေ့ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ နိုဝင်ဘာ ၁၉ ရက်က သရက်ပင်ချောင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းကို သက်ငယ်မုဒိမ်းမှုခင်းကျဆင်းရေး ဟောပြောစဉ်။ **ကြေးမုံ**

# ကန်ကြီးထောင့်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**ပုသိမ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကျေးရွာ ကွင်းအမှတ် (၁၅၃ စီ) ဦးပိုင်အမှတ် (၃၀/၅)တောင်သူ ဦးမောင်ထွန်း၏ ပေါ်ဆန်းရင်စိုက်ခင်း သုည ဒသမ ၅၁ ဧကနှင့် ဦးပိုင်အမှတ် (၂၉/၅) တောင်သူဒေါ်စန်းစန်းမြင့်၏ ဧရာမင်း စိုက်ခင်း ၁ ဒသမ ၁၅ ဧကကို နိုဝင်ဘာ ၁၉ ရက်က စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှူး ဦးတင်အောင်၊ ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်အောင်ဝင်းနှင့် ကန်ကြီးထောင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ တောင်သူလယ်သမားများစုံညီစွာ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာ ပေါ်ဆန်းရင်တစ်ဧကလျှင် ၅၆ ဒသမ ၅၃ တင်းနှင့် ဧရာမင်းတစ်ဧကလျှင် ၆၆ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# သမ္မတရာထူးကို ရောဘတ်မူဂါဘီ မစွန့်သေး၍ ပါလီမန်၌ စွပ်စွဲပြစ်တင်နိုင်ရေး အာဏာရပါတီ ဆွေးနွေး

**ဟာရာရေး နိုဝင်ဘာ ၂၀**

ဇင်ဘာဘွေနိုင်ငံရှိ အာဏာရ ဇနူးပီအက်ဖ်ပါတီသည် သမ္မတ မူဂါဘီအား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ပါလီမန်၌ စွပ်စွဲပြစ်တင်မှု ပြုလုပ်ရေးကိစ္စကို နိုဝင်ဘာ ၂၀ ရက်တွင် ဆွေးနွေးခဲ့ကြောင်း၊ မူဂါဘီရာထူးမှ နုတ်ထွက်ပေးရန် အချိန်ဇယား သတ်မှတ်ထားမှုကုန်ဆုံးခဲ့ပြီးနောက် ယင်းသို့ ဆွေးနွေးခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီသည် နိုဝင်ဘာ ၁၉ရက်က နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့ရာတွင် သမ္မတရာထူးမှ နုတ်ထွက်ပေးမည်ဟု တစ်လုံးတစ်ပါဒမျှ ထုတ်ဖော်ပြောကြားခြင်း မရှိသဖြင့် ပြည်သူတို့မှာ အလွန်အမင်း အံ့အားသင့်မှုဖြစ်ကြရကြောင်း၊ အာဏာရ ဇနူးပီအက်ဖ်ပါတီသည် မူဂါဘီ မိန့်ခွန်းမပြောကြားမီ နာရီပေါင်းအတန်ကြာမျှ အလိုတွင် ပါတီခေါင်းဆောင်အဖြစ်မှ ၎င်းအား ဖယ်ရှားလိုက်သည်ဟု ထုတ်ပြန်ကြေညာခဲ့မှုကို မူဂါဘီက ဆန့်ကျင်ဘက်ပြုနေဆဲဖြစ်ကြောင်း ပါတီတာဝန်ရှိသူများက ပြောကြားကြသည်။

သမ္မတမူဂါဘီကျဆုံးမှုအတွက် ဝမ်းသာအားရဖြစ်နေကြသူ သိန်းနှင့်ချီသောဆန္ဒပြသမားများ၏ လိုအင်ဆန္ဒကို ဖီလာတိုက်၍ ယခုအချိန်အထိ ၎င်းက ရာထူးမှ နုတ်ထွက်ပေးခြင်းမရှိသေးကြောင်း အစိုးရအဖွဲ့နှင့် ပါတီတာဝန်ရှိသူများက ပြောကြားကြသည်။

မူဂါဘီသည် နိုင်ငံတော် ဂေဟာရှိ ရုံးခန်းမှနေ၍ မိန့်ခွန်းပြောကြားခဲ့ရာတွင် ဇနူးပီအက်ဖ်ပါတီ၊ တပ်မတော်နှင့် ပြည်သူတို့၏ ဝေဖန် ပြောကြားနေမှုများကို အသိအမှတ်ပြု ပြောဆိုခဲ့သော်လည်း သမ္မတရာထူးမှ နုတ်ထွက်မည်ဟု တရားဝင် ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေသည် နိုင်ငံ့အကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲအဖြစ် မိမိ၏ အခွင့်အာဏာကို စိန်ခေါ်ခြင်းမဟုတ်ကြောင်း၊ လာမည့်လတွင် ကျင်းပရန် စီစဉ်ထားသော ပါတီညီလာခံတွင် သဘာပတိအဖြစ် မိမိဆောင်ရွက်သွားမည်ဖြစ်ကြောင်း မူဂါဘီက ပြောကြားသည်။



ရုပ်မြင်သံကြားမှတစ်ဆင့် နိုင်ငံတော်သို့ မိန့်ခွန်းမပြောကြားမီ ဗိုလ်ချုပ်ကြီးကွန်စတန်တီနိုအား သမ္မတမူဂါဘီ လက်ဆွဲနှုတ်ဆက်စဉ်။

အတိုက်အခံခေါင်းဆောင် မော်ဂန်ချန်ဂီရိုင်းသည် လူတိုင်းကို လှည့်ဖြားနေပြီး နိုင်ငံ မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေကြောင်း မူဂါဘီက ဝေဖန်ပြောကြားသည်။

အသက် (၉၃) နှစ်အရွယ်ရှိ မူဂါဘီသည် နိုင်ငံလွတ်လပ်ရေးရရှိချိန် ၁၉၈၀ ပြည့်နှစ်မှစ၍ ဇင်ဘာဘွေနိုင်ငံကို အုပ်ချုပ်လာခဲ့သူဖြစ်သည်။ နိုင်ငံ အကြီးအကဲအဖြစ်မှ ၂၄ နာရီအတွင်း မူဂါဘီ နုတ်ထွက်ပေးရန်၊ သို့မဟုတ်ပါက နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ပါလီမန်က ၎င်းကို ခုံရုံးဖွဲ့စစ်ဆေးမည်ဟု ဇနူးပီအက်ဖ်ပါတီက ကြေညာခဲ့သည်။ ယင်းမှာ စစ်ဘက်မှ အာဏာသိမ်းယူအပြီး မူဂါဘီ၏ အုပ်စိုးမှု ငြိမ်းချမ်းစွာအဆုံးသတ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဇနူးပီအက်ဖ်ပါတီ ဗဟိုကော်မတီသည် အီမာဆန်အမ်နန်ဂါဂွေအား ပါတီအကြီးအကဲသစ်အဖြစ် အစောပိုင်းတွင် အမည်စာရင်း တင်သွင်းခဲ့သည်။ မူဂါဘီသည် ဒုတိယသမ္မတဖြစ်သူ အမ်နန်ဂါဂွေအား ရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြင့် ၎င်းဇနီး ဂရေ့စ်မူဂါဘီအား ဒုတိယသမ္မတရာထူးတွင် ခန့်အပ်ရန် စီစဉ်ခဲ့ရာမှ စစ်ဘက်က အာဏာသိမ်းခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ**

# ဝါရှင်တန်ရှိ ပီအယ်လ်အိုရုံး ပိတ်သိမ်းရလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်နိုင်ဟုဆို

**ရာမာလာ နိုဝင်ဘာ ၂၀**

ဝါရှင်တန်ရှိ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(ပီအယ်လ်အို)ရုံးကို ပိတ်သိမ်းရန် အမေရိကန်အစိုးရအဖွဲ့၏ ခြိမ်းခြောက်မှုသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကျော့ခိုင်းရာရောက်ကြောင်း ပါလက်စတိုင်းအရေး လေ့လာစောင့်ကြည့်သူများက ပြောကြားကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

**တရားဝင်အသိပေး**

ဝါရှင်တန်ဒီစီရှိ ပီအယ်လ်အိုရုံး ဆက်လက်ဖွင့်လှစ်ရေးကိစ္စနှင့် ပတ်သက်၍ မိမိတို့ ထောက်ခံချက်ပေးနိုင်တော့မည် မဟုတ်ကြောင်း၊ အကြောင်းမှာ ပီအယ်လ်အိုအဖွဲ့သည် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားရုံးတော်ကို ထောက်ခံအားပေးနေခြင်းကြောင့် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက မိမိတို့ကို တရားဝင် အသိပေး အကြောင်းကြားခဲ့သည်ဟု ပီအယ်လ်အို အထွေထွေ အတွင်းရေးမှူး ဆာအိအာရဲကက်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အကယ်၍ ပီအယ်လ်အိုရုံးကို တရားဝင်ပိတ်သိမ်းစေမည်ဆိုပါက အမေရိကန်အစိုးရအဖွဲ့နှင့် မိမိတို့အကြား ဆက်သွယ်မှု အရပ်ရပ် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အာရဲကက်က ပြောကြားသည်။

**ဆင်ဟွာ**




# ပျောက်ဆုံးနေသော ရေငုပ်သင်္ဘောကို တွေ့အောင် ရှာဖွေမည်ဟု အာဂျင်တီးနား ရေတပ် ပြောကြား

**ဗျူနိုအေးရိစ် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၂၀ ရက်က ရေတပ်သား ၄၄ ဦးနှင့်အတူ ပျောက်ဆုံးသွားခဲ့သည့် အာဂျင်တီးနား ရေငုပ်သင်္ဘောကို ရှာဖွေတွေ့ရှိသည်အထိ ဆက်လက် ရှာဖွေသွားမည်ဖြစ်ကြောင်း အာဂျင်တီးနားရေတပ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

အာဂျင်တီးနားရေတပ်မှ အေအာရ်အေဆန်ယွန်းအမည်ရှိ ရေငုပ်သင်္ဘောသည် နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်တည်ရှိရာ ရေပြင်တွင် ကင်းထောက် တာဝန်ထမ်းဆောင်နေစဉ် ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ယင်းသီးသန့်စီးပွားရေးဇုန်သည် အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း ပွာတိုမက်ဒယင်မြို့အနီးတွင် တည်ရှိသည်။

ယင်းပျောက်ဆုံးရေငုပ်သင်္ဘော ရှာဖွေရေးအတွက် ပြည်ပတိုင်းပြည်များက ရှာဖွေရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်နေကြောင်း အာဂျင်တီးနား ရေတပ်က ပြောကြားသည်။

အမေရိကန်မှ လေယာဉ်နှစ်စင်းသည် ပျောက်ဆုံးနေသည့် ရေငုပ်သင်္ဘောကို ရှာဖွေရန် အမေရိကန်ရေတပ်မှ ရေငုပ်သင်္ဘောငယ်တစ်စင်းနှင့် ရေနက်ငုပ်ယာဉ်တစ်စင်းတို့နှင့်အတူ ရောက်ရှိလာကြပြီဖြစ်သည်။

ဘရာဇီးလေတပ်မှ အေပီ-၃ အမျိုးအစား စူးစမ်းလေ့လာရေးလေယာဉ်တစ်စင်း၊ ချီလီရေတပ်မှ ပီ-၂၉၅ အမျိုးအစား ရှာဖွေရေးရေယာဉ်တစ်စင်း၊ဗြိတိန်မှပရိုတက်တာအမည်ရှိ ရှာဖွေရေး ရေယာဉ်တစ်စင်း**(အောက်ပုံ)**နှင့် ပြင်သစ်နိုင်ငံမှ ရှာဖွေရေး ရေယာဉ်တစ်စင်းတို့က ပျောက်ဆုံးရေငုပ်သင်္ဘောရှာဖွေရေးလုပ်ငန်း ပါဝင်လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**




# တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မူးယစ်ဆေးရောင်းသူနှစ်ဦးအား သေဒဏ်စီရင်

ချန်ဒူး နိုဝင်ဘာ ၂၀

**တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် မူးယစ်ဆေးဝါးရောင်းသူနှစ်ဦးအား ဗီယန်ယန်မြို့ရှိ တရားရုံးတစ်ရုံးက သေဒဏ်ပြစ်ဒဏ်စီရင်ချက် ချမှတ်လိုက်ကြောင်း၊ ပြစ်ဒဏ်ချမှတ်ခံရသည့် မူးယစ်ဆေးရောင်းသူနှစ်ဦးသည် ပြစ်ဒဏ်ကျခံရမှုကို နှစ်နှစ်တာမျှ ဆိုင်းငံ့ခြင်းခံရမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။ ဗီယန်ယန်မြို့ရှိ ပြည်သူ့တရားရုံးတစ်ရုံးက နိုဝင်ဘာ ၂၀ ရက်တွင် မူးယစ်ဆေးဝါးမှောင်ခိုနှစ်ဦးကို သေဒဏ်စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့၏ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။**

**စီချွမ်ပြည်နယ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုတို့ဖြင့် အမှုစွဲဆိုခဲ့ရာတွင် တရားခံပေါင်း ၈၄ ဦးအထိ အကျုံးဝင်ခဲ့ပြီး ယင်းမှာ ယင်းပြစ်မှုနှင့် ပတ်သက်သည့် တရားခံဦးရေအများဆုံးအမှုဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။**

**စီချွမ်ပြည်နယ်ရဲတပ်ဖွဲ့သည် လေးလကြာမျှ စုံစမ်းစစ်ဆေးခဲ့ပြီးနောက် မူးယစ်ဆေးဝါးဂိုဏ်းတစ်ဂိုဏ်းကို စီးနင်းရှာဖွေခဲ့ရာတွင် မက်သာဖက်တမင်းမူးယစ်ဆေးဝါး နှစ်ကီလိုဂရမ်၊ တစ်ဝက်တစ်ပြက်ထုတ်လုပ်ပြီး မက်သာဖက်တမင်း မူးယစ်ဆေးဝါး ၃ ဒသမ ၂ ကီလိုဂရမ်၊ မက်သာဖက်တမင်းနှင့် ကဖင်းစိတ်ကြွဆေးတို့ပါဝင်သော မာဂူဆေးပြား အလုံး ၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းဆေးဝါးများနှင့်အတူ မော်တော်ယာဉ်ငါးစီးကိုလည်း သိမ်းဆည်းရရှိခဲ့ပြီး တရုတ်ယွမ်ငွေ ၁ ဒသမ ၃ သန်း(အမေရိကန်ဒေါ်လာ ၁၉၅၀၀၀) ကိုလည်း သိမ်းဆည်းရမိကြောင်း သတင်းတွင် ဖော်ပြသည်။**

**မူးယစ်ဆေးဂိုဏ်းဝင်နှစ်ဦးအား တရားရုံးတော်က သေဒဏ်ချမှတ်ခဲ့ပြီး အခြားတစ်ဦးအား ထောင်ဒဏ် ၁၅ နှစ်၊ အခြားတစ်ဦးအား ထောင်ဒဏ်တစ်နှစ်စီ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့သည်။**

ဆင်ဟွာ

# စာပေညီလာခံ (၂၀၁၇)

ခင်မောင်ငွေး (ပညာရေး)

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်၍ နိုင်ငံလုံးဆိုင်ရာ စာပေညီလာခံကြီးစတင် ကျင်းပတော့မည်ဖြစ်သည်။ အဓိကရည်မှန်းချက်မှာ မြန်မာစာပေအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ မြန်မာစာပေလောက တိုးတက်စေရေးအတွက် စာပေလောကအတွင်း အခက်အခဲများ၊ အတားအဆီးများကို စာပေလောကသားများကိုယ်တိုင်ဆွေးနွေးညှိနှိုင်း ပြုပြင်ကြရင်း အစိုးရနှင့်အတူ ပိုမိုကောင်းမွန်သည့်စာပေ အသိုင်းအဝိုင်းကို ဖန်တီးနိုင်စေရန် ဖြစ်သည်။

**၁၉၆၂ ခုနှစ် ညီလာခံ**

၁၉၆၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးပြုလုပ်သည့် အမျိုးသားစာပေညီလာခံကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ယင်းညီလာခံကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပ၍ စာရေးဆရာများသည် (၁) စာပေရေးသားပြုစုရန်အကြောင်းအရာ၊ (၂) စာပေရေးနည်းရေးဟန်၊ (၃) စာရေးဆရာတို့၏ တာဝန်နှင့် အခွင့်အရေးဟူ၍ အဓိကခေါင်းစဉ် သုံးခုကို နှီးနှော ဖလှယ်ခဲ့ကြ၏။

ယင်းသို့သော ဆွေးနွေးချက်များကို "အမျိုးသားစာပေ ညီလာခံ၏ ဆွေးနွေးချက်များ" အမည်ဖြင့် ညီလာခံ မှတ်တမ်းစာအုပ် ပုံနှိပ်ထုတ်ဝေခဲ့၏။ ပထမအကြိမ် အမျိုးသား စာပေညီလာခံတွင် ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးသိန်းဖေမြင့်က ဆောင်ရွက်ခဲ့သည်။ ဒုတိယအကြိမ် စာပေညီလာခံကို ၁၉၈၉ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်**

စာပေညီလာခံ (၂၀၁၇) ကို "လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်ရာ စာပေအဖွဲ့အစည်း ၁၁ ဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့တော်ခန်းမနှင့် မင်းဓမ္မလမ်း MCC တို့တွင် ကျင်းပမည်ဖြစ်သည်။

အရပ်သားအစိုးရလက်ထက် ပထမဆုံးအကြိမ် ကျင်းပသည့်စာပေညီလာခံကို လွတ်လပ်စွာရပ်တည်လျက်ရှိသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေး အသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ PEN Myanmar၊ မြန်မာနိုင်ငံ ကဗျာသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံကာတွန်းဆရာများ အသင်း၊ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်၊ မြန်မာစာရေးဆရာကလပ်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

> ယခုကျင်းပမည့် စာပေညီလာခံ (၂၀၁၇) သည် အရပ်သား အစိုးရ တက်လာချိန်တွင် လွတ်လပ်စွာ ကျင်းပခွင့်ရသည့် ပထမအကြိမ် ညီလာခံဖြစ်. . .
>
> ယင်း ညီလာခံသည် မည်သည့်အစိုးရအဖွဲ့အစည်း၊ မည်သည့် ပါတီအဖွဲ့အစည်းများ၏ လွှမ်းမိုးမှု တစ်စုံတစ်ရာမျှမရှိဘဲ လွတ်လပ်သော စာပေအဖွဲ့အစည်းများက ဦးဆောင်ကျင်းပ မည်ဖြစ်. . .

**ကော်မတီဖွဲ့စည်း**

စာပေညီလာခံ (၂၀၁၇) ကျင်းပရေးဗဟိုကော်မတီကို ပူးပေါင်းကျင်းပမည့် စာပေအဖွဲ့များမှ တာဝန်ရှိသူများနှင့် စာပေဗိမာန်အဆောက်အအုံတွင် တွေ့ဆုံညှိနှိုင်းကာ ဗဟိုကော်မတီဝင် ၁၉ ဦးနှင့် ဖွဲ့စည်းလိုက်သည်။ ယင်းကော်မတီများမှာ ဦးအောင်စိုးဦး (ဥက္ကဋ္ဌ) ဟိန်းလတ်၊ မောင်သွေးသစ် (ဒုဥက္ကဋ္ဌ)၊ မြေလွင်၊ မျိုးမြင့်ညိမ်း၊ ရွှေကူမေနှင်း (အတွင်းရေးမှူးအဖွဲ့)၊ သိမ်းစိုး (သီဟရတနာ)၊ မောင်စမ်းအေး (သဲကုန်း) ဘဏ္ဍာရေးမှူး၊ ကိုမြင့်ထွန်း (စာရင်းစစ်) ဟန်ဇော်၊ မျိုးမြတ်သူ (ပြန်ကြားရေး) မောင်ပြည့်မင်း၊ ကြည်နိုင် (စည်းရုံးရေးမှူး)၊ ဗဟိုကော်မတီဝင်များအဖြစ် ဂုဏ်ထူး ဦးသိန်းနိုင်၊ ဦးအေးချို (မဟာဝိဇ္ဇာ)၊ သန်းဇော်အောင်၊ ဦးဆန်းဝင်း၊ တိုးတက် (ရန်အောင်စာပေ) တို့ပါဝင်ပြီး အခြားကော်မတီခွဲများ ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်၏။

ယင်းဗဟိုကော်မတီဝင်များသည် စာပေညီလာခံ (၂၀၁၇) ဖြစ်မြောက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် လုပ်ငန်းတာဝန်ပြီးစီးမှုနှင့် ဆက်လက်လုပ်ဆောင်ရန် ကိစ္စရပ်များအား အောက်တိုဘာ ၂၈ ရက်တွင် သွားရောက် တွေ့ဆုံဆွေးနွေးခဲ့ကြ၏။

**လွတ်လပ်သောစာပေ လွတ်လပ်သောအသံ**

ယခုကျင်းပမည့် စာပေညီလာခံ (၂၀၁၇) သည် အရပ်သားအစိုးရတက်လာချိန်တွင် လွတ်လပ်စွာ ကျင်းပခွင့်ရသည့် ပထမအကြိမ် ညီလာခံဖြစ်၏။ ယင်းညီလာခံသည် မည်သည့်အစိုးရအဖွဲ့အစည်း၊ မည်သည့် ပါတီအဖွဲ့အစည်းများ၏ လွှမ်းမိုးမှု တစ်စုံတစ်ရာမျှမရှိဘဲ လွတ်လပ်သော စာပေအဖွဲ့အစည်းများက ဦးဆောင် ကျင်းပမည်ဖြစ်သည်။

စာပေညီလာခံ (၂၀၁၇) ကို ကြိုဆိုပွဲ၊ စာပေဝိုင်း ဆွေးနွေးပွဲ၊ စာပေညီလာခံအခမ်းအနားဟူ၍ အပိုင်း(၃) ပိုင်းခွဲ၍ကျင်းပသွားမည်ဖြစ်၏။ စာပေညီလာခံ (၂၀၁၇) ဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ရှေ့၌ ကျင်းပမည်ဖြစ်သည်။

စာပေညီလာခံ၏ ဆွေးနွေးပွဲများကိုမူ ဒီဇင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပသွားမည်ဖြစ်သည်။ ယင်းအခမ်းအနားတွင် စာပေအဖွဲ့အစည်း ၁၁ ဖွဲ့မှ ကိုယ်စားပြုဆွေးနွေးသူများ ပါဝင်မည်ဖြစ်ပြီး တစ်သီးပုဂ္ဂလရပ်တည်လျက်ရှိသော စာရေးဆရာများ၊ အစုအဖွဲ့အစည်းလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

စာပေညီလာခံ (၂၀၁၇) ကြိုဆိုပွဲ အစီအစဉ်များတွင် စာအုပ်ဈေးရောင်းပွဲတော်ကို နံနက် ၁၀ နာရီမှ ည ၁၀ နာရီထိ ခင်းကျင်းရောင်းချခြင်း၊ ဖျော်ဖြေရေး အစီအစဉ်များကို ညနေ ၄ နာရီမှ ည ၇ နာရီအထိ တင်ဆက်ခြင်းနှင့် စာပေဟောပြောပွဲကို ည ၇ နာရီမှ ည ၁၁ နာရီအထိ စာရေးဆရာနှစ်ဦးက ညစဉ်ဟောပြောခြင်းများကို ဒီဇင်ဘာ ၈ ရက် မှ ၁၂ ရက်အထိ ရန်ကုန်မြို့တော်ခန်းမနှင့် မဟာဗန္ဓုလပန်းခြံရှေ့မျက်နှာစာတွင် ကျင်းပမည်ဖြစ်သည်။

**ဆွေးနွေးဆုံးဖြတ်**

စာပေညီလာခံ (၂၀၁၇) တွင် Panel Discussion စကားဝိုင်း ဆွေးနွေးပွဲများ ပါဝင်ရာ (စာတမ်းဖတ်ခြင်း မရှိ) ယင်းဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည့် စာပေညီလာခံသို့ တင်သွင်းပြီး တက်ရောက်လာသူများ၏ မဲပေးဆုံးဖြတ်ချက်များဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ရာ ယင်းဆုံးဖြတ်ချက်ကို ညီလာခံ၏ ဆုံးဖြတ်ချက်များအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့်ပေးပို့၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်၍ စာပေညီလာခံ (၂၀၁၇) သို့ စာပေပညာရှင်များ အပါအဝင် စာပေမြတ်နိုးသူ မည်သူမဆို တက်ရောက်နိုင်သည်။ တက်ရောက်လိုသူများသည် စာပေညီလာခံ ကျင်းပရေးကော်မတီသို့ စာရင်းပေးသွင်း မှတ်ပုံတင်ရမည်ဖြစ်သည်။ မှတ်ပုံတင်ထားသူများအနေဖြင့် စားပွဲဝိုင်းဆွေးနွေးများ၌ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် မဲပေးခွင့် ရရှိမည်ဖြစ်သည်။ မှတ်ပုံတင်မထားလျှင် ညီလာခံသို့တက်ရောက် လေ့လာခွင့်သာရ၍ မဲပေးခွင့်မရှိပေ။

စာရင်းပေးသွင်းလိုသူများအနေဖြင့် Yangon Book Plaza သို့ဖြစ်စေ၊ ဖုန်း - ၀၉-၄၂၅၀၂၉၅၅၉ သို့ဖြစ်စေ၊ SarpaynyilarKhan 2017@gmail.com သို့ဖြစ်စေ ဆက်သွယ်နိုင်သည်။

စာပေညီလာခံသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ Panel Discussion ပါဝင်သူများအား သွားလာစရိတ်၊ တည်းခိုနေထိုင်မှု အားလုံးစီစဉ်ပေးမည်ဖြစ်၏။ တက်ရောက်လာသည့် စာပေပညာရှင်၊ ဝါသနာရှင်အားလုံးအား ထိုက်တန်သည့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ဆွေးနွေးပွဲရက်များတွင် မြို့တော်ခန်းမမှ MCC ခန်းမသို့ ပို့ဆောင်ပေးခြင်း၊ နံနက်စာလက်ဖက်ရည်တိုက်ခြင်း၊ နေ့ခင်းစာကျွေးမွေးခြင်း အစီအစဉ်များ ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း စာပေညီလာခံ (၂၀၁၇) ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးထံမှ သိရသည်။

**အကြိုညှိနှိုင်းဆောင်ရွက်**

စာပေညီလာခံ (၂၀၁၇) အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် အကြိုညှိနှိုင်းခရီးစဉ်များကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ ဗဟိုကော်မတီဝင်များ ကိုယ်တိုင်သွားရောက်ခဲ့ကြသည်။ ရွေးချယ်ထားသည့် မြို့များအဖြစ် မန္တလေး၊ ပျဉ်းမနား၊ နေပြည်တော်၊ ပုသိမ်၊ မြစ်ကြီးနား၊ မော်လမြိုင်နှင့် ပခုက္ကူတို့အပြင် ဘီလူးကျွန်း၊ ဘားအံ၊ မြိတ်၊ မြင်းခြံ၊ ပြည်၊ တောင်တွင်းကြီး၊ မကွေးစသည့် မြို့များအထိ သွားရောက်ရန် ခရီးစဉ်များ သတ်မှတ်ရေးဆွဲထား၏ အကြိုလှုပ်ရှားမှုများအဖြစ် ရန်ကုန်မြို့ အထင်ကရလမ်းများ၊ နေရာများတွင် စာပေညီလာခံ (၂၀၁၇) စာတန်းပါ Box Stand များ၊ အလံများ၊ မြေစိုက်ပိုစတာများကို စိုက်ထူထားပြီဖြစ်သည်။ နိုဝင်ဘာ ၁၄ ရက်တွင်လည်း စာပေညီလာခံ (၂၀၁၇) နှင့် ပတ်သက်၍ မီဒီယာနှင့် တွေ့ဆုံရှင်းလင်းပွဲကို မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

**အကြံပြုချက်များ**

ပထမအကြိမ် အမျိုးသားစာပေညီလာခံကြီး ကျင်းပစဉ်က "အမျိုးသားစာပေ ညီလာခံဆွေးနွေးချက်များ အမည်ဖြင့် ညီလာခံမှတ်တမ်း စာအုပ်ထုတ်ဝေခြင်း၊ စာရေးဆရာကြီးများ၏ မှတ်သားဖွယ်ရာများမှာ နှစ်ပေါင်း ၅၅ နှစ် ကြာသောအခါ ခေတ်လူငယ်တို့အလှမ်းဝေးသွားပြီးဖြစ်၍ ပြန်လည်ထုတ်ဝေပေးရန် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အမျိုးသားစာပေဆုရ ဆရာမနုသကျော်ဝင်းက ဆို၏။ သို့ဖြစ်ရာ စာပေညီလာခံ (၂၀၁၇) ၏ ဆွေးနွေးမှု မှတ်တမ်းများကိုလည်း စနစ်တကျ ပြုစုထုတ်ဝေဖြန့်ချိနိုင်ရန် ကြိုတင်စီမံထားသင့်၏။ မကြာခင်ကပင် မန္တလေး၌ကျင်းပသွားသည့် ရောဝတီ စာပေပွဲတော်တွင် စာပေလောကအတွင်း ချီးကျူးသံ၊ ဝေဖန်သံများ ကြားခဲ့ကြရ၏။ အထူးသဖြင့် စားရေး၊ သောက်ရေး၊ သွားရေး၊ လာရေးများ အဆင်ပြေလှသော်လည်း စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ တစ်ကိုယ်တော် စာတမ်းဖတ်ပွဲများ ပါဝင်သောကြောင့် မလိုလားအပ်သည့် အကြောင်းခြင်းရာများ ရှိခဲ့သည်။ ဆိုရလျှင် ပါဝင်သင့် ပါဝင်ထိုက်သူများအပေါ် အငြင်းပွားခြင်း၊ ဆွေးနွေးပွဲများ၌ မိမိကိုယ်မိမိ အမွှမ်းတင်လွန်းခြင်း၊ အကြောင်းအရာဆွေးနွေးချိန် နည်းပါးခြင်း၊ မည်သည့်နေရာ၊ မည်သည့်အခန်းတွင် မည်သည့်အကြောင်းအရာများ ဆွေးနွေးနေမှန်းမသိရခြင်း၊ အချို့ပရိသတ် ၄-၅ ဦးမျှဖြင့် ဆွေးနွေးနေရခြင်း၊ စကားပြောခွက်များ အသံမထွက်ခြင်း စသည်ဖြင့် ငါးသိုင်းများ၍ ဟင်းဟုန်ဆိုသကဲ့သို့ ဖြစ်စေမည့် အားနည်းချက်များကို အချိန်မီ စီမံဆောင်ရွက်ထားရန် သင့်သည်။

**ပူးပေါင်းဖော်ဆောင်**

စင်စစ် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် စာပေညီလာခံကြီးသည် စာပေအဖွဲ့အစည်းပေါင်း ၁၁ ဖွဲ့ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပတော့မည်ဖြစ်၏။ ဤညီလာခံကြီးသည် အသင်းအဖွဲ့တစ်ဖွဲ့ချင်း၏ ကိုယ်ရည်သွေးပြပွဲမဟုတ်ပါ။ စာပေလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းထမ်းပိုးရမည်ဟူသော အသိတစ်ခုဖြင့် ပူးပေါင်းကြခြင်းဖြစ်သည်။ စာပေလောကကြီးအတွက် လိုအပ်နေသည့် အနယ်နယ်အရပ်ရပ်သို့ စာအုပ်ပို့ဆောင်ရာတွင် အထူးပို့ဆောင် ခံစားခွင့်၊ စာအုပ်ရောက်မှ ငွေရှင်းစနစ်၊ စာအုပ်ဈေးနှုန်းကျဆင်းစေရန် ဆောင်ရွက်မှု၊ စာပေဆုများရွေးချယ်ရာတွင် စိစစ်သုံးသပ်ရမည့် အချက်များ၊ အခွန်ကိစ္စ၊ စာရေးဆရာများ၏ ဘဝအာမခံချက်၊ ရသစာပေတိုးတက်ထွန်းကားရေး၊ မြန်မာစာပေ မြန်မာဘာသာစကား မှန်ကန်တိကျစွာ ရေးသားရေး၊ မူပိုင်ခွင့်၊ ဘာသာပြန်၊ နိုင်ငံတကာဆက်ဆံရေး၊ စာကြည့်တိုက်များ ပိုမိုထွန်းကားရေး၊ စာပေဟောပြောပွဲများ ပိုမိုစနစ်တကျ ဖြစ်ထွန်းရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာအုပ်စာပေနှင့် ပညာသင်ကြားမှု ဆက်စပ်ရေးကို စာရေးဆရာများ၊ စာပေအဖွဲ့အစည်းများ၊ စာပေပညာရှင်များ၊ စာပေ လောကသားများက လွတ်လပ်စွာ ဆွေးနွေးကြစေလိုကြောင်း ဗဟိုကော်မတီ ဒုဥက္ကဋ္ဌ ဆရာဟိန်းလတ်က ဆို၏။

**နိဂုံး**

စာပေညီလာခံ (၂၀၁၇) ကို ကျင်းပရန် ရက်ပိုင်းသာလိုတော့သည်။ ကြိုတင်ပြင်ဆင်ရန် လျာထားသတ်မှတ်ချက်များ ပြည့်မီရန် ဝိုင်းကြဖို့လိုပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပရသည်ဖြစ်သောကြောင့် လိုအပ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်စရာများ ရှိနိုင်ပါသေးသည်။ ကျင်းပရေး ဗဟိုကော်မတီအနေဖြင့် အထောက်ကူပြုကော်မတီများတိုးချဲ့ဖွဲ့စည်း ရန်လိုပါလိမ့်ဦးမည်။ တစ်နိုင်ငံလုံးအနေဖြင့် Panel Discussion အဖွဲ့ပေါင်း ၄၀ ကျော်မည်ဟုပင် ကြားသိရ၏။ မင်းဓမ္မရှိ MCC ခန်းမတွင်လည်း အခန်းခွဲ၍ကျင်းပရန် အခန်းအရေအတွက်အလုံအလောက် ရှိသည်ဟု သိရသည်။ ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် အချိန်နာရီအလိုက် အဖွဲ့များခွဲ၍ စီစဉ်ထားကြောင်း သိရပြီး စားပွဲဝိုင်းဆွေးနွေးသူများ တက်ရောက်လာသူများအတွက် ကြိုတင်သိရှိနိုင်ရန် လိုအပ်လှပါသည်။ ကျွေးမွေးရေး အစီအစဉ်များပါ ဆောင်ရွက်ရမည်ဖြစ်၍ သမိုင်းဝင် ညီလာခံကြီးအဖြစ် ချွတ်ယွင်းအားနည်းချက် အနည်းဆုံးဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး စာပေလောကသား စာပေချစ်မြတ်နိုးသူတိုင်း ဝန်းရံပေးကြရမည်သာ ဖြစ်ပါကြောင်း။ ။

Ref : စာပေညီလာခံ (၂၀၁၇) Pages.

# မြန်မာပြည်ဖွား ပင်လယ်ရပ်ခြားရောက် ပေါက်ဖော်သွေးချင်းများတွေ့ဆုံ

**အောင်မြေသာစံ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းနှင့် ကြင်းတော်ယန်ဗုဒ္ဓဘာသာ ပရဟိတအသင်းတို့ ကြီးမှူးကျင်းပသော နဝမအကြိမ် မြန်မာပြည်ဖွားပင်လယ်ရပ်ခြားရောက် ပေါက်ဖော်သွေးချင်းများ ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၆) လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်များ၊ တက်ရောက်လာသူများသည် မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းသီဆိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မင်္ဂလာရွှေမောင်းတီး၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ အိုဗာစီး ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်တို့က အမှာစကားအသီးသီးပြောကြားကြပြီး တရုတ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဒေါက်တာကိုကိုကြီးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ် Mr. Yan Zong yin၊ မြန်မာ-



တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ တရုတ်နိုင်ငံ အိုဗာစီးချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.QiaoWei နှင့် အဖွဲ့ဝင်များ၊ ကြင်းတော်ယန်ပရဟိတအသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မုံရွာမြို့နယ်အတွင်း ကျေးရွာ ၇၉ ရွာ လျှပ်စစ်မီးလင်း နောက်ထပ် ၄၃ ရွာ လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**မုံရွာ နိုဝင်ဘာ ၂၀**

မုံရွာမြို့နယ်အတွင်းကျေးရွာ ၇၉ ရွာတွင် လျှပ်စစ်မီးလင်းနေပြီဖြစ်သလို ၂၀၁၈ ခုနှစ်တွင် နောက်ထပ် ၄၃ ရွာ လျှပ်စစ်မီးလင်းရန် ကြိုတင်စီစဉ်ဆောင်ရွက်မှုများပြုလုပ်နေပြီဖြစ်ကြောင်းသိရသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ရာတွင် အမျိုးသားဓာတ်အားရရှိရေးအစီအစဉ် (NEP)ဖြင့် 11KV ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာကို လျှပ်စစ်ဌာနက အပြီးဆောင်ရွက်ချထားပေးခြင်းဖြစ်ပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပင်မဓာတ်အားခွဲရုံတွင်ရှိသည့် 45MVA ထရန်စဖော်မာကို 100MVA သို့ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဧပြီလတွင် အပြီးတပ်ဆင်ဆောင်ရွက်ရန်လျာထားကြောင်း မုံရွာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ထံမှ သိရသည်။

"မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပြည်ထောင်စုဘတ်ဂျက်နဲ့ 45MVA ကနေ 100MVA ထရန်စဖော်မာအဖြစ် အင်အားတိုးမြှင့်တပ်ဆင်သွားမှာပါ။ အခုလက်ရှိမှာ ကြိုတင်ဆောင်ရွက်ရမယ့် အကာအကွယ်စနစ်တွေကို တပ်ဆင်နေတာဖြစ်သလို 100MVA တပ်ဆင်ပြီးရင်တော့ လက်ရှိသုံးစွဲနေတဲ့ လျှပ်စစ်ဓာတ်အားထက် နှစ်ဆရရှိစေမှာဖြစ်ပါတယ်" ဟု ဦးဇော်ဇော်က ပြောပြသည်။

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပင်မဓာတ်အားခွဲရုံတွင် လက်ရှိတပ်ဆင်အသုံးပြုနေသော 45MVA ထရန်စဖော်မာဖြင့် မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် ဘုတလင်မြို့နယ်များရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများပါမကျန် ဓာတ်အားများ ပေးပို့သုံးစွဲနေကြောင်း သိရသည်။

မုံရွာမြို့နယ်အတွင်း ဘာသာသာသနာအစိုးရပုဂ္ဂလိက ကျေးရွာမီးလင်းရေးနှင့် လျှပ်စစ်ဌာနပိုင် ၁၁/သုည ဒသမ ၄ KV လျှပ်စစ်ထရန်စဖော်မာ ၅၀၁ လုံး တပ်ဆင်အသုံးပြုနေသလို မုံရွာမြို့နယ်အတွင်း ရိုးရိုးနှင့် ပါဝါမီတာအလုံး ၅၉၀၀၀ ကျော် အသီးသီးတပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဥတ္တရသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၈ ရက်က မအူလေးပင်ကျေးရွာ ကွင်းအမှတ် (၁၈၉၂)၊ ဦးပိုင်အမှတ် ၉၂-၁၊ ဧရိယာ ၁ ဒသမ ၁၀ ဧကရှိ တောင်သူ ဦးမြင့်ရီ စိုက်ပျိုးထားသော ဆင်းသုခစပါး ကိုယ်စား-ပ(သင့်)အား ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစိုထွက်နှုန်း ၅၇ ဒသမ ၅၃ တင်းထွက်ခဲ့ပြီး မိုးစပါးရိတ်သိမ်းနေမှုကို နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဝင်း၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဦးကြိုင်၊ ဥတ္တရခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ရွှေရဲရင့်**

# Myanmar Enduro Competition 2017

# မော်တော်ဆိုင်ကယ် လမ်းကြမ်းစီးပြိုင်ပွဲ ကျင်းပ

**ပုသိမ်ကြီး နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော Myanmar Enduro Competition 2017 မော်တော်ဆိုင်ကယ်လမ်းကြမ်းစီးပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီကမန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာအုပ်စု နေကာတောင်ခြေ၌ကျင်းပရာ မန္တလေးမြို့ရှိ ဆိုင်ကယ်စီးဝါသနာရှင်လူငယ်များ ကွင်းလုံးပြည့်လာရောက်အားပေးကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားနှစ်မျိုး သတ်မှတ်ယှဉ်ပြိုင်ကြရာ အငယ်တန်းပြိုင်ပွဲတွင် အင်ဂျင်ပါဝါ ၁၂၅ စီစီမှ ၂၃၀ စီစီအထိလည်းကောင်း၊ အကြီးတန်းပြိုင်ပွဲတွင် ၂၃၁ စီစီမှ ၆၅၀ စီစီအထိ သတ်မှတ်ထားပြီး ဆိုင်ကယ်ဝါသနာရှင် ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အငယ်တန်းပြိုင်ပွဲတွင် ပထမကို ခွန်မိုင်း၊ ဒုတိယကို ဆန်းယုထွေး၊ တတိယ ကိုခိုင်ခန့်ကိုကို၊ စတုတ္ထ ကိုဝေဖြိုးကျော်၊ပဉ္စမ ကိုပိုင်စိုးအောင်တို့ကရရှိပြီး အကြီးတန်းပြိုင်ပွဲတွင် ပထမ ကိုဂျိုးဂျိုးလေး၊ ဒုတိယ ကိုစိုင်းအောင်ဆိုင်း၊ တတိယ ကိုအောင်အောင်၊ စတုတ္ထ ကိုသန်းနိုင်၊ ပဉ္စမ ကိုရာဇာထွန်းတို့ကရရှိပြီး ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဆုများချီးမြှင့်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# အင်းတော်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ချောင်းရေတိုက်စားမှု ကမ်းပြိုကမ်းထိန်းနံရံတည်ဆောက်ခြင်း ဆောင်ရွက်

**ပေကုန်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်ဟဲကျေးရွာအုပ်စုရှိ ပေကုန်းကျေးရွာနှင့် မြေပလ္လင်ကျေးရွာချင်းဆက်လမ်း လေးတန်ချောင်းရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးသံခြင်းအခြေပြု ကမ်းထိန်းနံရံ တည်ဆောက်ခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆောက်လုပ်ဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းအား ဦးသန်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး (EE) အင်ဂျင်နီယာ(ကသာ)က ကြီးမှူး၍ ဦးသန်းအောင် (ရေမြင့်မှတ် - တာဝန်ခံ)နှင့် လုပ်သားခေါင်း ဦးရန်နိုင်စိုး ဦးစီးပြီး လုပ်သားအင်အားဖြင့် ဆောင်ရွက်လျက်ရှိခဲ့ရာ ချောင်းရေတိုက်စားကျေးရွာချင်းဆက်လမ်း အရှည်ပေ ၄၂၀၊ အမြင့် ၁၀ ပေ၊ ဖြက်အကျယ် ၈ ပေဖြစ်ပြီး ဂရေဗင်နှုန်းဖမ်း ၁၅ ပေနှင့် ဒု ၁ ပေခွဲ ယခင်လက်ရှိမြေသားလမ်းနှင့်အညီ ကျောက်ခင်းစလစ်ပြင်လောင်းသံခြင်း အခြေပြုကမ်းထိန်းနံရံ တည်ဆောက်ပြုလုပ်မှုကို ရက်ပေါင်း ၆၀ ခန့်နှင့် အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း လမ်းဆောင်ရွက်နေသည့်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် ကျေးရွာချင်းဆက်လမ်းသည် မိုးတွင်းကာလရောက်တိုင်း ချောင်းရေတိုက်စားခဲ့သဖြင့် ကျေးရွာချင်းဆက် အနီးပတ်ဝန်းကျင်ကျေးရွာများမှ နေ့စဉ်ဖြတ်သန်းသွားလာနေကြသည့် မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ မော်တော်ကား၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရေးအဆင်ပြေစေရန်တွက် မန္တလေး-မြစ်ကြီးနား မီးရထားသံလမ်းဘေးတွင် ကပ်လျက်ယာယီလမ်းဖောက်လုပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နေ့စဉ်ဖြတ်သန်းသွားလာနေသူများအသက်အန္တရာယ်စိုးရိမ်ရဖွယ်ရှိနိုင်၍ ချောင်းရေတိုက်စားမှုဒဏ်ကို ကာကွယ်ထိန်းသိမ်းရာလည်းရောက်၊ သွားလာရေးအဆင်ပြေအောင် တည်ဆောက်ဆောင်ရွက်နေကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# မိတ္ထီလာတွင် ကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဆုပေးပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက အ-ထ-က (၁) ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ပုံပြောပြိုင်ပွဲတွင် ဆုရရှိသည့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်း၊ စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသည့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူးဦးကျော်လွင်၊ စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဒေါ်ဝေဝေဖြိုးက ဂုဏ်ပြုဆုငွေနှင့် အမှတ်တရပစ္စည်းများ၊ ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စက္ကူခေါက်ပြိုင်ပွဲ မူလတန်းအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် KG တန်းတက်ရောက်သူ မသဒ္ဒါသန့်အား အမည်မဖော်လိုသည့် မိသားစုမှ အထူးဆုအဖြစ် ရွှေတစ်မတ်သားချီးမြှင့်ကာ မိတ္ထီလာကလေးစာပေပွဲတော် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းပံ့ပိုးကူညီလှူဒါန်းကြသည့် အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ကိုယ်ပိုင်ကျောင်းများ၊ လူမှုရေးအသင်းများအား တိုင်းဒေသကြီး ပြန်ကြာရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝေ၊ မိတ္ထီလာခရိုင်ဦးစီးမှူး ဒေါ်ငုချိုချိုကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ဂုဏ်ပြုသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက မိတ္ထီလာကလေးစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနအိမ်ရာ အပိုင်း(၁)၊ (၂) နှင့် မြသီတာပန်းဥယျာဉ်ဖွင့်

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) နိုဝင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ယုဇနအိမ်ရာ အပိုင်း(၁)၊ (၂)နှင့် မြသီတာပန်းဥယျာဉ် ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အမြိတမ်းအတွင်းဝန် (ဆောက်လုပ်ရေးဝန်ကြီးဌာန) ဦးဝင်းတင့်တို့က မုခ်ဝရှေ့ရှိမဏ္ဍပ်၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညွှန်ကြားရေးမှူးချုပ်(မြို့/ရာ) ဦးမင်းထိန်က ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များအား ယုဇနအိမ်ရာစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်မော်ကွန်းအား ပြည်ထောင်စုဝန်ကြီး (ဆောက်လုပ်ရေး) ဦးဝင်းခိုင်၊ ပြည်ထောင်စုဝန်ကြီး (စီမံ/ဘဏ္ဍာ) ဦးကျော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေးပြီး မြသီတာဥယျာဉ်အတွင်း အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အိမ်ရာဝင်းအတွင်း ကွင်းဆင်းကြည့်ရှုကြပြီးနောက် Super Market နှင့် ဈေးဝယ်စင်တာ ဆောက်လုပ်မည့်နေရာ၌ ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပကာ အိမ်ခန်းဝယ်ယူထားသူများအား အခန်းသော့များပေးအပ်ခဲ့ပြီး ယုဇနအိမ်ရာနေ ပြည်သူတစ်ဦးက ဝမ်းမြောက်စကား ပြန်လည်ပြောကြားခဲ့သည်။

၅၁၂

# နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင် လှေလှော်အသင်းအား ဂုဏ်ပြု

**ရန်ကုန် နိုဝင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသော (၁၃) ကြိမ်မြောက် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြု အမှာစကားပြောကြားပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံနှင့် အဖွဲ့ချုပ်၏လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ် ၉၅၅ သိန်းကို အသီးသီးပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း



နှင့် ဝန်ကြီးများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အောင်ပွဲရအားကစားသမားကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒေါ်စောမြတ်သူ (နည်းစနစ်မှူး) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလှူရှင်များ၊ အောင်ပွဲရ အားကစားသမားများ တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**



# ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှု ရန်ကုန်တွင်ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဆီးချိုသွေးချို ရောဂါအသင်းက ကြီးမှူးကျင်းပသော နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှုကို နိုဝင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ မိုင်ဒါကွင်း၌ ပြုလုပ်သည်။

"ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ လုပ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကမ္ဘာမှာတိုးတက်ဖြစ်ပွားနေတဲ့ ဆီးချိုသွေးချိုရောဂါတွေရဲ့ အန္တရာယ်၊ ဆီးချိုသွေးချို ကာကွယ်ရေး နည်းလမ်းတွေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သိစေချင်တယ်၊ နောက်တစ်ခု မြန်မာနိုင်ငံမှာ ကြောက်စရာဖြစ်လာတဲ့ ဆီးချိုသွေးချို ကာကွယ်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်မှ တာဝန်ရှိသူတွေက အလေးပေးပြီးတော့ လုပ်ဆောင်လာစေချင်လို့ ပြုလုပ်တဲ့ လူထုလှုပ်ရှားမှု ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဆီးချိုသွေးချို ရောဂါအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ တင့်ဆွေလတ်က ပြောသည်။

၁၉၉၁ ခုနှစ်က အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါ အဖွဲ့ချုပ် (IDF - International Diabetes Federation) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO - World Health Organization) တို့ ပူးပေါင်းပြီး ဆီးချိုသွေးချို ကုသရာတွင် အဓိကကျသည့် အင်ဆူလင် (Insulin)ဟော်မုန်းကို ရှာဖွေတွေ့ရှိခဲ့သည့် ဒေါက်တာဖက်ဒရစ်ဘန်တင်း၏ မွေးနေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်ကို ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ (World Diabetes Day) အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် စာရင်းအရ ကမ္ဘာပေါ်တွင် ၄၁၅ သန်း ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေပြီး ၂၀၄၀ ခုနှစ် လာမည့် ၂၅ နှစ်အတောအတွင်း ၆၅၂ သန်းထိ မြင့်တက်လာနိုင်သည်ဟု ပညာရှင်များ ခန့်မှန်းထားကြောင်း၊ အဆိုပါ အခမ်းအနားမှ သိရသည်။ ထို့ပြင် မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၄ ခုနှစ်က ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ကောက်ယူခဲ့သည့် စာရင်းများ အရ အသက် (၂၅) နှစ်မှ (၆၄)နှစ်အတွင်းရှိ လူများတွင် ဆီးချိုသွေးချို ဖြစ်ပွားမှုနှုန်းမှာ လူ ၁၀၀ လျှင် ၁၀ ဒသမ ၅ ရာခိုင်နှုန်းထိရှိနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ နိုင်ငံမှာ ဆီးချိုသွေးချိုရောဂါဖြစ်နေတာ ၁၀ ရာခိုင်နှုန်းလောက်ရှိတယ်ဆိုတာသိရတော့ စိတ်ပူမိပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားတဲ့သူများလာတာနဲ့အမျှ ကျွန်တော်တို့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ မြန်မာနိုင်ငံရဲ့ အလားအလာအတွက် စိုးရိမ်စရာဖြစ်ပါတယ်၊ ဒီအခြေအနေကိုတော့ ထိန်းသိမ်းရမယ်လို့ ကျွန်တော့်အနေနဲ့ ခံယူမိပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်က ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အကြောင်း ဟောပြောခြင်း၊ ပါမောက္ခ ဒေါက်တာကိုကိုက ပညာပေးဟောပြောခြင်း၊ မေးမြန်းသည့်မေးခွန်းများကို ဖြေဆိုနိုင်သူများအား ဆုလက်ဆောင်များပေးခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တက်ရောက်လာသူများထဲမှ သိလိုသမျှ မေးမြန်းမှုများကို ဆရာဝန်များက ပြန်လည်ဖြေကြားခြင်း၊ ဆီးချိုဝေဒနာရှင် နှစ်ဦးက ရောဂါခံစားရသည့် ခံစားမှု အတွေ့အကြုံများကို ကျန်းမာရေးအသိရရှိရန် ပြန်လည်မျှဝေခဲ့ကြသည့်အပြင် Real Fitness အဖွဲ့နှင့်အတူ တက်ရောက်လာသူများက မိနစ် ၃၀ ခန့် ကိုယ်လက်လှုပ်ရှားမှုကို စုပေါင်းလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ကျော်ကြီး**

# သောက်သုံးရေစနစ်တကျသုံးစွဲရန် ပညာပေးဟောပြော

**တာမွေ နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေ/သန့်)နှင့် Japan International Cooperation Agency (JICA)တို့ပူးပေါင်းကာ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူလေးများအား နေ့စဉ်ရေသုံးစွဲရာ၌ ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ရေချွေတာမှု၊ ရေ၏တန်ဖိုးသိမှု၊ စနစ်တကျသုံးစွဲတတ်စေရေးပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် အမှတ် (၂၂) အခြေခံပညာမူလတန်းကျောင်း၌ ပညာပေးဆောင်ရွက်ခဲ့ကြသည်။

"ကျောင်းနေအရွယ် ကလေးငယ်တွေရဲ့ ရင်ထဲကို ရေ၏တန်ဖိုးဘယ်လောက်ရှိလဲဆိုတာသိရှိအောင် ပညာပေးဆောင်ရွက်တာပါ၊ သူတို့လေးတွေကတစ်ဆင့် မိဘပြည်သူတွေထံ အသိပညာပေးရောက်ရှိကြလိမ့်မယ်လို့ထင်ပါတယ်၊ လူဦးရေတိုးတက်လာပြီး နေ့စဉ်ရန်ကုန်မြို့တော်ကြီးကိုရေဂါလန် ၂၀၅ သန်း ဖြန့်ဝေပေးနေရတဲ့အတွက် ရေကို ချွေတာသုံးစွဲဖို့ အသိပညာပေးဆောင်ရွက်ရတာပါ" ဟု တာမွေမြို့နယ် ရေသန့်တာဝန်ခံ ဌာနစုမှူး အင်ဂျင်နီယာ ဒေါ်နီမာဇင်က ပြောသည်။

အဆိုပါအခမ်းအနားသို့ လက်ထောက်ဌာနမှူး ဒေါ်သင်းသင်းစိုးနှင့် ဒေါ်သွဲ့နိုင်ဦး၊ တောင်ပိုင်းခရိုင်မှူး ဦးသန့်ဇင်ဦးနှင့် ခရိုင်အရာရှိများ၊ Deputy Advisor (JICA) Technical Assistant Team မှ Ms Mina Yariuchi နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြသည်။

၅၉၇



# သက်ငယ်မုဒိမ်းမှုလျှော့နည်းကျဆင်းရေး အသိပညာပေး

**လှိုင်သာယာ နိုဝင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများကို သက်ငယ်မုဒိမ်းမှုများ လျှော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၆နာရီခွဲက အမှတ် (၁၉) ရပ်ကွက် ချစ်ကြည်ရေးလမ်းရှိ ဒေသဖွံ့ဖြိုးရေးရုံး၌ ကျင်းပသည်။

လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်မှူးဒုရဲမှူးဝင်းနိုင်နှင့် လှိုင်သာယာ မြို့မရဲစခန်းမှ ဒုရဲအုပ်ရန်နိုင်လင်းတို့က သက်ငယ်မုဒိမ်းလျှော့နည်းကျဆင်းရေးနှင့် မှုခင်းမှန်သမျှကျဆင်းစေရန် ဟောပြောခဲ့ပြီး ရပ်ကွက်နေပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

၃၂၉

ကြေးမုံ



# ကမ္ဘာသိကျော်ကြားခဲ့သော
# မြန်မာ့ဂုဏ်ဆောင် အရိုးခွဲစိတ်ကုဆရာဝန်ကြီး

**တင်မောင်အေး (ကန့်ဘလူ)**

နိုဝင်ဘာလ ၁၁ ရက်နေ့က ကြေးမုံသတင်းစာတွင် အရှေ့တောင်အာရှနိုင်ငံတို့မှ အရိုးအထူးကုဆရာဝန်များ ပါဝင်ဖွဲ့စည်းထားသည့် အရိုးအစားထိုးခွဲစိတ်ကုသမှုဆိုင်ရာအသင်း၏ (၁၁) ကြိမ်မြောက် (11th ASEAN Arthroplasty Association) ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခြင်းနှင့် 'ဆင်စွယ်နှင့်အရိုးအစားထိုးကုသမှု မြန်မာ့အောင်ပွဲ စာတမ်းဖတ်ကြား' ဆိုသော သတင်းအားဖတ်လိုက်ရသောအခါ ဆေးပညာရပ်နယ်ပယ်တွင် မြန်မာနိုင်ငံကို ကမ္ဘာ့မြေပုံပေါ်သို့ ခိုင်ခိုင်မာမာ တင်ပေးခဲ့သည့် အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဦးစံဘော်အား လေးစားစွာ အမှတ်ရမိပါသည်။

## ဆရာဝန်ကြီး ဒေါက်တာဦးစံဘော်

အဆိုပါညီလာခံတွင် ပိုလန်နိုင်ငံမှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဘာတက် ဆော်စတာကောစကီးက ဆင်စွယ်နှင့် အရိုးအစားထိုးကုသမှု မြန်မာ့အောင်ပွဲ (Ivory Prosthesis: A Myanmar Success Story) ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်ကို ဆရာဝန်ကြီး ဒေါက်တာဦးစံဘော်အား အမှတ်ရဂုဏ်ပြုသည့်ပို့ချချက် (Dr San Baw Memorial Lecture) အဖြစ် ဖတ်ကြားခဲ့လေသည်။ တစ်ဖန် ညီလာခံကျင်းပရေးကော်မတီဉက္ကဋ္ဌ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာဦးမြင့်သောင်းက "မြန်မာနိုင်ငံရဲ့ ထူးချွန်ပြောင်မြောက်တဲ့ အရိုးဆရာဝန်ကြီးတစ်ယောက်အနေနဲ့ နိုင်ငံတကာအသိ၊ ကမ္ဘာအသိ ဖြစ်ခဲ့တယ်၊ ဒီလိုဆရာဝန်ကြီးရှိခဲ့တယ်ဆိုတာကို မျိုးဆက်သစ်တွေ သိရအောင်၊ ကိုယ့်နိုင်ငံကို ဂုဏ်ယူနိုင်အောင် သမိုင်းမှတ်တမ်းတစ်ခုအနေနဲ့ မှတ်တမ်းတင်ပြီး သူ့အတ္ထုပ္ပတ္တိကို တိတိကျကျထားခဲ့ချင်တယ်"ဟု ပြောခဲ့သည်။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အရိုးခွဲစိတ်ကုဌာနတွင် ဆရာကြီးဦးစံဘော်သည် ဌာနမှူးအဖြစ်တာဝန်ထမ်းဆောင်နေစဉ်မှာ ၁၉၆၀ ပြည့်နှစ်ကစပြီး ပေါင်ထိပ်ရိုးကျိုး လူနာပေါင်း ၃၀၀ ကျော်အား သူကိုယ်တိုင် ကြံဆတီထွင်ပြုလုပ်ထားသော ဆင်စွယ်ပေါင်ထိပ်ရိုးဖြင့် အစားထိုးခွဲစိတ်ကုသခြင်း (Ivory Hip Replacement) များကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ အဆိုပါဆင်စွယ်ပေါင်ထိပ်ရိုးဖြင့် ပထမဦးဆုံးခွဲစိတ်ကုသမှုခံယူခဲ့သူမှာ အသက် (၈၃) နှစ်အရွယ်ရှိ ဗုဒ္ဓဘာသာသီလရှင် ဒေါ်ပုညဖြစ်သည်။ ဘွားသီလရှင်၏ ကျိုးသွားသောပေါင်ရိုးထိပ်ပိုင်းသည် ပုံမှန်သဘာဝအတိုင်းပြန်ပြီးမဆက်နိုင်တော့သောကြောင့် ဆင်စွယ်ရိုးဖြင့်အစားထိုးကာ ခွဲစိတ်တပ်ဆင်ပေးခဲ့ရခြင်းဖြစ်သည်။ ဆရာကြီး ခွဲစိတ်ကုသပေးခဲ့သောလူနာများမှာ အသက် (၂၄)နှစ်အရွယ်မှ (၈၇)နှစ်အရွယ်အထိ အသက်အရွယ်အမျိုးမျိုးရှိခဲ့ကြကြောင်း သိရသည်။

ဆရာဝန်ကြီး ဦးစံဘော်အား အဖဒေါက်တာဦးသော်ဇံနှင့် အမိဒေါ်စီစီတို့မှ ၁၉၂၂ ခုနှစ် ဇွန် ၂၉ ရက်တွင် သာယာဝတီခရိုင် တာပွန်တွင်မွေးဖွားခဲ့သည်။ ငယ်စဉ်က ကလောမြို့ St. Agnes Convent ကျောင်းနှင့် ရန်ကုန်မြို့ St. Paul's High School ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်ပညာကို ၁၉၄၄ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ရန်ကုန် တက္ကသိုလ်ဆေးကောလိပ် (Medical College) တွင် သင်ယူခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အထွေထွေခွဲစိတ်နှင့် အရေးပေါ်ကုသမှုဌာနတွင် ၁၉၅၀ မှ ၁၉၅၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်မှာ အမေရိကန်နိုင်ငံရှိ University of Pennsylvania's Graduate School of Medicine သို့ ဘွဲ့လွန်ပညာတော်သင်သွားရောက်ကာ ၁၉၅၈ ခုနှစ်တွင် အရိုးခွဲစိတ်ကုပညာမဟာသိပ္ပံဘွဲ့ရခဲ့ပါသည်။

## ဆင်စွယ်ကို ပေါင်ထိပ်ရိုးပုံအဖြစ် ထွင်းထု

၁၉၅၇ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ပညာတော်သင်ပြန်လာပြီးပြီးချင်း ဆရာကြီးသည် ပေါင်ထိပ်ရိုးကျိုးလူနာများအတွက် ထိုစဉ်က အသုံးချလေ့ရှိသောသတ္တုနှင့် ပြုလုပ်ထားသည့် ပေါင်ထိပ်ရိုး (Metal Hip Prosthesis) များအစား ဆင်စွယ်ဖြင့်ပြုလုပ်ရန် ဆင်စွယ်၏ ဂုဏ်သတ္တိများ (physical, chemical, mechanical and biological properties) ကို သုတေသန စတင်ပြုလုပ်ခဲ့သည်။ ယင်းသုတေသနပြုလေ့လာစမ်းသပ်ခြင်းအတွက် နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပေးခဲ့ပါသည်။ မန္တလေးမြို့တွင် တာဝန်ကျနေသော ဆရာကြီးသည် ဆင်စွယ်ကို ပေါင်ထိပ်ရိုးပုံအဖြစ် သူ့စိတ်တိုင်းကျ ထွင်းထုရန် ကံကောင်းထောက်မစွာ အခြေအနေပေးခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဆင်စွယ်ကိုကျွမ်းကျင်နိုင်နင်းစွာ ထုထွင်းပေးနိုင်သော မြန်မာ့ရိုးရာ လက်မှုပညာရှင်များ (Ivory curvers) မန္တလေးတွင် ရေကန်အသင့်ကြာအသင့်ရှိနေကြခြင်းပင်ဖြစ်တော့၏။

ဆင်စွယ်ကို အစားထိုးပြုလုပ်ခြင်းဖြင့် သတ္တုနှင့် ပြုလုပ်ထားသည့်ပေါင်ထိပ်ရိုးထက် ကုန်ကျစရိတ်များစွာ သက်သာသည့်အပြင် ထိုစဉ်က ဆင်စွယ်များကို လွယ်လွယ်ကူကူနှင့် ပေါပေါများများရနိုင်သောကြောင့်ဟုလည်း သိရပါသည်။ သို့တစေ ဆင်စွယ်ပေါင်ထိပ်ရိုး ပြုလုပ်ရန်အတွက် ဆင်များကိုသတ်ပြီး ဆင်စွယ်များရယူခြင်းမျိုး အလျဉ်းမရှိခဲ့ကြောင်းနှင့် သူ့အလိုလို သဘာဝအလျောက်သေဆုံးသွားခဲ့ကြသည့် ဆင်များထံမှ ဆင်စွယ်များကိုသာအသုံးပြုကြောင်း ဆရာကြီးက အလေးအနက်ပြုပြောကြားခဲ့သည်ကို သတိပြုမှတ်သားသင့်လှ၏။ ဆရာကြီး ကြံဆတီထွင်အသုံးပြုခဲ့သော ဆင်စွယ်ပေါင်ထိပ်ရိုးနမူနာများကို မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ကြောင်းကို ဆရာကြီး၏ သားဖြစ်သူ ပါမောက္ခ ဒေါက်တာမြင့်ဇံရေးထားသည့် A Son's Tribute to an "Ivory Prince" ဆောင်းပါးကိုဖတ်ပြီး မှတ်သားခဲ့ဖူးပါသည်။

ပေါင်ထိပ်ရိုးကျိုးသွားသောလူနာများကို ဆင်စွယ်ပေါင်ထိပ်ရိုးဖြင့် အစားထိုးတပ်ဆင်ပေးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးတို့ကား တန်ဖိုးရှိလှပါသည်။ ဥပမာ လူနာ ၉၀ ရာခိုင်နှုန်းနီးပါးတို့သည် ခွဲစိတ်ပြီး ရက်သတ္တပတ် အနည်းငယ်လေးအတွင်းမှာပင် ပြန်လည်၍ လမ်းလျှောက်နိုင်ခဲ့ကြ၏။ ဆောင့်ကြောင့် ထိုင်နိုင်ခဲ့ကြ၏။ စက်ဘီးစီးနိုင်ခဲ့ကြ၏။ အချို့သော ငယ်ရွယ်သူများမှာ ဘောလုံးကစားခြင်းကိုပင် ပြုလုပ်နိုင်ခဲ့ကြ၏။ ဆင်စွယ်ပေါင်ထိပ်ရိုးအား မည်သို့ကြံဆတီထွင်မှုပြုလုပ်ခဲ့ရကြောင်း၊ ယင်းကို ပေါင်ထိပ်ရိုးကျိုးသော လူနာများတွင် မည်ကဲ့သို့ အောင်မြင်စွာအစားထိုးခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ခွဲစိတ်ကုသပြီးနောက်ပိုင်းတွင် လူနာများရရှိလာသော သွားလာလှုပ်ရှားမှုဆိုင်ရာ အကျိုးကျေးဇူးများ၊ ဆင်စွယ်နှင့်လူ၏တစ်သျှူးတို့သည် မည်ကဲ့သို့အချင်းချင်း ဇီဝသဘာဝအတိုင်း သဟဇာတဖြစ်မှု (Biological bonding of ivory with the human tissues nearby) အစရှိသည့် အကြောင်းတို့ကို စနစ်တကျလေ့လာကာ ဆရာကြီးဒေါက်တာဦးစံဘော်က သုတေသနစာတမ်းတစ်စောင်ကို ပြုစုခဲ့ပါသေးသည်။



အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးစံဘော်တီထွင်အသုံးပြုခဲ့သော ဆင်စွယ်ပေါင်ထိပ်ရိုး

ထို့နောက် ၁၉၆၉ ခုနှစ် စက်တင်ဘာလမှာ လန်ဒန်မြို့ရှိ ဘုရင့်တော်ဝင်ခွဲစိတ်ကုပညာရပ် ကောလိပ် (Royal College of Surgeons) ၌ ကျင်းပခဲ့သော ဗြိတိန်နိုင်ငံ အရိုးခွဲစိတ် အထူးကုဆရာဝန်များအသင်းကြီး၏ ညီလာခံတွင် ပေါင်ထိပ်ရိုးကျိုးပြီး သဘာဝအတိုင်း အရိုးပြန်မဆက်နိုင်တော့သောလူနာများအား ဆင်စွယ်နှင့်ပြုလုပ်ထားသည့်ပေါင်ထိပ်ရိုးဖြင့် အစားထိုးခွဲစိတ်ကုသခြင်း (Ivory Hip Replacements for Ununited Fractures of the Neck of the Femur) ဟူသောခေါင်းစဉ်ဖြင့် ဆရာဝန်ကြီးဒေါက်တာဦးစံဘော်က စာတမ်းတင်သွင်းဖတ်ကြားခဲ့ရာ ဗြိတိန်နိုင်ငံနှင့်ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ထင်ရှားသောဆရာဝန်ကြီးများနှင့် အရိုးခွဲစိတ်အထူးကု ဆရာဝန်ကြီးများက စိတ်ဝင်တစား တက်ရောက်နားထောင်ခဲ့ကြပါသည်။ ယင်းစာတမ်းကို ၁၉၇၀ ပြည့်နှစ် ဖေဖော်ဝါရီလထုတ် ဗြိတိန်နိုင်ငံ၏ဂျာနယ် (Journal of Bone and Joint Surgery) တွင် ပုံနှိပ်ဖော်ပြခဲ့ပါသည်။

## အကျယ်တဝင့် ချီးကျူးရေးသား

အမေရိကန်အသံလွှင့်ဌာန (Voice of America) မှ သတင်းထောက်က ဆရာကြီး စာတမ်း ဖတ်ပြီးပြီးချင်း တွေ့ဆုံမေးမြန်းသတင်းရယူကာ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် အသံလွှင့်ပေးခဲ့သည်။ ထို့အပြင် ဆရာကြီး၏ အောင်မြင်မှုများကို ယူအက်စ်အိုင်အက်စ် (USIS) မှ အထူးသတင်းထုတ်ပြန်ချက် (Special News Release) အဖြစ် ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့စွဲဖြင့် သီးသန့်ထုတ်ပြန်ဂုဏ်ပြုခဲ့ပါသည် (Surgeons Hear of U San Baw's Success with Ivory Bones)။ ၁၉၇၆ ခုနှစ်တွင် ဆရာကြီးသည် ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်လျက် ဆေးရုံများနှင့် ဆေးကျောင်းများတွင် ဆင်စွယ်ပေါင်ထိပ်ရိုး အစားထိုးခွဲစိတ်ကုသခြင်းကို ပို့ချရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ရာ ထိုနိုင်ငံရှိသတင်းစာများက ဆရာကြီး၏ အောင်မြင်မှုအကြောင်းကို အကျယ်တဝင့် ချီးကျူးရေးသားဖော်ပြခဲ့ကြသည်။ ဆရာကြီး၏မိတ်ဆွေနိုင်ငံခြားဆရာဝန်ကြီးအချို့က ဆရာကြီးအား ဆင်စွယ်မင်းသားလေး (Ivory Prince) ဟု ချစ်စနိုးခေါ်ကြကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံမှပြန်ရောက်ပြီးနောက် ဆရာကြီးသည် သုတေသနလုပ်ငန်းများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပရှိ ဆေးပညာဂျာနယ်များတွင် ရေးသားခဲ့ပါသည်။ အခြားတစ်ဖက်မှလည်း မန္တလေးဆေးကောလိပ်အတွက် အရိုးခွဲစိတ်ကုပညာရပ်သင်ရိုးရေးဆွဲရာတွင် အဓိကအခန်းကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သည်။ တစ်ဖန် ဆရာကြီး၏ ကြိုးကြပ်လမ်းညွှန်မှုဖြင့် လုံးဝပြတ်သွားသော လက်ကိုလည်းကောင်း၊ လက်မောင်းတစ်ခုလုံးကိုလည်းကောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ထိခိုက်ဒဏ်ရာခွဲစိတ်ကုသမှုဌာနတွင် ပထမဦးဆုံးအဖြစ် အောင်မြင်စွာခွဲစိတ်လျက် ပြန်လည်ဆက်ပေးနိုင်ခဲ့ပါသည်။

ဆရာဝန်ကြီးဦးစံဘော်သည် ၁၉၈၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။ ဆရာကြီး၏ဇနီးဖြစ်သူ ဆရာဝန်မကြီး ပါမောက္ခဒေါက်တာဒေါ်မြင့်မြင့်ခင်က ရန်ပုံငွေမတည်လျက် မြန်မာနိုင်ငံဆရာဝန်များအသင်း၏ 'ဒေါက်တာစံဘော် သုတေသနဆု (Dr San Baw's Prize for Research)' ကို နှစ်စဉ်ချီးမြှင့်နိုင်ရန် လှူဒါန်းမှုပြုလုပ်ခဲ့ပါသည်။ ။

> ၁၉၆၉ ခုနှစ် စက်တင်ဘာလမှာ လန်ဒန်မြို့ရှိ ဘုရင့်တော်ဝင်ခွဲစိတ်ကုပညာရပ် ကောလိပ်၌ ကျင်းပခဲ့သော ဗြိတိန်နိုင်ငံ အရိုးခွဲစိတ် အထူးကုဆရာဝန်များအသင်းကြီး၏ညီလာခံတွင် ဆရာဝန်ကြီးဒေါက်တာဦးစံဘော်က ပေါင်ထိပ်ရိုးကျိုးပြီး သဘာဝအတိုင်း အရိုးပြန်မဆက်နိုင်တော့သော လူနာများအား ဆင်စွယ်နှင့် ပြုလုပ်ထားသည့် ပေါင်ထိပ်ရိုးဖြင့် အစားထိုးခွဲစိတ်ကုသခြင်းဟူသော ခေါင်းစဉ်ဖြင့် စာတမ်းတင်သွင်း . . .

# သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုအနှံ့ မဏ္ဍိုင်လေးရပ်ခရီး (၃)

## ဟံသာဝတီဦးအုန်းကြိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ မူလအခွင့်အရေးပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊ ထိုသတင်းမီဒီယာလုပ်ငန်းကို စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်နှင့် နိုင်ငံသားတိုင်း သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်ဟူသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ အဓိကဦးတည်ရည်ရွယ်ချက်များအတိုင်း မီဒီယာကောင်စီသည် ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ၂၀၁၇ ခုနှစ် နှစ်ကုန်ခါနီး ယခုအချိန်အထိ တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ခဲ့ပေသည်။

**အမျိုးသားဒီမိုကရေစီအစိုးရသစ်နှင့်အတူ**

ထိုကာလအတွင်း နိုင်ငံတော်၏အာဏာကို စတင်ယူကာ ဆောင်ရွက်စပြုလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရကလည်း မြန်မာ့သတင်းမီဒီယာကဏ္ဍကို မြှင့်တင်ပေးမည်ဟု ပြောဆိုမှုများရှိလာသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကလည်း "လွတ်လပ်စွာထုတ်ဖော်ရေးသားပိုင်ခွင့်နှင့် သတင်းအချက်အလက်များ ရယူသိရှိပိုင်ခွင့်ဆိုင်ရာ ဥပဒေများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ပြဋ္ဌာန်းနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ"ကို ရန်ကုန်နှင့်တကွ တိုင်းဒေသကြီးများနှင့် ပြည်နယ်များပါမကျန် လက်လှမ်းမီသလောက် နိုင်ငံအနှံ့ ကျင်းပနေပြီဖြစ်သည်။

**နေပြည်တော်အလုပ်ရုံဆွေးနွေးပွဲကြီး**

အဆိုပါသတင်းမီဒီယာကောင်စီ၏ အလုပ်ရုံဆွေးနွေးပွဲကြီးများအနက်မှ နိုင်ငံတော်အစိုးရသစ် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျင်းပခဲ့သော "သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲကြီး" တစ်ရပ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပခဲ့ကြသည်။

**အစိုးရဝန်ကြီးဌာနများ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြခြင်း**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကြီးသို့ နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးတို့မှ အကြီးအကဲများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ စုံညီစွာတက်ရောက်၍ အမြင်ချင်းဖလှယ်ကာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့ကြသည်။

ထိုနေ့က ဆွေးနွေးပွဲကြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ(ယခု-ငြိမ်း)နှင့် သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းတို့က အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲဖွင့်လှစ်ပါသည်။

**စိန်ခေါ်မှုများနှင့်ပတ်သက်၍**

သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သော စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်းကို မီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောကလည်းကောင်း၊ သတင်းအချက်အလက်ရယူခြင်းနှင့် ပတ်သက်သောစိန်ခေါ်မှုများ (အယ်ဒီတာများကဏ္ဍ) ဆိုင်ရာအကြောင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဒေါ်သင်းသင်းသာကလည်းကောင်း၊ ပုံနှိပ်မီဒီယာကဏ္ဍဆိုင်ရာအကြောင်းကို ကောင်စီတွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းကလည်းကောင်း တင်ပြကြပြီးနောက် ၎င်းတင်ပြချက်များပါ အကြောင်းအချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကြီးအကဲပုဂ္ဂိုလ်တို့က ပြန်လည်ဆွေးနွေးတင်ပြကြသည်မှာ အလွန်လေးနက်စွာ အရေးပါလှပါသည်။

**ခေတ်သစ်စနစ်သစ် ဒီမိုကရေစီအောင်ပွဲတစ်ရပ်**

ထိုအလုပ်ရုံဆွေးနွေးပွဲကြီးမှာ မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းတွင် ပထမဆုံး အဦးဆုံး စတင်ကျင်းပသည့် စိန်ခေါ်မှုဆိုင်ရာအကြောင်းအချက်များ ဆွေးနွေးပွဲဖြစ်သော်လည်း အစိုးရဝန်ကြီးဌာနများမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များနှင့် မီဒီယာကောင်စီဝင် သတင်းသမား သတင်းစာဆရာများသည် တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်နေကြရသော စိန်ခေါ်မှုအခက်အခဲ အဟန့်အတား အကျိုးအပြစ်တို့ကို အပွင့်လင်းဆုံး ဖွင့်ဟပြောဆို ဆွေးနွေးကြသည့် ဆွေးနွေးပွဲကြီးတစ်ရပ်ဖြစ်၍ ခေတ်သစ်၊ စနစ်သစ်နှင့်အညီ ဒီမိုကရေစီအကျိုးရလဒ် အများဆုံးထွက်ပေါ်ခဲ့သော မီဒီယာအောင်ပွဲတစ်ရပ်ဖြစ်ပါ၍ ထိုဆွေးနွေးပွဲ၏ အကျိုးရလဒ်များကိုအကျဉ်းချုံး၍ "နိုင်ငံတော်၏ သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင်မော်ကွန်း" အဖြစ် ဆက်လက်တင်ပြသွားလိုပါသည်။

**သတင်းရယူခြင်းစိန်ခေါ်မှု အလုပ်ရုံဆွေးနွေးပွဲကြီးမှ ထွက်ပေါ်ခဲ့သော ခေတ်စနစ်နှင့်အညီ ဒီမိုကရေစီ ပိုင်ခွင့် အကျိုးရလဒ်များ**

(၁) အစိုးရဌာနအလိုက် ပြောခွင့်ရပုဂ္ဂိုလ်များအနေဖြင့် လုပ်ပိုင်ခွင့်အတိုင်းအတာကို သတ်မှတ်ပေးရန်၊ သတင်းအချက်အလက်များ ပေးလိုက်ပြီး ပြဿနာဖြစ်လာပါက အကာအကွယ်ပေးနိုင်သည့် အမိန့်၊ ညွှန်ကြားချက်ဥပဒေများ ရေးဆွဲပေးရန်။

(၂) ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များအနေဖြင့် ဌာနတစ်ခုလုံး၏ ဆောင်ရွက်ချက်၊ အချက်အလက်များကို သိရှိထားရန်။

(၃) သတင်းမီဒီယာသမားများအနေဖြင့် ပြောသည့်အတိုင်းမဟုတ်ဘဲ မိမိလိုချင်သည့် အပိုင်းကိုသာ ဖြတ်ယူပြီး သတင်းဖတ်သူအနေဖြင့် အဓိပ္ပာယ်ကောက်လွဲနိုင်သည့် အရေးအသားမျိုး မပြုလုပ်ရန်။

(၄) အစိုးရအဖွဲ့နှင့် မီဒီယာအကြား ယုံကြည်မှုတည်ဆောက်ရန်။

(၅) မီဒီယာသမားများအနေဖြင့် ဝန်ကြီးဌာနများက ပြုလုပ်သည့် အစည်းအဝေး၊ ဆွေးနွေးပွဲ၊ ပြင်ပဧည့်သည်များနှင့် တွေ့ဆုံပွဲများတွင် ခန်းမအခြေအနေ၊ လုံခြုံမှုအရ ကန့်သတ်မှုတို့ကို ညှိနှိုင်းဖြေရှင်းပေးရန်။

(၆) သက်ဆိုင်ရာဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်များတွင် မီဒီယာသမားများမေးတတ်သည့် သတင်းမျိုးကို နောက်ဆုံးအခြေအနေကို တင်ပေးထားရန်။

(၇) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် ဖွဲ့စည်းပုံအရ အခက်အခဲဖြစ်သည့်အတွက် စွမ်းရည်မြှင့်ပေးရန်နှင့် ဖွဲ့စည်းပုံတိုးချဲ့ပေးရန်။

(၈) အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာကောင်စီဝင်များ ယခုကဲ့သို့ မကြာခဏ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ပေးရန်။

(၉) အစိုးရဝန်ကြီးဌာနအားလုံး ပြောရေးဆိုခွင့် ပုဂ္ဂိုလ်များအနေဖြင့် သတင်းပေးရမည်ဆိုသည့် ခံယူချက် ထားရှိကြရန်။

(၁၀) ဝန်ကြီးဌာန ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များအနေဖြင့် ယခုထက်ပိုပြီး လူမှုကွန်ရက်မီဒီယာကို ပိုမိုအသုံးချကြရန်။

(၁၁) သတင်းစာရှင်းလင်းပွဲများတွင် ရှင်းလင်းချက်သာမက အမေး၊ အဖြေများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်များတွင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်။

(၁၂) ဝန်ကြီးဌာန ပြောရေးဆိုခွင့်ပုဂ္ဂိုလ်များသည် မီဒီယာများနှင့် ထိတွေ့ရန်။

(၁၃) ဝန်ကြီးဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကဲ့သို့ လေ့ကျင့်ထားသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများနည်းတူ သတင်းထုတ်ပြန်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန်။

(၁၄) ဝန်ကြီးဌာနအလိုက် ပြောခွင့်ရပုဂ္ဂိုလ်များအနေဖြင့် သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေပါ အချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန်။

(၁၅) တရားလွှတ်တော်ချုပ်နှင့် တရားရုံးတိုင်းတွင် တရားဝင်သတင်းထောက်များ ခန့်အပ်ပေးရန်နှင့် အစည်းအဝေးတက်ရောက်လာသူမှတစ်ဆင့် သက်ဆိုင်ရာဌာနအကြီးအကဲများသို့ ကြိုတင်တင်ပြပေးရန်။

(၁၆) တိုင်းဒေသကြီး/ပြည်နယ် ရုံးများတွင် သတင်းနှင့်ပတ်သက်သည့် ဆက်ဆံရေးအရာရှိများ ခန့်အပ်နိုင်ရေး ဆောင်ရွက်နိုင်ရန်။

(၁၇) ပြည်သူများသိသင့်သည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရန်။

(၁၈) ယခုဆွေးနွေးပွဲမှ ရရှိလာသည့် သဘောတူညီချက်များကို အချိန်အနည်းငယ်အတွင်း ထုတ်ပြန်ပေးရန်။

(၁၉) တရားရုံးပရိဝုဏ်အတွင်းတွင် အမှုစွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ကို တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်လိုပါက ရုံးအကြီးအကဲ၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်။

(၂၀) တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခန့်အပ်ထားရှိသည့် သတင်းပြန်ကြားရေးဆိုင်ရာပုဂ္ဂိုလ်များ၏ ဖုန်းနံပါတ်၊ နေရပ်လိပ်စာများကို ထုတ်ပြန်ပေးရန်။

(၂၁) မီဒီယာနှင့် ဆက်သွယ်လုပ်ဆောင်နေရသည့် ဌာနများ စွမ်းဆောင်ရည်မြှင့်တင်ရန် သတင်းမီဒီယာကောင်စီမှ ကူညီမည်။

**ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးသို့**

သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို သတင်းမီဒီယာကောင်စီသည် ဆက်လက်၍ အများအပြားကျင်းပဖော်ဆောင်ခဲ့ရာ လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့်ပတ်သက်၍ ဦးဆောင်လှုပ်ရှားနေကြသော လူ့အခွင့်အရေး အရပ်ဘက်အဖွဲ့အစည်းများနှင့်ပါ ပူးတွဲညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲများမှ ထွက်ပေါ်ခဲ့သော ဒီမိုကရေစီအကျိုးရလဒ်များကိုပါ ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ဤသည်တို့မှာ ယနေ့နိုင်ငံတော်က ဦးတည် တည်ဆောက်အကောင်အထည်ဖော်ဆောင်နေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီး ပုံဖော်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့် "ဒီမိုကရေစီအကျိုးရလဒ် ပြည်သူ့ဆန္ဒ ပြည်သူ့အသံ ပြည်သူ့အမြင်သဘောတရားများ"ပင် ဖြစ်ပါသောကြောင့် ခေတ်စနစ်သစ်၏ မော်ကွန်းမှတ်တိုင်တစ်ရပ်အနေဖြင့် ဆက်လက်ရေးသားတင်ပြသွားမည်ဖြစ်ပါသည်။ ။

> "ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကြီး ပုံဖော်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့် "ဒီမိုကရေစီ အကျိုးရလဒ် ပြည်သူ့ဆန္ဒ ပြည်သူ့အသံ ပြည်သူ့အမြင်သဘောတရားများ" ပင် ဖြစ်ပါသောကြောင့်..."

## နဝမအကြိမ်မြောက် မဟာမဲခေါင်ဒေသနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ညီလာခံကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်)၏ နဝမအကြိမ်မြောက် မဟာမဲခေါင်ဒေသနိုင်ငံများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာညီလာခံကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max တွင် "Adopting Health Lifestyle; Combating NCDs" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသများ၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်အဖွဲ့အစည်းများ၊ WHO/UN နှင့် INGOs/NGO အဖွဲ့များမှ သုတေသနပညာရှင်များလည်း ပါဝင်မည်ဖြစ်သည်။

ညီလာခံတွင် စာတမ်း ၁၂၅ စောင် တင်သွင်းမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၏ ညီလာခံခေါင်းစဉ်အပေါ် ဆွေးနွေးတင်ပြချက်(Panel Discussion)များလည်း ပါဝင်မည်ဖြစ်သည်။

ညီလာခံတက်ရောက်လိုသူများသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)ဖုန်း - ၀၉-၅၁၆၁၅၂၄ သို့လည်းကောင်း၊ Novotel Yangon Max တွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီတွင် လာရောက် Registration Fees ပေးသွင်း၍လည်းကောင်း တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုဝင်ဘာလ ဒုတိယပတ်တွင် တောင်စွန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဟန်တင့်နှင့်အဖွဲ့က ဘီးလင်းမြို့နယ် ပေါက်တော ကျေးရွာအုပ်စု ကျုံကမိစုကျေးရွာတွင် မှုခင်းပြခန်းယာဉ်ဖြင့် ပညာပေးဆောင်ရွက်ရာ ကျေးရွာအုပ်ချုပ် ရေးမှူးနှင့် ကျေးရွာနေပြည်သူ ၉၀ ခန့် လာရောက်ကြည့်ရှုလေ့လာစဉ်။**

မြို့နယ်(ပြန်/ဆက်)

# လွိုင်ကော်မြို့ လွိုင်လင်လေးကျေးရွာ၌ ကယန်းနှစ်သစ်ကူး ပွဲတော်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂၀**
ကယန်းသက္ကရာဇ် (၂၇၅၆-၂၇၅၇) ခုနှစ်တွင် ကယန်းနေ့ထူးနေ့မြတ်ဖြစ်သော ကယန်းနှစ်သစ်ကူးပွဲတော်အား ကယန်းမျိုးဆက်သစ်လူငယ်ဒေသစည်းရုံးရေးကော်မတီမှ နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက လွိုင်ကော်မြို့နယ် လွိုင်လင်လေးမြို့ အမှတ်(၅)ရပ်ကွက်ရှိ ပွဲတော်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကယန်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားပြီး ကယန်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီသဝဏ်လွှာအား ကယန်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ ဦးပေါ်လူချမ်းက ဖတ်ကြားခြင်း၊ ကယန်းမျိုးဆက်သစ်လူငယ် သဝဏ်လွှာအား ကယန်းမျိုးဆက်သစ် လူငယ်အတွင်းရေးမှူး ခွန်းအားနားဘုဒ်က ဖတ်ကြားခြင်း၊ ကယန်းအမျိုးသမီးစည်းရုံးရေး သဝဏ်လွှာအား လုပ်ငန်းအလုပ်အမှုဆောင် မူကလိုရီးယားက ဖတ်ကြားခြင်း၊ ကရင်နီ ပြည်နယ်လူငယ်များ သမဂ္ဂ (UKSY) တာဝန်ခံတစ်ဦးက ဖတ်ကြားခြင်း၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ခွန်းအန်ထော်နီအုပ်ကအားပေးစကား ပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ အားကစားပြိုင်ပွဲများဖြစ်သော ဘောလုံးပြိုင်ပွဲ၊ ခြင်းလုံးပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲများတွင် ဆုရရှိသူများအား ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူအသီးသီးမှ ဆုများချီးမြှင့်ခြင်း၊ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်က ကယန်းနှစ်သစ်ကူးနေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်ကာ ကယန်းနှစ်သစ်ကူးပွဲ ဖြစ်မြောက်ရေးကော်မတီအား အလှူငွေ ငါးသိန်း ပေးအပ်ခဲ့သည်။ ထို့နောက် ကယန်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဂျိုးဇက်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းသိရသည်။

ကယန်းနှစ်သစ်ကူးနေ့သည် ကယန်းတစ်မျိုးသားလုံး အတွက် နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပြီး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် ကယန်းတစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းခြင်း၊ အစိုးရနှင့် အခြားတိုင်းရင်းသားများ အတူတကွ ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ ကယန်းသမိုင်းကြောင်းကို ပြန်လည်ကြည့်မည်ဆိုပါက ကယန်းလူမျိုးတို့သည် ပျူ သက်၊ ကမ်းယံ လူမျိုးသုံးစုထဲမှ ကမ်းယံအနွယ်ဝင် လူမျိုးတစ်မျိုးဖြစ်ရာ ကမ်းယံလူမျိုးမှ ဆင်းသက်လာပြီး ကိုယ်ပိုင်ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့က သမိုင်းသက်သေပင်ဖြစ်ကြောင်း၊ ကမ်းယံလူမျိုးများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော BC - 739 ကို ကယန်းခုနှစ် သက္ကရာဇ်၏ အစရေတွက်မှတ်သားလာခဲ့ရာ ယနေ့ ၂၇၅၇ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ကယန်းလ Lasuprao Htan (1) don၊ မြန်မာလ၏ နတ်တော်လဆန်း(၁)ရက်နေ့သည် ကယန်းနှစ်သစ်ကူးနေ့ဖြစ်ကြောင်း၊ ကယန်းနှစ်သစ်ကူးနေ့ အခမ်းအနားကို ရှမ်းပြည်နယ်အတွင်းရှိ ကယန်းဒေသ ကိုးနေရာ၊ ကယားပြည်နယ်အတွင်းရှိ ကယန်းဒေသ ကိုးနေရာ၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သောက်ရေခပ် ကျေးရွာတွင် တစ်နေရာ၊ နေပြည်တော်ကောင်စီနယ်မြေရှိ ကယန်းဒေသ တစ်နေရာ စုစုပေါင်းနေရာ ၂၀ တို့တွင် ကယန်းနှစ်သစ်ကူးနေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**





# သံလွင်မြစ်ပြင်အလှအား နိုင်ငံခြားသားဧည့်သည်များ လှည့်ပတ်ကြည့်ရှုနိုင်ရန်အတွက် ကြိုတင်ကြည့်ရှု

**ဘားအံ နိုဝင်ဘာ ၂၀**
ကရင်ပြည်နယ် ဘားအံမြို့တွင် Kayin State Investment Fair (2017)သို့ တက်ရောက်မည့် နိုင်ငံခြားဧည့်သည်များ သံလွင်မြစ်ပြင်အလှများ လှည့်ပတ်ကြည့်ရှုနိုင်ရန်အတွက် နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီမှစတင်ကာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကရင်ပြည်နယ် ဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့သံလွင်မြစ်အတွင်း ကြိုတင်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့သီရိကွင်းတွင်နိုဝင်ဘာ ၂၄ နှင့် ၂၅ ရက်တို့တွင် ပြုလုပ်မည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ကုန်စည်ပြပွဲ ပြုလုပ်မည်ဖြစ်သည်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် အဆိုပါ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ကုန်စည်ပြပွဲသို့လာရောက်ကြမည့် နိုင်ငံခြားဧည့်သည်များ သံလွင်မြစ်ပြင်အလှများလှည့်ပတ် ကြည့်ရှုနိုင်ရန်အတွက် ကြိုတင်ကြည့်ရှုသည့်အနေဖြင့် ရေဘဝဲ (၃)ရေယာဉ်နှင့် ဘားအံ မြို့ကမ်းနားလမ်းမှတစ်ဆင့် ရွှေယာဉ်မျှော်ဘုရား၊ ကမ်းတစ်လျှောက် မုက္ကတိကျေးရွာထိလည်းကောင်း ထိုမှတစ်ဆင့် ပြန်လည်၍ ရေစုန်အတိုင်း ထမင်းဆုပ်တောင်၊ လင်းနို့ဂူ၊ သံလွင်တံတားအား ဖြတ်ကျော်ကာ တရုတ်လှကျေးရွာအထိ သွားရောက်ကြည့်ရှုခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မိုးကောင်းမြို့၌ မူလတန်းအဆင့် မြန်မာစာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိုးကောင်း နိုဝင်ဘာ ၂၀**
ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်စု(ခ) ပညာရေးမိသားစု၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းသားကျောင်းသူများ မြန်မာစာစွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် KGတန်းကလေးငယ်များက မြန်မာစာစွမ်းရည်နှင့် ပတ်သက်သည့် သင်ကျောင်းတွင်းမှာ ပျော်ရွှင်လျှင် ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ပထမတန်း ကျောင်းသား ကျောင်းသူလေးများက မြန်မာစာအရေး၊ ဒုတိယတန်းနှင့် တတိယတန်း ကျောင်းသား ကျောင်းသူလေးများက မြန်မာစာအဖတ်စွမ်းရည်နှင့် စတုတ္ထတန်းအဆင့် ကျောင်းသား ကျောင်းသူ လေးများက နားထောင်မှုစွမ်းရည် ပြိုင်ပွဲများကို အတန်းအဆင့်လိုက် ကျင်းပခဲ့ရာ ကျောင်းအုပ်စုအတွင်း ကျောင်းပေါင်း ၂၉ ကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများ ကျင်းပပေးရာတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်တင်လှနှင့် ကျောင်းအုပ်စုအတွင်းပါဝင်သည့် ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ကြီးကြပ်ကာ ပြိုင်ပွဲများအပြီးတွင် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံရေး ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များအား ဖိတ်ခေါ်

**ဟားခါး နိုဝင်ဘာ ၂၀**
ချင်းပြည်နယ် မြို့တော်ဟားခါးနှင့် ပလက်ဝမြို့တွင် ၂၀၁၈ ခုနှစ်အတွင်း တည်ဆောက်မည့် စက်မှုဇုန် စီမံကိန်းနှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကိုဖိတ်ခေါ်လျက်ရှိကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးမှ သိရသည်။

စက်မှုဇုန်စီမံကိန်းနှစ်ခုကို အကောင်အထည်ဖော်ရာတွင် အစိုးရကဦးဆောင်၍ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်အောက်တိုဘာတွင် ပြဋ္ဌာန်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ချင်းပြည်နယ်တစ်ခုလုံးကို ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများအဖြစ်သတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ပါက အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ရရှိထားကြောင်း၊ အဆိုပါဥပဒေအရ ၂၀၁၇ ခုနှစ် ဧပြီ၌ စတင်အသက်ဝင်ခဲ့သော်လည်း လက်ရှိတွင် ချင်းပြည်နယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းမရှိသေးကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေပြီးလုပ်ငန်းဖြစ်နိုင်ခြေရှိ၊ မရှိလေ့လာဆဲဖြစ်ကြောင်း၊ ထိုသို့စက်မှုဇုန်တည်ထောင်ရန် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်နေသကဲ့သို့ တစ်ဖက်ကလည်း ချင်းပြည်နယ်ရှိ လျှပ်စစ်ကဏ္ဍ၊ မြို့ပြကဏ္ဍနှင့် ထုတ်လုပ်မှုကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံလိုသူများကို ဖိတ်ခေါ်လျက်ရှိကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"စီမံကိန်းအတွက် အခုလုပ်ငန်းဖြစ်နိုင်ခြေရှိ၊ မရှိ လေ့လာနေဆဲပါ၊ အဲဒီလေ့လာမှုအတွက် အချိန်ယူပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်မှာ ဖြစ်တယ်၊ ဒီအချက်အလက်ပေါ်မူတည်ပြီး ဘယ်လိုလုပ်ငန်းတွေဦးစားပေးမယ်ဆိုတာဆုံးဖြတ်သွားမယ်၊ ဒီလိုစက်မှုဇုန်တွေဖွင့်လှစ်လိုက်ခြင်းအားဖြင့် စက်မှုကဏ္ဍအတွက်အခွင့်အလမ်းတွေဖြစ်လာမယ်၊ ဒေသနဲ့ကိုက်ညီတဲ့ တီထွင်ဖန်တီးမှုအပိုင်းတွေ လုပ်လာနိုင်မယ်" ဟု ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှု၊ အလုပ်အကိုင်သစ်များဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက်ရရှိနိုင်မှု၊ ပြည်တွင်း ပြည်ပဈေးကွက်အခြေအနေ၊ ပြည်တွင်းစားသုံးရန်လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့်လူမှုရေးထိခိုက်ကာကွယ်မှု၊ ထိန်းသိမ်းရေးဆောင်ရွက်မှုအစီအမံများ၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲဥပဒေများလိုက်နာခြင်း စသည့်အချက်များပေါ်မူတည်၍ ခွင့်ပြုပေးနေခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ချင်းပြည်နယ်ဦးစီးမှူးရုံးနှင့် DaNa Facility(UK Aid)တို့ပူးပေါင်းဆောင်ရွက်သည့် ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့ရေးအတွက် ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဟားခါးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၇ မှ ၁၈ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဇိုဟေဆာ**

# အနေးယာဉ်များအား စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၀**
ရန်ကုန်မြို့တွင်ဒေသတွင်းသွားလာမှုအဆင်ပြေစေရေးအတွက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အနှေးယာဉ်များအား အနှေးယာဉ်စည်းကမ်းနှင့်အညီ လိုင်စင်ထုတ်ပေးပြီး ခွင့်ပြုထားသော်လည်း အချို့သောအနှေးယာဉ်များက လိုက်နာရမည့် စည်းကမ်းများကို ချိုးဖောက်၍ လမ်းဆုံလမ်းခွများတွင် ဂိတ်ထိုးရပ်နားခြင်းနှင့် လမ်းပြောင်းပြန်စီးနင်း သွားလာမှုများရှိနေသဖြင့် နိုဝင်ဘာ ၁၉ ရက်က လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် စည်ပင်သာယာအဖွဲ့မှ ရှောင်တခင်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မရမ်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် ဘုရင့်နောင်ကားပစ္စည်းဈေးဝင်းနှင့် လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်အေးရိပ်မွန် (၄) လမ်းထိပ်မှအနှေးယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်းသိရသည်။

**မောင်သုည**

Access Cherry Travels & Tours Co., Ltd.
မော်စီသစ္စာ
ဝ၈ -ရက် 18 Dec,2 Jan,1 Feb,6 Mar,10 Apr ၉.၅သိန်း
ဝ၁၂-ရက် 6 Jan,10 Feb ၁၀.၅သိန်း
ဝ၁၅-ရက် 26 Dec,15 Jan,12 Feb,24 Mar,7 Apr ၁၁.၅သိန်း
Promotion
၁၀ဦး+ ၁ဦး
Ph: 09-43053066, 952223177, 952223199, 794843429, 259813831

Access Cherry Travels & Tours
မြန်မာတွင်း(5+1) FOC
Ph - 09- 952223177/ 99,09- 253994369, 09-259813831

ငွေရှင်းစင်ခြင်း
Dec 1,8, 15,22,29
373378, 09-420327072, 09-44804040

01.2330054
095160048
09-782470755

ရွှေလမ်းညွှန်
37000
09-420087371, 09-259302029

ရွှေအိုးကြီး
09421073634, 777636630

ခေတ်ရွှေဆောင်
09-448230191,09-795307565
Dec - 15, 22

လှိုက်လှဲစွာ ကြိုဆိုပါ၏။
မဲခေါင်ဒေသတွင်း နိုင်ငံများဆိုင်ရာ
" တိုင်းရင်းဆေးနှင့်ဆက်စပ်ပစ္စည်းများ ပြပွဲကြီး " ကို
လှိုက်လှဲစွာကြိုဆိုပါ၏။
(၂၂)ရက်မှ (၂၄) ရက်နေ့ထိ
နိုဝင်ဘာလ၊ ၂၀၁၇ ခုနှစ်
တပ်မတော်ခန်းမ

ကားငှားမည်
09-795548884

သန်းသန်းမြင့်ဦး
09-420067001
09-428777677

ဝန်ထမ်းအလိုရှိသည်။
၁။ အထွေထွေမန်နေဂျာ (ဟုပ်ချုပ်ရေး) (ရန်ကုန်) (ကျား) ၁ ဦး
ဘွဲ့ရ လုပ်သက် (၁၀) နှစ်
၂။ အထွေထွေမန်နေဂျာ (Operation) (ကျား) ၁ ဦး
ဘွဲ့ရ လုပ်သက် (၁၀) နှစ်
Operation အတွေ့အကြုံရှိသူ
၃။ စီမံကိန်းမန်နေဂျာ (သတ္တုတွင်း) (ကျား) ၁ ဦး
B.E (mining)
၄။ စီမံကိန်းမန်နေဂျာ (စိုက်ပျိုးရေး) (ကျား) ၁ ဦး
၅။ စိုက်ပျိုးရေးမန်နေဂျာ (ကျား) ၁ ဦး
၆။ မန်နေဂျာ (စက်ပစ္စည်းပိုင်း) (ကျား) ၁ ဦး
BE/AGTI (Mechanical) လုပ်သက် (၅) နှစ်
၇။ ခြံမန်နေဂျာ (ကျား) ၁ ဦး
၈။ ခြံမှူး (ကျား) ၄ ဦး
၉။ အကြီးတန်းစာရေး (ကျား/မ) ၂ ဦး
၁၀။ အကြီးတန်းစာရေး (ကျား) ၁ ဦး
24 Hour Co., Ltd.
Email - 24hourcoltd@gmail.com

ရောင်းခြည်ထိန်
10',14',15'
Ph:09-450454771
09-450454772
09-450454773

မကြွေသောပန်း
09-258022220
09-250499979
09-73209992
09-254449533

SEVEN
09-33 333 511
09-33 333 514
09-33 333 644

သီဟလင်း
(10',14',16',18',22')
01-570307
09-5112729
09-5126394

## နေရာကောင်း လမ်းမတန်း မြေကွက်ရောင်းရန်

- ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းမကြီး၊ ဘိုးဘွားပိုင်မြေ ပေ(၉၂×၁၁၈)
- တစ်ထပ်တိုက်၊ Showroom (၁) လုံးနှင့် အခန်း(၁၃)ခန်းပါ နှစ်ထပ်တိုက် (၁)လုံး ပါဝင်သည်။
- (Commercial building Highrise building ဆောက်လုပ်ရန်အတွက် နေရာကောင်း) တိုက်ရိုက်ဝယ်သူများသာ ဆက်သွယ်ရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၂၅၅၆၈၈၊ ၀၉-၇၈၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၀၀၀**

## "ညှိနှိုင်းဈေးဖြင့် လုံးချင်းတိုက်ငှားရန်ရှိသည်"

လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်းကျယ် ပေ(၂၅×၅၀) နှစ်ထပ်တိုက်လုံးချင်း၊ ရှေ့တွင်ကားပါကင် (၃) စီးနေရာရှိပါသည်။ Air Con (၇) လုံး၊ မီးစက်ပါ၊ ၂၄ Hours လုံးခြုံရေးကောင်းမွန်ပါသည်။ တိုက်ရိုက်အငှားများသာ ဆက်သွယ်ပါရန်။

**(အကျိုးဆောင်မလို) ဖုန်း-၀၉-၇၉၉၂၅၅၆၈၈**

"30%ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့်အခွင့်အရေး"
ရွှေကမ်းသာယာအိမ်ရာစီမံကိန်း
*** Special Payment ***
May Flower Trading
နှင့်
ဧရာဝတီဘဏ်တို့ ပူးပေါင်းပြီး
(၁၀) နှစ်အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်မည့်အခွင့်အရေး
ကုမ္ပဏီမှတိုက်ရိုက်ရောင်း/ငှားပေးနေပါပြီ


Luxury House





တည်နေရာ လှိုင်သာယာမြို့နယ်
Contact No- 01 650535, 01 666183, 01 651436
01 663578, 09 73154424
2Storey Single House

## ရွှေပါရမီ ပညာရေးကောင်စီအဖွဲ့

### တက္ကသိုလ်ပညာသင်ဆုလျှောက်ထားနိုင်

ရွှေပါရမီကောက်ရမေတ္တာ အဖွဲ့ချုပ်နာယက ဦးဆောင်သော ရွှေပါရမီပညာရေးကောင်စီအဖွဲ့၏ ဆွေမျိုးအကြိမ်မြောက် တက္ကသိုလ်ပညာသင်ဆုကို "၂၀၁၇" တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်၍ ဆေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ရေနံဓာတ်ဆိုင်ရာဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင်ပူးတွဲရမည့်-

(၁) လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ မိဘနေရာဓာတ်ပုံနှင့် နေအိမ်ဓာတ်ပုံ
(၂) ကိုယ်ရေးအချက်အလက်အပြည့်အစုံ
(၃) မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ
(၄) တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းမိတ္တူ
(၅) သက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်မိတ္တူ
(၆) မိဘအလုပ်အကိုင်နှင့် ဝင်ငွေ
(၇) ညီအစ်ကိုမောင်နှမများ၏ အလုပ်အကိုင်၊ ဝင်ငွေနှင့် ပညာရေး
(ဥပမာ - ကျောင်းသားဖြစ်ပါက တက်ရောက်ပညာသင်ကြားနေသည့် အတန်း၊ တက္ကသိုလ် အပြည့်အစုံ)
(၈) မိမိကိုယ်တိုင်၊ မိဘ၊ အမြဲတမ်းဖြည့်စွက်ကူညီပြီး၊ စုစုပေါင်းသုံးဦးတို့၏ ပညာသင်ဆု လျှောက်ထားရခြင်းအကြောင်း ရှင်းလင်းတင်ပြချက် (ကိုယ်တိုင်လက်ရေးအသီးသီးဖြင့်)
(၉) ပညာသင်ဆု လျှောက်ထားသော အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ
(၁၀) ကျောင်းစာပြင်ပလှုပ်ရှားမှုနှင့် အောင်မြင်မှုများ(အထောက်အထားမိတ္တူဖြင့်)
(၁၁) ဘဝရည်မှန်းချက် (ကိုယ်တိုင်လက်ရေးဖြင့်)
(၁၂) ဆရာတော်အရှင်အဂ္ဂဝံသ၏ စာအုပ်များ ဖတ်ဖူးပါက မည်သည့်စာအုပ်ကို မည်သည့် အတွက်ကြောင့် အနှစ်သက်ဆုံးဖြစ်ကြောင်း နားလည်ခံစားချက် (ကိုယ်တိုင်လက်ရေးဖြင့်)တို့ကို "ရွှေပါရမီပညာရေးကောင်စီအဖွဲ့၊ အမှတ်(၆၁)၊ ရွှေဥဒေါင်းလမ်း၊ ဆွေတိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့"သို့ ဒီဇင်ဘာလ (၂၀)ရက်နေ့ နောက်ဆုံးထားပေးပို့၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများအနက် အရွေးခံရသူများကို လူတွေ့မေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်းတို့ဖြင့် ရွေးချယ်၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အခမ်းအနားဖြင့် ပညာသင်ဆု ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

မှတ်ချက်။ ။ အချက်အလက်မပြည့်စုံသောလျှောက်လွှာများ လုံးဝလက်ခံမည်မဟုတ်ပါ။

ရွှေပါရမီပညာရေးကောင်စီအဖွဲ့



## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် "တြိဂံအာဗ္ဗဒေ(ခ)တြိဂံလီမိတက်" မှ
"ဘက်ခွဲ(၅၀၀)ပြည့်" ကို
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ(၁၀)ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း
အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အနာဂတ်တွင်
ဆတက်ထမ်းပိုး ကြီးပွားတိုးတက်အောင်မြင်နိုင်ပါစေကြောင်း
မေတ္တာဖြင့် ဆုမွန်ခြွေအပ်ပါသည်။

စိုက်ပျိုးရေးကြေးရုပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ
နှင့်
လွတ်လပ်ရေးကျောက်တိုင်ဖြစ်မြောက်ရေးကော်မတီ
မြို့မြို







အထူးလျှော့စျေးနှင့်ရောင်းချပေးမှာဖြစ်လို့
လက်လွတ်မခံသင့်သောအခွင့်အရေး

Special
Company Direct
Promotion

မိတ်ဆွေကောင်းမိတ်သင်္ဂဟများ ရှင့် .........
( 23-11-2017, 24-11-2017, 25-11-2017) ရက်ထိ
ပြခန်းနံပါတ် (501) Myanmar Event Park
မင်းဓမ္မလမ်းနှင့် အောင်သိဒ္ဓိလမ်းထောင့်မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့မှာ
အထူး Promotion တွေနဲ့ ရောင်းချပေးမှာဖြစ်သည့်အတွက်
လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်နော်။



ဆီးတုန်းမြို့တွင်နှစ်ရှည်လုပ်ကိုင်ရန်ပုတ်ပြတ်လုပ်သားများ
အလိုရှိသည်။ (ကျား/မ) (၁၀၀) ဦး

24 Hour Co., Ltd.



(English Major)
(၁၀)တန်းဘာသာရပ်အမှီပြီးနှင့်တက္ကသိုလ်ပြည်ထောင်ကျောင်းများ
ဖွင့်လှစ်သည်။
Ph:09-5506737,01-376849



T-Shirt
650/750
09454090685, 09451655671



Mobbish®




(COLLAGEN EXTRACT) (NMF) (PURE SILK OIL EXTRACT) (OLIGOELEMENT) VITALEXTRACT

Apple Production Co., Ltd.



အောင်မင်္ဂလာ
အိမ်ခန်း၊ ရုံးခန်းများကို
တားနှင့်အထူ ကျွမ်းကျင်
ဝန်ထမ်းများဖြင့် မြို့တွင်း၊
နယ်ဝေး ပြောင်းရွှေ့
ဝန်ဆောင်မှုပေးပါသည်။
09 428 77 33 00
09 428 77 33 55
09 428 77 33 88


သွေးသည်
အသက်

## ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၂၄)၊ (၄)လွှာ၊ ခေါင်းရင်းခန်း၊ ညောင်တုန်းလမ်း၊ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်ရွှေဇင်နွယ်[၁၂/မဘန(နိုင်)၀၈၀၆၀၅]သို့ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းကို စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါတိုက်ခန်းကို တရားဝင်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

| ဒေါ်အေးမြင့်ရီ | ဦးသိန်းညွန့် |
|---|---|
| B.Sc, DA, H.G.P, R.L, D.B.L, D.M.L, D.I.L | B.A, H.G.P, R.L,D.B.L, D.M.L, D.I.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁) |

အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၅၀၅၃၁၀၇

NEW MOTION Travels & Tours

| | | | |
|---|---|---|---|
| * ထောင်ကြီးခရီးစဉ် | Dec;15,22,29 | * မြိတ်ခရီးစဉ် | Dec;16,23,30 |
| * မန္တလေး ခရီးစဉ် | Dec;15,22,29 | * ကလော - လွိုင်ကော်ခရီးစဉ် | Dec;15,22,29 |
| * ပုဂံ ခရီးစဉ် | Dec;15,22,29 | * ထားဝယ် - မော်လမြိုင်ခရီးစဉ် | Dec;15,22,29 |
| * ချောင်း ခရီးစဉ် | Dec;15,22,29 | * မြဝတီ - မဲဆောက်ခရီးစဉ် | Dec;15,22,29 |

Ph ; 09 73148922, 09 260792879, 09 260792878, 01 527 922 , 01 538 811

ဗိုလ်မြင့်ကြည်

ကျိုက်ထီးရိုး 33000
ရှော့ပ်တော 35000
40000
ငွေဆောင် 35000
50000
X'mas & New Year
Hotel Guest
09-5093704, 09-450012971
01-549380

မီးသတိပြု

မြတ်စွမ်း

၂၀၁၇ – ၂၀၁၈ ခုနှစ်
- 17 DEC 2017 , 10 FEB , 24 MAR 2018
- 13 APR 2018

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
### အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန
### SEAMEO CHAT

အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I (1/2018) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| သင်တန်းအမည် | CHAT Communication in English Language Course, Basic Level I (1/2018) |
| သင်တန်းဖွင့်လှစ်မည့်နေရာ | ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန ပြည်လမ်း၊ ရန်ကုန်မြို့။ |
| သင်တန်းဝင်ခွင့်အရည်အချင်း | သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲတွင် သင်တန်းကလက်ခံနိုင်သော လူဦးရေနှင့်အညီ သတ်မှတ်ထားသော အောင်မှတ်ရရှိသူများ ဖြစ်ရမည်။ |
| သင်တန်းလက်ခံမည့်ပုံစံ | ၂၇-၁၁-၂၀၁၇ရက် နံနက် ၉း၀၀နာရီတွင် SEAMEO CHAT facebook မှတစ်ဆင့် သင်တန်းဝင်ခွင့်ပုံစံကို download ရယူပြီး ပုံစံတွင် ဖော်ပြထားသော email address ကို ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။ (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့် အချိန်၊ နေ့ရက်၊ နေရာတို့ကို SEAMEO CHAT facebook တွင် လည်းကောင်း၊ SEAMEO CHAT ဌာနတွင်လည်းကောင်း ဖော်ပြထားမည် ဖြစ်ပါသည်။ |

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**

ပေါ်ပြူလာစတား Travel & Services
ဗုဒ္ဓဂယာခရီးစဉ်
ဒီဇင်ဘာ - ၅(ပြည့်)
ဇန်နဝါရီ - ၂၂(၁၀ဦးရေ)
ဖေဖော်ဝါရီ - ၇(၂၀ဦးရေ)၊ ၂၀(၁၀ဦးရေ)
မတ် - ၂၇
ဧပြီ - ၁၀(၇ည/၈ရက်)
ဒီဇယ်ကနုပ်ခရီးစဉ်
(၄ညအိပ် - ၅ရက်) - ဒေါ်လာ ၄၅၀
(၃၁.၁၂.၂၀၁၇ မှ ၄.၁.၂၀၁၈)
မြဝတီ – မဲဆောက် – ဘားအံခရီးစဉ်
(၂၂.၁၂.၂၀၁၇ မှ ၂၄.၁၂.၂၀၁၇)
Ph: 01 2301866, 09-5129134, 09-795429379

ဆရာမိုး Follow Me Ph.D (USA) IELTS
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည်
ENGLISH 4 SKILLS Level (1,2) ၄၊၆လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter ... Nov 25
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
Advanced English Grammar & Writing ၄၊၆လ အထူး
SPEAKING ၄၊၆လ အထူး
4 Skills Band 7 ... IELTS ၄၊၆လ အထူး
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D ... သင်ကြားသည်။
0943125393
01 8398118,295798

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
1 Sqft = 4000 Ks
Ph: 09-797920009

"ရွှေစည်"
09-73122029, 09-795669534

သာလွန်ကျော်
Ph: 09-420780797
09-254285314

ALPHARD 2003
09 450036589, 09 31905845

ပြည်လမ်းမတန်းခြံ ရောင်းမည်/ငှားမည်။
ဆက်သွယ်ရန် 09967999888, 0943999888

THE UNIVERSITY OF MELBOURNE

# Meet Melbourne in Myanmar



**No. 1 in Australia ^ | No. 32 in the World ^ | World No. 7 for Graduate Employability ***

Join us for our Information Seminar to hear about our world class programs and how you too can become a graduate with an international recognised qualification, from one of the world's finest universities. You'll have the opportunity to meet with University of Melbourne staff, find out about entry requirements and scholarships for high school students, and hear from our prestigious alumni.

**Tuesday 28th Nov 2017 5:00pm-7:30pm**

**Sule Shangri-La Hotel**
223 Sule Pagoda Rd, 11182, Yangon
Myanmar (Burma)

**Register now:**
futurestudents.unimelb.edu.au/myanmar2017

**For more information contact:**
Claire Bingley
Regional Manager Myanmar
c.bingley@unimelb.edu.au

**Australian Visa & Student Services:**
Phone: 095 147 227

CRICOS 00116K ^Times Higher Education World University Rankings 2016-2017 | * QS Graduate Employability 2018

ASIA DRAGON (အာရှနဂါး)
ကျိုက်ထီးရိုး ရွှေ ဘုရား
ငွေ ဆောင်
မြဝတီ မဲဆောက်ဘားအံ
ပုဂံ ရွှေ စည်းခုံဘုရား
01 707062, 01 703790, 09 30030030, 09 30030070, 09 30030090

GOLDEN LIGHT Nov-24/Dec-1,8,15,22
55000 65000
50000 Hotel Package- 75000
50000 Hotel Package- 75000
65000 Travel Package- 100000
Motel Package 75000
09.43197550, 421099405, 252225772

သန်းရွှေနှင့်ဇော်ဇော်များ
Dec 1
Dec 22

ရတနာရွှေ
50000
35000
40000
18000
60000

ရွှေပင်း
09425355758, 09265913926
09-263828216
Hotel- 75000
Hotel- 75000
Hotel- 65000

"ဓမ္မသုခမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
•၂၀၁၇-၂၀၁၈ ခုနှစ် - ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
•(၁၀)နှစ်ပြည့် အထူးအစီအစဉ် နိုဝင်ဘာလမှစ၍ လများတွင်
(6.Dec ...)(24.Dec)(14.Jan)(28.Jan)
(23.Dec) (Hotel)

MIA Travel & Tours
မြင့်မြတ်
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ
01-519415, 09-453300339, 09-453300449, 09-777565449, 09-777567449

Home Since 1996
ကျွန်းဒီဇိုင်း သစ်သားတု အခန်းဖွဲ့ နံရံနှင့်မျက်နှာကျက်လှူဘိုးဖြား
လိုက်ကာ လက်ဆောင်အစီအစဉ်
T&G အခန်းဖွဲ့ ၃ ကျင်းဝယ်ယူရုံဖြင့်
Zebra Blind
3' x 3' ၁ ချပ် လက်ဆောင်





အမှတ် F(2~8) ...
အမှတ် (E-11A) ...
09-79 700 70 70 09-79 700 70 80



ဝိဇ္ဇာဓါတ် (အကြားအမြင်) ပါရမီရှင်
ဆရာမကြီးဒေါ်မြင့်မိုရ်ခင်
နံနက်(၉)နာရီမှ ညနေ(၅)နာရီထိ
ဆိုင်အမှတ်(၁) မဟာဝိဇယဘုရား မျှော်ဘက်မုခ်
Ph-09421097827

ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂.၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ...
ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ
(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့ကဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။
၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော် ဒါ
၂၀၁၈-၁၉ ပညာသင်နှစ် အတွက်
ကျောင်းကြိုအပ်လက်ခံပြီ







အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ ဝေဇယန္တာလမ်း သုဝဏ္ဏ ရန်ကုန်မြို့ ...
Ferry ...

တသင်းဝိုင်း၏ ဝေတနာပါသော ဆရာ၊ ဆရာမများ စုစည်းရာဖြင့်
ဝါဒ်ကလင်၊ ကြည်ဦးရန်ပြီ
တည်ထောင်သော
ဝဏ္ဏလမ်းဝိုင်း
တသင်းဝိုင်း၊ နေ့တက်ဘော်ဒါ၊ အဆောင်နေဘော်ဒါ၊ တကျက်ဝိုင်း



Facebook, Instagram, Messenger, Viber, Wechat, Chatting
(motivation)

2018-2019
ကျောင်းအပ်လက်ခံပြီ

FORWARD Travel & Tour Co., Ltd 09-977890964,01-8569783

| | | |
|---|---|---|
| ဟာလောင်းဒေသ-ဟာနွိုင်း | ....Dec 15, 22, 29 | Jan 4 |
| မွေနဲ့ ဒါလတ်ပန်းမြို့တော် | ....Dec 15, 22, 29 | Jan 4 |
| စတ်ကျူ ခရီးစဉ် | ....Dec 15, 22, 29 | Jan 4 |
| တန်ကောက်-ပတ္တရား | ....Dec 15, 22, 29 | Jan 4 |
| ဒူဘိုင်း/ဂျပန် ခရီးစဉ် | ..................Dec 22 | Jan 4 |

January ခရီးစဉ်များ ကိုကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Discount အထူးခံစားခွင့်များကိုရယူလိုက်ပါ
Build (C/248), Room (A/1), Laydauntkan Road, Thingangyun Township, Yangon

FORWARD 09259259180~1~2
မြင်းဦးလှိုင် ကျောက်စိမ်းဝေစီ စစ်ကိုင်းတောင် (နေ့ချင်းပြန်) 39000
ဖြတ်တွန်းခရီးစဉ် Hotel 109000 / ကားသေနင်း ရေနာင်းသို 139000

မအိ ချောင်းသာအထူးသီးသန့်
ပုသိမ်ရွှေမုဋ္ဌောဘုရား၊ ချောင်းသာကမ်းခြေ
၁-၁၂-၂၀၁၇ ထွက်မည်
စား၊ တည်း၊ ငြိမ်း - ၄၀၀၀၀ကျပ်
(ကြိုတင်လက်မှတ် ဝယ်ယူနိုင်ပါပြီ)
ဒေးစွန်ပါတောင်တော် (အပတ်စဉ်-တနင်္ဂနွေ)
ရွှေစေတီ၊ ကျိုက်စွန်ပါ၊ နွားဝေ့တောင်၊ ဒေးလားစွန်ပါ၊ ဗားမဲ့ဂူ (နေ့ချင်းပြန်)
ဖုန်း-၀၉-၇၆၄၄၈၁၄၄၇၊ ၀၉-၄၂၀၀၈၁၈၅၊ ၀၉-၇၇၆၃၅၆၅၇၄

Modern Myanmar Travel
09-450041016,09-253540004

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်)
01-240860,01-372290,09-49262825,09262784651,09445666373

ပါကောခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ၊ ဘိလပ်မြေကိုင်း မိတ်ချွတ်ဆောက်လုပ်ရေး
ပါကောဦးထွန်းမိသားစု
Hot Line 09-500 4036


ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးသဘောတူညီချက်များ၊ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သင်္ဘောတင်ခြင်း အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည့်ဖြင့် ...
ပြည်ပပို့ကုန်၊သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း
အပတ်စဉ် - ၇၃
သင်တန်းစရက် - ၂၉ - ၁၁ - ၂၀၁၇
သင်တန်းကာလ - ၇ပတ် (စနေ၊တနင်္ဂနွေ-နံနက် ၇ မှ ၉း၁၅ နာရီ)
အလင်းသစ်စာပေ
ဖုန်း- ၀၉-၅၄-၀၀၃၀၂ ၊ ၀၉-၀၇-၀၃၀၈၀

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

ရွှေနှင်းစီ
အိမ်ခြံမြေ / အိမ်ငှားလုပ်ငန်း
ပြိုင်ကွင်း / နယ်စေး
09 770639155
09 773733163

ကမ္ဘာကျော် တက္ကသိုလ်ကြီးဖြစ်သည့်
UWS University,UK မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်မည့်...





# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန တိုးချဲ့ဖွဲ့စည်းရန် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က သဝဏ်လွှာပေးပို့





**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကိုယ်စား တာဝန်ပေးအပ်ထားသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ယခုအစိုးရလက်ထက်တွင် ဝန်ကြီးဌာန ၂၂ ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် ဝန်ကြီးဌာနနှစ်ခုကို ဖြည့်စွက်ဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၃) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၃) ကြိမ်မြောက် အစည်းအဝေး (ပထမနေ့)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် JMC-U ၏ လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို မိမိတို့၏အဖွဲ့အစည်းနှင့်ပတ်သက်သည့် ညှိနှိုင်းစရာများကို အကျေအလည် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပဋိပက္ခသည် တစ်ဖက်နှင့်တစ်ဖက် ပြုမူကျင့်ကြံမှု၊ စိတ်ခံစားမှုနှင့်မတူညီသော အတွေးအမြင် အယူအဆများကြောင့် အဆင့်ဆင့်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းတို့အား အဆင့်ဆင့် ညှိနှိုင်းနိုင်စေရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အပေးအယူရှိကာ နှစ်ဖက်ကျေနပ်မှုရရှိပြီး အကျိုးရှိသော၊ တရားမျှတမှုရှိသော

**စာမျက်နှာ ၄ ကော်လံ ၅ သို့**




# ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက် ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ . . .



မိမိတို့အေဆမ်အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် သက်ဆိုင်သည့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာ ပဋိပက္ခများ၊ အမျိုးမျိုးအဖုံဖုံသောအကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့၏ အန္တရာယ်ကဲ့သို့သော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် ပိုမိုတက်ကြွသော မိတ်ဖက်များ မရှိမဖြစ်လိုအပ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ရရှိနိုင်သည့် ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရာတွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခု အစည်းအဝေး၏ ဆောင်ပုဒ်ကို ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ဆက်ဆံမှုကို ခိုင်မြဲအောင် ဆောင်ရွက်ကြပါစို့ Strengthening Partnership for Peace and Sustainable Development ဟူ၍ မိမိတို့ သတ်မှတ်ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်

(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) သို့ ရောက်ရှိလာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ရစဉ်။
သတင်းစဉ်




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပစဉ်။ သတင်းစဉ်




(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနား မစတင်မီ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင်အစည်းအဝေးတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

# ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး အေးချမ်းစွာ အပြန်အလှန် ဆွေးနွေးမှုတွေ ပြုလုပ်နိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်

## Mrs. Federica Mogherini

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန - ၁ (MICC - I ) တွင် ကျင်းပရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာသော ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini က ဖွင့်ပွဲအခမ်းအနား မစတင်မီ မီဒီယာများနှင့် တွေ့ဆုံ၍ “ကျွန်မတို့အနေနဲ့ ဒီကနေ့ (၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်တွေ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေ၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ပွင့်ပွင့်လင်းလင်းဆွေး နွေးသွားမှာ ဖြစ်ပါတယ်။

“ ဒါ့အပြင် ပြည်သူလူထု လုံခြုံရေးဖြစ်စဉ်တွေ၊ မီဒီယာတွေအကြောင်းနဲ့ ကုန်သွယ်မှုတွေကိုလည်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။

### ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်သွားမည်

“မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အိမ်နီးချင်းဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အေးချမ်းစွာ အပြန်အလှန်ဆွေးနွေးမှုတွေ ပြုလုပ်နိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်၊ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် နားလည်မှုတွေ ရရှိဖို့ လိုအပ်ပါတယ်၊ ဥရောပသမဂ္ဂအနေနဲ့ ဒီဖြစ်စဉ်အပေါ်မှာ ကူညီထောက်ပံ့မှုတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

**ဇင်ဦး၊ တင်လင်းအောင်၊ ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**






(၁၃) ကြိမ်မြောက် အာရှ - ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က MICC - I တွင် ကျင်းပရာ အစည်းအဝေး တက်ရောက်လာကြသည့်သူများကို တွေ့ရစဉ်။ သတင်းစဉ်

# အာဆီယံ ဆွေးနွေးပွဲများ

* အာဆီယံဆွေးနွေးပွဲများကို ထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အခြားဝန်ကြီးအဆင့်အစည်းအဝေးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဟူ၍ ယေဘုယျအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။
* ထိပ်သီးအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ပြီး နှစ်နှစ်တစ်ကြိမ်၊ အာရှနှင့် ဥရောပတွင် တစ်လှည့်စီ ကျင်းပပြုလုပ်သည်။
* အာဆီယံတွင် အရေးကြီးကိစ္စရပ်များကို အဆုံးအဖြတ်ပေးနိုင်သည့်အတွက် ထိပ်သီးအစည်းအဝေးများသည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။
* ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့
* ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၉၈ ခုနှစ်မှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့၊
* တတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၀ ပြည့်နှစ်မှာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့
* စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၂ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့
* ပဉ္စမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၄ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့
* ဆဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ်မှာ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီးမြို့
* သတ္တမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့
* အဋ္ဌမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၀ ခုနှစ်မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့
* နဝမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ်မှာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့
* ဒသမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ်မှာ အီတလီနိုင်ငံ မီလန်မြို့၊
* ဧကာဒသမအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၆ ခုနှစ်မှာ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တွင် ကျင်းပခဲ့သည်။

# (၁၃)ကြိမ်မြောက် အာဆီယံအစည်းအဝေးသို့ ပြည်တွင်း ပြည်ပမီဒီယာ ၂၀၁ ဦး တက်ရောက်သတင်းရယူ



(၁၃)ကြိမ်မြောက် အာဆီယံအစည်းအဝေးကျင်းပရာ နေပြည်တော် MICC-I ရှိ မီဒီယာခန်းမ၌ ပြည်တွင်း ပြည်ပ မီဒီယာသမားများ သတင်းရယူနေကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၁၃)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-I) ၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်တွင်း ပြည်ပ မီဒီယာ ၂၀၁ ဦး တက်ရောက်သတင်းရယူလျက်ရှိသည်။

ပြည်တွင်း ပြည်ပ မီဒီယာများ သတင်းရယူနိုင်ရေးအတွက် (၁၃) ကြိမ်မြောက် အာဆီယံအစည်းအဝေးကျင်းပရာ MICC-I အဆောက်အအုံတွင် မီဒီယာစင်တာ ဖွင့်လှစ်ပေးထားသည်။ မီဒီယာသမားများ သတင်းရယူရေးသားနိုင်ရန် အင်တာနက်ချိတ်ဆက်ထားသည့် ကွန်ပျူတာနှင့် လက်ပ်တော့များ အသင့် စီစဉ်ပေးထားသည်။

(၁၃)ကြိမ်မြောက် အာဆီယံအစည်းအဝေးကျင်းပနေပုံများကို ကြည့်ရှုသတင်းရယူနိုင်ရန် မီဒီယာခန်းမအတွင်း ရုပ်မြင်သံကြားများအား တပ်ဆင်ပေးထားပြီး တိုက်ရိုက်တွေ့မြင်သတင်းရယူနိုင်ရန်လည်း စီစဉ်ပေးထားသည်။

ယခု အစည်းအဝေးကျင်းပရာသို့ ပြည်ပမီဒီယာသမား ၁၂၅ ဦးနှင့် ပြည်တွင်းမီဒီယာ ၇၆ ဦး စုစုပေါင်း ၂၀၁ ဦးတို့ တက်ရောက်ကာ သတင်းဓာတ်ပုံများ ရယူလျက်ရှိကြောင်း သိရသည်။



**ကျောက်စိမ်းလက်ဝတ်ရတနာ ပြခန်း**

**TRI JADC ပြခန်းတွင် ကျောက်စိမ်းလက်ဝတ်ရတနာပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားပြီး ကျောက်စိမ်းပုတီး၊ ကျောက်စိမ်းလည်ဆွဲ၊ လက်စွပ်စသည်တို့ကို ဈေးနှုန်းသက်သာစွာ ပြသရောင်းချပေးလျက်ရှိစဉ်။**( ကျောက်စိမ်းအရည်အသွေး ကောင်းမွန်ပြီး လက်ရာအဆင့်အတန်းမြင့်သည့် ကျောက်စိမ်းပစ္စည်းများကို ပြည်တွင်း ပြည်ပဧည့်သည်များ လေ့လာကြည့်ရှု ဝယ်ယူနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။)

# ပြခန်းများခင်းကျင်းပြသရောင်းချ

**ရွှေချည်ထိုးငွေချည်ထိုးအထည်များပြခန်း**


ဦးစိန်မြင့် (မန္တလေး)မြန်မာ့ရိုးရာ ရွှေချည်ထိုးငွေချည်ထိုး အထည်များပြခန်းတွင် ရွှေချည်ထိုးကားချပ်များ၊ အလှဆင်ပစ္စည်းများ၊ တယ်လီဖုန်းအိတ်များ၊ ဖိုင်အိတ်နှင့် ဈေးဝယ်အိတ်များ ခင်းကျင်းပြသထားပြီး ယင်းပြခန်းတွင် ရွှေချည်ထိုး၊ ငွေချည်ထိုးကာ အထည်ရက်လုပ်နေပုံကို မြန်မာအမျိုးသမီးနှစ်ဦး လက်တွေ့ရက်လုပ်ပြသနေသည်ကို တွေ့ရစဉ်။



# (၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ



Name - Mr. Ildefonso Castro
Position - Secretary of State
Organization - Ministry of Foreign Affairs
Country - Spain



Name - Mrs. Margot Elisabeth Wallstrom
Position - Minister for Foreign Affairs
Organization - Ministry for Foreign Affairs
Country - Sweden



Name - Mr. Don Pramudwinai
Position - Minister of Foreign Affairs of Thailand
Organization - Ministry of Foreign Affairs
Country - Thailand



Name - H.E. Jean Asselborn
Position - Minister of Foreign and European Affairs of Luxembourg
Organization - Ministry of Foreign and European Affairs
Country - Luxembourg



Name - Mr. Andrej Lo gar
Position - State Secretary, Head of Delegation
Organization - Ministry of Foreign Affairs of the Republic of Slovenia
Country - Slovenia



Name - Mrs. Monica Gheorghita
Position - Secretary of State for Global Bilateral Affairs
Organization - Ministry of Foreign Affairs
Country - Romania



Name - H.E. Maria Teresa Gonagalves Ribeiro
Position - Secretary of State for Foreign Affairs and Cooperation
Organization - Ministry of Foreign Affairs - Portugal
Country - Portugal



Name - Dr. Vivian Balakrishnan
Position - Minister of Foreign Affairs, Singapore
Organization - Ministry of Foreign Affairs, Singapore
Country - Singapore



Name - Mr. Fletcher Hoporona Tabuteau
Position - Parliamentary Undersecretary to the Minister of Foreign Affairs
Organization - Offi ce of Rt Hon Winston Peters, Minister of Foreign Affairs
Country - New Zeland



Name - Mrs. Pascale Christine Baeriswyl
Position - State Secretary
Organization - Federal Department of Foreign Affairs
Country - Switzerland



Name - H.E. Pham Binh Minh
Position - Deputy Prime Minister, Minister of Foreign Affairs
Organization - Viet Nam/ Ministry of Foreign Affairs
Country - Vietnam




Name - H.E. Ivan Korcok
Position - Deputy Foreign Minister of the Slovak Republic
Organization - Ministry of Foreign and European Affairs of the Slovak Republic
Country - Slovakia



Name - H.E. Hirubalan V P
Position - Deputy Secretary-General
Organization - THE ASEAN SECRETARIAT
Country - ASEAN SECRETARIAT



Name - H.E. Karsten Warnecke
Position - Ambassador / Executive Director SOM
Organization - Asia-Europe Foundation (ASEF)
Country - ASEF



Name - Mr. Gary Quinlan
Position - Deputy Secretary/ ASEAN SOM and Former Ambassador to UN
Organization - Department of Foreign Affairs and Trade
Country - Australia



Name - Mr. Dirk Lodewijk Achten
Position - Vice Minister
Organization - FPS Foreign Affairs, Foreign Trade and Development Cooperation
Country - Belgium



Name - Mr. Dato Seri Paduka Haji Erywan bin Datu Pekerma Jaya Haji Mohd Yusof
Position - Deputy Minister of Foreign Affairs
Organization - Ministry of Foreign Affairs and Trade
Country - Brunei Darussalam



Name - H.E. Gueorg Danielov Gueorguiev
Position - Deputy Minister of Foreign Affairs of Bulgaria
Organization - Ministry of Foreign Affairs of Bulgaria
Country - Bulgaria

(၁၃)ကြိမ်မြောက် အေဆမ်အစည်းအဝေး အချပ်ပိုစာမျက်နှာများကို ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။



# ကယားပြည်နယ်လုံးဆိုင်ရာ ရှမ်းနှစ်သစ်ကူးပွဲတော် ဒီးမော့ဆိုမြို့နယ်တွင် ကျင်းပ

**ဒီးမော့ဆို နိုဝင်ဘာ ၂၀**
ကယားပြည်နယ်လုံးဆိုင်ရာ (၁၅) ကြိမ်မြောက် ရှမ်းနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၁၈ ရက် ည ၇ နာရီက ဒီးမော့ဆိုမြို့နယ် သေးဆူလဲကျေးရွာအုပ်စု ကုန်းသာကျေးရွာ၌ ကျင်းပသည်။

ကုန်းသာကျေးရွာ ရှမ်းယဉ်ကျေးမှု လူငယ်မောင်မယ်များက နှစ်သစ်ကြိုဆိုသည့် အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ရှမ်းယဉ်ကျေးမှု၏ ထင်ပေါ်ကျော်ကြားသော တိုးနယားအက၊ ခား၊ တုတ်၊ သိုင်းအကဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်မြောက်ရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်အဖြစ် မောင်းနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ရှမ်းနှစ်သစ်ကို ကြိုဆိုကြသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရုံးလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရန် e-Office စနစ် အကောင်အထည်ဖော် ဆောင်ရွက်မည်

**ပဲခူး နိုဝင်ဘာ ၂၀**
ရုံးလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရန် e-Office စနစ် အသုံးပြုနိုင်ရေး Host Myanmar Software Solution မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာသန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အောက်ထပ် အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ Host Myanmar Software Solution မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာသန့်က e-Officeစနစ်နှင့်ပတ်သက်၍ အသုံးပြုနိုင်မည့်နည်းလမ်းများအား Power Pointဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေနှင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံတို့က ရုံးလုပ်ငန်းများ မြန်ဆန်အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် e-Office စနစ်အား မိတ်ဆက်ရှင်းလင်းပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ရန်သာ အရေးကြီးကြောင်း၊ ယနေ့ခေတ် အခြေအနေနှင့် ကိုက်ညီသည့် စနစ်တစ်ခုကို ပြောင်းလဲဆောင်ရွက်မှသာ အရှေ့တစ်ခုသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ နည်းပညာတိုးတက်ပြောင်းလဲလာမှုသည် အစိုးရနှင့် ပြည်သူ ပိုမိုနီးကပ်မှုကို ဖြစ်ပေါ်နိုင်ကြောင်း၊ အစိုးရ၏ လုပ်ငန်းများကို နည်းပညာအကူအညီဖြင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မည်ဖြစ်၍ ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက e-Office စနစ်နှင့်ပတ်သက်၍ သိလိုသည်များ မေးမြန်းကြရာ ဦးကျော်စွာသန့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

e-Office စနစ်ကို အသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ ရုံးလုပ်ငန်းများ လွယ်ကူမြန်ဆန်လာခြင်း၊ စာရွက်စာတမ်း အသုံးပြုရသည့် ကုန်ကျစရိတ်များ လျော့နည်းသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး e-Office သည် ရုံးလုပ်ငန်းများအတွက် အထူးပြုရေးဆွဲထားခြင်းဖြစ်ရာ ပထမအဆင့်အား Local Network စနစ်ဖြင့် အသုံးပြုသွားမည်ဖြစ်သည်။

နောက်ပိုင်းတွင် ပြည်သူ့အသံအား bagoregion.gov.mm (website)တွင် ထည့်သွင်းပေးသွားမည်ဖြစ်ရာ ပြည်သူများက မိမိတို့၏ လိုအပ်ချက်၊ လိုလားချက်များအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်ရိုက်ပေးပို့ တင်ပြပေးနိုင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်းလည်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲသို့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေ၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ဟိန်းကျော်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ Host Myanmar Software Solution မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်စွာသန့်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အကျဉ်းသားများအား မဟာပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်ကြီး(၁၁)သုတ် သင်ကြားပေး

**စစ်တွေ နိုဝင်ဘာ ၂၀**
ရခိုင်ပြည်နယ် စစ်တွေအကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား မဟာပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်ကြီး(၁၁)သုတ်တို့အား ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် စစ်တွေအကျဉ်းထောင်မှ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင် ဦးစီး၍(၁/၂၀၁၇) မဟာပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်ကြီး(၁၁)သုတ်တို့အား ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပူဇော်နိုင်ရေး သင်တန်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက စစ်တွေအကျဉ်းထောင်အတွင်း၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းတွင် စစ်တွေမြို့ ဗုဒ္ဓါမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဦးသုဇာတမှ ကြီးကြပ်ကာ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း နှစ်ဖွဲ့ခွဲကာ မဟာ ပဋ္ဌာန်းဒေသနာတော် (ပါဠိ+အနက်) ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် ရက်သတ္တပတ် နှစ်ပတ်စီ သင်ကြားပေးသွားမည်ပြီး ပရိတ်ကြီး (၁၁)သုတ်ကိုလည်း ထိုနည်းတူ သင်ကြားပို့ချပေးသွားဖြစ်ကြောင်း သိရသည်။

**မြတ်သူရိန်**

# သာကေတမြို့နယ်တွင် မူခင်းကျဆင်းရေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၀**
သာကေတမြို့နယ် (၂) တောင်ရပ်ကွက် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဆောက်အအုံ၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုနှင့် မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် သာကေတမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကြွယ်က အသိပညာပေး ဆွေးနွေးရာ ပြည်သူ ၅၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တောဆင်ရိုင်း သတ်ဖြတ်မှုမဖြစ်ပွားစေရေး အသိပညာပေး

**တိုက်ကြီး နိုဝင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ချောင်းစောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၁၄ ရက် မွန်းတည့် ၁၂ နာရီက တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ်နှင့် ဥက္ကံနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်သန်းနိုင်တို့က မိမိနယ်မြေတွင်း တောဆင်ရိုင်းများ သတ်ဖြတ်မှု ထပ်မံမဖြစ်ပွားစေရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မူခင်းအသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့သည်။

ချောင်းစောက်ကျေးရွာအုပ်စုသည် တောဆင်ရိုင်း ဖြတ်သွားဖြတ်လာများသော ကျေးရွာဖြစ်၍ ကျေးရွာသားများအနေဖြင့် ဆင်အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြရန် ဆွေးနွေးခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

# အပျော်စီးခရီးသည်တင် သင်္ဘော Superstar Libra အက်ဒမန်ပင်လယ် ခရင်းခွကျွန်းသို့ ဒုတိယအကြိမ်လည်ပတ်



**ကော့သောင်း နိုဝင်ဘာ ၂၀**
တနင်္သာရီတိုင်းဒေသကြီးအတွင်း ပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ Tint Tint Myanmar Group of Companies နှင့် ဟောင်ကောင်အခြေစိုက် Star Cruise အပျော်စီးသင်္ဘောကုမ္ပဏီတို့အစီအစဉ်အဖြစ် Genting Star Cruise မှ အပျော်စီးခရီးသည်တင် သင်္ဘော Superstar Libra သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် အက်ဒမန်ပင်လယ် ကော့သောင်းမြို့နယ် ခရင်းခွကျွန်း (Mc Cloud Island) သို့ နိုင်ငံစုံမှ ခရီးသွားဧည့် ၅၈၄ ဦးဖြင့် ခရင်းခွကျွန်းပေါ်ရှိ Myanmar Andaman Resort သို့ နေ့ခြင်းပြန် ခရီးစဉ်အဖြစ် (ဒုတိယ) အကြိမ် တက်ရောက်လည်ပတ် အပန်းဖြေခဲ့ကြောင်း သိရသည်။

လာရောက်လည်ပတ် အပန်းဖြေကြသည့် ခရီးသွားဧည့်သည်များအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်နှင့် ဝန်ထမ်းများ၊ ဒေသခံမြန်မာ့ရိုးရာယဉ်ကျေးမှုအကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကြိုဆိုကြသည်။

Bahmas နိုင်ငံ Nassau မှ မှတ်ပုံတင်ထားသည့် Superstar Libra သင်္ဘောသည် မြန်မာနိုင်ငံ အက်ဒမန်ပင်လယ်အတွင်းရှိ ခရင်းခွကျွန်း ( Mc Cloud Island) ရှိ Myanmar Andaman Resort နှင့် ကော့သောင်းမြို့အနီး လှပသာယာသည့် ကျွန်းများသို့ ဒုတိယအကြိမ် ခရီးစဉ်အဖြစ် တိုက်ရိုက် တစ်နေ့တာ လာရောက်လည်ပတ်ကာ ညနေပိုင်းတွင် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားကြောင်းသိရသည်။

တစ်စ တစ်စ ပွင့်လင်း တိုးတက်ဖွံ့ဖြိုးလာနေသည့် တနင်္သာရီတိုင်းဒေသကြီး၏ အဓိကအားထားရာ အီကွေတိုရီဇင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် သာယာလှပသည့် သဘာဝကျွန်းပေါင်းများစွာသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များထံမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများ ရရှိနေပြီဖြစ်ပြီး ဒေသခံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်သည့် အခြေခံအဆောက်အအုံများ မပြည့်စုံသေးသော်လည်း အချိန်တိုအတွင်း ပင်လယ်ရေလမ်းကြောင်းမှ လာရောက်လည်ပတ်သဖြင့် အဆင်ပြေကြောင်း၊ ဧည့်သည်များအတွက် အစားအသောက်ကုန်ကြမ်းများနှင့် ဖျော်ဖြေရေးကဏ္ဍများ ဟိုတယ်ဝန်ထမ်းကဏ္ဍများတွင် ဒေသခံဆိုင်များ၊ လူသားအရင်းအမြစ်များ၊ အဖွဲ့အစည်းများ အသုံးပြုထားသဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း အထိုက်အလျောက် အဆင်ပြေကြကြောင်း၊ လုပ်ငန်းပိုင်းကဏ္ဍတွင် တာဝန်ရှိ ဒေသခံဌာနဆိုင်ရာ အဖွဲ့အစည်းများရဲ့ ကူညီပံ့ပိုးမှုများစွာ ရရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်များစွာ အထောက်အကူဖြစ်ရကြောင်း နိုင်ငံတော်ပိုင်းအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လေကြောင်းလိုင်းကဏ္ဍများ ထပ်မံအဆင့်မြှင့်တင်ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းကဏ္ဍ အချိန်တိုအတွင်း ပိုမိုဖွံ့ဖြိုးလာမည့် အခြေအနေကောင်းများစွာရှိကြောင်း Tint Tint Myanmar Group of Companies ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်၏ အကြံပြုပြောကြားချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ပျူစောထီးပုံပြင်ကို ခြေရာခံကြည့်ခြင်း

မောင်ဖုန်းပြည့်(တက္ကသိုလ်)

ပုံပြင်ဟူသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မိမိတို့လူမျိုး ခေလ့စရိုက်အလိုက် ပြောဆိုလာကြသော အဖြစ်အပျက်၊ ဇာတ်ကြောင်းဖြစ်သည်။ ပုံပြင်ဟူသည် ကမ္ဘာ့ပေါ်တွင် လူ့အဖွဲ့အစည်း ပေါ်ပေါက်လာကတည်းက သက်ကြီး စကားသက်ငယ်ကြားဟူသော သဘောဖြင့် စကားနှုတ်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော ဒဏ္ဍာရီဇာတ်လမ်းများသာဖြစ်ပါသည်။ သို့ရာတွင် နှုတ်ပြောစကား (သို့မဟုတ်) ပါးစပ်ရာဇဝင်တိုင်းကို ပစ်ပယ်ရမည်ဟု သုတေသီတို့က မဆိုလိုကြပါ။ ပုံပြင်သည် ဒဏ္ဍာရီဖြစ်သော်လည်း ပုံပြင်တစ်ခု၏ အတွင်းသန္တာန်၌ နောက်ခံကောက်ကြောင်း တစ်ခုခုကို ဝိုးတဝါးမြင်နိုင်ပါသည်။

အထူးသဖြင့်ရာဇဝင်ဆိုင်ရာ ဒဏ္ဍာရီ(ပါးစပ်ပုံပြင်) တို့သည် လူသားက တီထွင်ခဲ့ခြင်းကြောင့် ယင်းကိုသမိုင်း၏ ပုံသဏ္ဌာန်တစ်မျိုးဟု ဆိုနိုင်ပါသည်။ ဤအချက်နှင့် ပတ်သက်၍ ဒေါက်တာတိုးလှက "ဒဏ္ဍာရီတွေကို လေ့လာလို့ အကျိုးမရှိဘူးလို့ ကိစ္စတုံးပြောလို့ မရပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီအထဲမှာ လူသားရဲ့ဆန္ဒ၊ လူသားနဲ့ရည်မှန်းချက် စေတနာပါနေလို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒဏ္ဍာရီက လူသားရဲ့ ရှေးဦးသမိုင်း ရေးသားနည်းပညာ၊ သမိုင်းမှတ်သားပုံ စနစ်တစ်ခုနဲ့လေ့လာမှုတစ်မျိုးလို့တောင် ဆိုနိုင်ပါတယ်။ ဒီအခြေခံပေါ်က မျက်မှောက်ခေတ် သမိုင်းပညာရေးသားမှု၊ လေ့လာမှုရောက်အောင် တဖြည်းဖြည်းချင်း တက်လှမ်းခဲ့ရတာ မဟုတ်လား။ ဒါ့ကြောင့် ဒဏ္ဍာရီလည်း ဒဏ္ဍာရီအလိုက် လေ့လာမှုပြုရတာဖြစ်ပါတယ်" ဟု ဆိုခဲ့ပါတယ်။

## သမိုင်းကွင်းဆက်မပြတ်

အလားတူပင် ဒေါက်တာသန်းထွန်းက " ပုံပြင်ဟာ သမိုင်းလို ဇာတ်လမ်းဆင်လေ၊ ယုံဖို့ခက်လေပဲလို့ပြောရင် မှားမယ်မထင်ပါ။ ဒါပေမယ့် တစ်ဖက်က ပြန်ကြည့်ရင်တော့ ပုံပြင်မှာ သမိုင်းကွင်းဆက်မပြတ်အောင် လုပ်ပေးထားတာဖြစ်လို့ ဂါထာတွေ၊ စာရင်းတွေ၊ ဋီကာတွေထက် ပိုပြီး သမိုင်းအထောက်အထားဖြစ်ဖို့ နီးစပ်တယ်။ ပုံပြင်တစ်ခုစီကတော့ သမိုင်းတန်ဖိုးကွာခြားမှာပေါ့။ သမိုင်းပုံပြင်တွေမှာ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းတစ်ခုချင်း ထုတ်ဖော်ရေးနှင့် တရားဥပဒေသမိုင်းတွေ ပါတတ်ပါတယ်" ဟု သတ်မှတ်ခဲ့သည်။

ထို့ကြောင့် ရာဇဝင်ပုံပြင်၊ သမိုင်းပုံပြင်၊ ပါးစပ်ရာဇဝင်၊ အစဉ်အလာ နှုတ်ပြောစကားတို့မှ အကာတို့ကို စနစ်တကျနုတ်ပယ်ကြည့်လျှင် ယင်းတို့၏ အခြေခံအတွင်းသရုပ်ကို အနီးစပ်ဆုံး မြင်နိုင်ပါသည်။ ခေတ်ကာလကွာလှမ်းလွန်းခြင်း၊ ကြားကာလ၌ အပြုအပြင်များလွန်းခြင်း၊ အရေးအသားစနစ်မရှိမီက ပေါ်ပေါက်ခဲ့ခြင်း၊ ခေတ်ပြိုင်အထောက်အထားများ နည်းပါးခြင်း စသည်တို့ကြောင့် သမိုင်းဖြစ်ရပ်မှန်ဟု မဆိုနိုင်စေကာမူ သမိုင်းဖြစ်ရပ်မှန်အတွက် ခြေရာခံနိုင်သော သဲလွန်စတို့ကို ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပျူစောထီးပုံပြင်သည် အထင်ကရ ရှေးပုံပြင် တစ်ရပ်ဖြစ်ပါသည်။ ယင်းပြင် ပုံပြင်တို့တွင်လည်း မုဆိုးဘဝပုံပြင်(ပျူစောထီး)က ရှေးဦးကျသည်ကို တွေ့ရှိနေရပေသည်။ သမိုင်းအကြိုခေတ်က ဖြစ်ရပ်ကို ဇာတ်လမ်းတည်ထားပြီး ခေတ်အဆက်ဆက် မွမ်းမံလာကြခြင်းဖြင့် သမိုင်းတန်ဖိုးပီပြင်စွာမရှိတော့သော ပုံပြင်ဖြစ်သော်လည်း ပျူစောထီးဒဏ္ဍာရီ နောက်ကွယ်တွင် သမိုင်းကိုခြေရာခံနိုင်သော ဝိုးတဝါးအပိုင်းအစကလေးများ ရှိနေပါသည်။

ပျူစောထီးပုံပြင်သည် ထိုဒေသ၏ တောလိုက်ဘဝမှ ပါလာခဲ့သော ပုံပြင်ဖြစ်သည်။ ကျောက်ခေတ်နှောင်းကာလလေးနှင့်မြားစတင်ပေါ်လာခါစကလေးနှင့် မြားကိုင်နိုင်သူက ခားနှင့် လှံကိုသာ ကိုင်နိုင်သူတို့အပေါ် ဖြိုခွင်းနိုင်သောဇာတ်လမ်းမှ စတင်အခြေတည်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထိုဖြိုခွင်းနိုင်သော သူရဲကောင်းသည် ပုဂံ ၁၉ ရွာကို တည်ထောင်ခဲ့သူဟုလည်း ဆိုစမှတ်ပြုကြသည်။ ထို့ကြောင့် ခေတ်သစ်သုတေသီတို့က ပျူစောထီးမှ အစပြု၍ အေဒီ-၁၆၇ မှ ၉၉၂ အထိ နန်းတက်ခဲ့သည်ဟူသော ပါးစပ်ရာဇဝင်အဆို ပုဂံရှေးဦး မင်း ၃၇ ဆက်ကို ပုဂံသမိုင်း အကြိုခေတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။

ပုဂံသည် ယင်းမင်း ၃၇ ဆက်၊ မြို့နန်းသက် ၂၀၀ ကျော်အထိ စိုက်ပျိုးရေးကို အခြေခံသော မြို့ပြနိုင်ငံငယ်အဆင့်သာရှိခဲ့သော်လည်း ကြီးကျယ်သောနိုင်ငံကြီးအဆင့်သို့မူ အနုရုဒ္ဓ (အနော်ရထာ) (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်တွင် စတင်ရောက်ရှိခဲ့သည်။ အနော်ရထာ နန်းစံနှစ်ကို ခုနှစ်အထောက်အထား အတိအကျဖြင့် ပြောနိုင်သဖြင့် အနော်ရထာ နန်းတက်ပြီးခုနှစ် နောက်ပိုင်းကို သမိုင်းတင်ပြီးခေတ်ဟု သတ်မှတ်ကြသည်။

## ဒဏ္ဍာရီတို့သည် စာပေထဲရောက်

သို့သော် သမိုင်းတင်ပြီးခေတ်ကို ကျောက်စာနှင့် အခြားအထောက်အထားများဖြင့် စနစ်တကျလေ့လာကြသော်လည်း အနော်ရထာအရင် မြန်မာနိုင်ငံကို ဒဏ္ဍာရီများဖြင့် ပြုပြွမ်းနေသော သမိုင်းဒဏ္ဍာရီ ခေတ်ဦးအဖြစ်သာ သတ်မှတ်ထားကြသည်။ ခေတ်သစ်သမိုင်းကျမ်းတို့တွင် ဤဒဏ္ဍာရီများကို အထောက်အထားအဖြစ် သုံးလေ့မရှိကြကြောင်း တွေ့ရပါသည်။ ယင်းခေတ်ဦး ဒဏ္ဍာရီသမိုင်းကို မြန်မာတို့က နှုတ်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်။ နောက်ပိုင်း မြန်မာမင်းများလက်ထက်တွင် ရာဇဝင်ကျမ်းများကို ပြုစုကြသောအခါ ယင်းဒဏ္ဍာရီတို့သည် စာပေထဲရောက်လာသည်ဟု ဆိုနိုင်ပါသည်။

ပျူစောထီးပုံပြင်ကို ရာဇဝင်မှတ်တမ်းသို့ စတင်ထည့်သွင်းသူမှာ ညောင်ရမ်းခေတ် စာဆို ဦးကုလားဖြစ်ပါသည်။ ဦးကုလား၏ 'ဦးကုလား မဟာရာဇဝင်' တွင် နေနတ်သားနှင့် နဂါးမတို့ သင့်မြတ်၍ ပျူစောထီးကို ဥအဖြစ်အုခဲ့ကြောင်း၊ ပျူစောထီးသည် ဥမှ မပေါက်မီ ပျူအဖိုး၊ အဖွားတို့ ထံရောက်သွားပြီး ဥမှ ပေါက်ဖွားခဲ့ကြောင်း၊ ၁၆ နှစ်သားအရွယ်တွင် ဖခင်နေနတ်သားက ရန်အပေါင်းကို နှိမ်နင်းနိုင်သော လေးနှင့်မြားကို ပေးခဲ့ကြောင်း၊ ယင်း လေးမြားတို့ဖြင့် ပုဂံပြည့်ရှင်၏ အန္တရာယ်ဖြစ်သော ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပျံကြီး၊ ဘူးပင်ကြီးတို့ကို နှိမ်နင်းခဲ့ကြောင်း ပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းက သမီးတော်နှင့် ထိမ်းမြားပေးခဲ့ကြောင်း ဖော်ပြထားသည်။

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက် ပြုစုသော မှန်နန်းရာဇဝင်တွင်လည်း ပျူစောထီးပုံပြင်ကို ဆက်လက်မှတ်တမ်းတင်သည်။ သို့ရာတွင် မှန်နန်းရာဇဝင်ပြုစုရေးအဖွဲ့က ဦးကုလားရေးခဲ့သော ပျူစောထီးရာဇဝင် ယုတ္တိမရှိသောအပိုင်းများကို ပယ်၍ မှတ်တမ်းသစ်တင် ထားသည်ဟုဆိုခဲ့သည်။ မှန်နန်းအလိုအရ ပျူစောထီးသည် သာကီဝင်တကောင်းဘုရင် သတိုးအာဒိစ္စရာဇာနှင့် မိဖုရားကြီးမှ ဖွားမြင်ကြောင်း ငယ်မည် စောထီးဖြစ်ကြောင်း၊ ၁၆ နှစ်အရွယ်တွင် အကြေပုဂံသို့ စုန်ဆင်းသောအခါ သိကြားမင်းက နတ်လေးမြားကို ဆက်သလိုက်ကြောင်း၊ ပုဂံရောက်သော် ပျူအိုလင်မယားထံ မှီတင်းနေထိုင်ရ၍ ပျူစောထီးဟု ဖြစ်လာကြောင်း၊ ပုဂံဒေသ၏ ရန်သူကြီးလေးပါးကို နတ်လေးမြားဖြင့် ဖြိုခွင်းခဲ့ကြောင်း၊ သမုဒ္ဒရာဇ်မင်း နတ်ရွာစံသော် ပျူစောထီးက မိမိဆရာရသေ့ကို နန်းတင်ပေးခဲ့ကြောင်း၊ သုံးနှစ်ကြာ၍ ဆရာရသေ့ လွန်တော်မူ၍ နန်းတက်ခဲ့ကြောင်း ဖော်ပြထားသည်။

ကိုလိုနီခေတ် ရောက်လာသောအခါတွင် ပုံနှိပ်စက်များ၏ ကျေးဇူးဖြင့် ပုံပြင်အပါအဝင် စာအုပ်မျိုးစုံသည် မြန်မာနိုင်ငံတစ်ဝန်းသို့ ပျံ့နှံ့သွားရာ၌ ပျူစောထီးပုံပြင်များသည်လည်း ပါဝင်သွားခဲ့သည်။ ပုံပြင်စာအုပ်အဖြစ်ရောက်သွားသော ပျူစောထီးဇာတ်လမ်းများသည် ဦးကုလားရာဇဝင် အတိုင်းသော်လည်းကောင်း၊ မှန်နန်းရာဇဝင်အတိုင်းသော်လည်းကောင်း အခြားအစဉ်အဆက် နှုတ်ပြောစကားများကို အခြေပြု၍ လည်းကောင်း ထွက်ပေါ်လာခဲ့ကြောင်း တွေ့ရသည်။

## ပျူစောထီးပုံပြင်ကို ဘာသာစကားရှုထောင့်မှ သုံးသပ်ခြင်း

သမိုင်းကြောင်းများအရ ပျူစောထီးပုံပြင်ကို ဘာသာစကားရှုထောင့်မှ သုံးသပ်လျှင် စိတ်ဝင်စားဖွယ် အချက်အလက်အချို့ကို တွေ့ရှိနိုင်ပါသည်။ ဤအချက်အချို့သည် မြန်မာဘာသာစကားနှင့် ရှေးဦးတိုင်းရင်းသား ဘာသာ စကားတို့၏ ဆက်သွယ်မှုကို ထင်ဟပ်ပြနိုင်ရုံမက မြန်မာတိုင်းရင်းသားတို့၏ တစ်အူထုံ့ဆင်း ဖြစ်စဉ်ကိုလည်း တစ်စိတ်တစ်ပိုင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ပျူစောထီးပုံပြင်ကို ဘာသာစကားအရ ခြေရာခံကြည့်သောအခါ ဤပုံပြင်နှင့် နီးနှောနေသည်ဟု ယူဆနိုင်သော တိုင်းရင်းသားဘာသာစကားများကို တွေ့ရှိနိုင်ပါသည်။ ယင်းတို့မှာ မျက်မှောက်ခေတ် မြန်မာဘာသာစကားနှင့် ရှေးမြန်မာအနွယ်ဝင်၊ လော်ဝေါ် (မရူ)ဘာသာစကား၊ လချိတ်ဘာသာစကား၊ ဇိုင်းဝါးဘာသာစကား၊ ချင်း-ကချင် အုပ်စုဝင် ချင်းဘာသာစကား (တောင်ပိုင်း မင်းတပ်၊ ကန်ပက်လက်၊ မတူပီ ဒေသသုံး ချင်းဘာသာစကားနှင့် ကချင် အုပ်စုဝင်-ရဝမ် ဘာသာစကားများ ဖြစ်ကြပါသည်။

ဤဘာသာစကားများသည် မျိုးနွယ်တူရုံမက သူရဲကောင်းများကို အခြေခံသော သမိုင်းပုံပြင်များလည်း တူညီကြပါသည်။ နှုတ်ပြောရာဇဝင်များကို လက်ဆင့်ကမ်း ထိန်းသိမ်းရာ၌လည်း တူညီကြပါသည်။ ယင်းတို့အနက် မြန်မာဘာသာစကားပြောဆိုသူများသည် အေဒီ ၁၁-၁၂ ရာစုကပင် စာအရေးအသား စတင်တီထွင်နိုင်၍ ပုံပြင်များကို ရာဇဝင်မှတ်တမ်းတင်စာပေထဲသို့ ဦးစွာပို့ဆောင်နိုင်ခဲ့ကြပြီး ကျန်တိုင်းရင်းသား ညီအစ်ကိုများမှာ ယေဘုယျအားဖြင့် ၂၀ ရာစု ရောက်မှ စာအရေးအသား တီထွင်နိုင်၍ ပုံပြင်များကို စာပေထဲသို့ ပို့ဆောင်နိုင်ခဲ့ကြသည်။

ပျူစောထီးပုံပြင်လာ မျိုးနွယ်ဆက်ယူပုံကို ကြည့်လျှင် ပျူစောထီးနောက်သားစဉ်မြေးဆက် နန်းတက်ပုံဇယားအရ ပျူစောထီး နတ်ရွာစံသော် သားဖြစ်သူ ထီးမင်းယဉ်။ ထို့နောက် ယဉ်မင်းပိုက်၊ ပိုက်သေဉ်လည်၊ သေလည်ကြောင်၊ ကြောင်ဒူရစ် စသည့် အမည်မှည့်ပုံကို တွေ့ရသည်။ ဤစနစ်မှာ တိဗက်မြန်မာ ဘာသာစကားအုပ်စုဝင် မြန်မာနှင့်အနွယ်ရင်း တူသော်လည်း တရုတ်နိုင်ငံတွင် ကျန်ခဲ့သည့် နန်စောမင်းဆက်တွင် မှည့်ခေါ်သော ဖ-မျိုးယူ စနစ်နှင့်လည်း တူညီနေကြောင်း တွေ့ရသည်။

အထူးသဖြင့် ရှေးဦးမြန်မာဘာသာစကားများ ဖြစ်ကြသော လော်ဝေါ်၊ ဇိုင်ဝါး၊ လာချိတ်၊ တိဗက် မြန်မာအစုဝင် တောင်ပိုင်းချင်းဘာသာစကားများတွင်လည်း ဤ ဖမျိုးယူစနစ် (Patronymic System)ကို ယနေ့ တိုင် သုံးစွဲဆဲဖြစ်ကြောင်း တွေ့ရသည်။ ယင်းတို့အနက် ပုံစံအချို့ကို ပြပါမည်။

## သူရဲကောင်းပုံပြင်

မြန်မာနိုင်ငံအရှေ့မြောက်ဘက် မြစ်ကြီးနားခရိုင်တွင် အများစုနေထိုင်ကြသော လော်ဝေါ် တိုင်းရင်းသားတို့တွင် သူရဲကောင်းပုံပြင်များ ရှိကြသည်။ မြန်မာတို့၏ ပျူစောထီးဇာတ်လမ်းနှင့် မတူစေကာမူ ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်ဟူသော အရည်အချင်းချင်းလည်း တူသည်။ လူမျိုးစု မြို့ရွာပြည်ထောင်ကို တည်ထောင်ပုံချင်းလည်းတူသည်။ လော်ဝေါ်တို့၏ ပထမဆုံး သူရဲကောင်းမှာ ဗျူဇော်တေးဖြစ်သည်။ ဗျူဇော်တေးသည် မြန်မာ ပျူစောထီးနှင့် အသံချင်းအလွန်နီးစပ်ကြောင်း တွေ့နိုင်သည်။ တစ်ဖန် ဗျူဇော်တေး၏ သားစဉ်မြေးဆက်ကိုကြည့်သောအခါတွင်လည်း ဗျူဇော်တေး၊ တေးမုန်ယုတ်၊ ယုတ်မုန်ခင်း၊ ခင်းမော်ကိုး စသည်ဖြင့် ဖမျိုးယူစနစ်အတိုင်း မှည့်ခေါ် ထားကြောင်းတွေ့ရသည်။ ဤစနစ်ကို မျက်မှောက်ခေတ်တိုင် သုံးစွဲဆဲ ဖြစ်ပါသည်။

ထို့အတူ လော်ဝေါ်ဘာသာစကား၏ ဒေသိယဟု ပြောနိုင်သော လာချိတ်ဘာသာစကားတွင်လည်း ဖမျိုးယူစနစ်ကို သမိုင်းခေတ်ဦးမှ ယနေ့တိုင် သုံးစွဲဆဲဖြစ်ကြောင်း တွေ့ရသည်။ ထို့ပြင် ချင်းပြည်နယ် တောင်ပိုင်းရှိ မင်းတပ်နှင့် ကန်ပက်လက်နယ်တွင် ပျံ့နှံ့နေထိုင်ကြသော ချိုးချင်းတို့သည် ယခုတိုင် ဖ မျိုးယူစနစ်အတိုင်း အမည်မှည့်ခေါ်ကြဆဲ ဖြစ်သည်။

လေ့လာကြည့်ပါက ပျူစောထီးပုံပြင်လာ မျိုးနွယ်ဆက်ခံအမည်မှည့်ပုံစနစ်သည် ကျန်မြန်မာအစုဝင် ဘာသာစကားများနှင့် ချင်းတိုင်းရင်းသားအချို့၏ ဘာသာစကားများလာ ဖမျိုးယူစနစ်နှင့် ကိုက်ညီနေကြောင်း တွေ့ရှိရသဖြင့် ဤပုံပြင်သည် " တိဗက်-မြန်မာမျိုးနွယ်စုဝင်" တို့၏ပုံပြင်သာ ပထမအဆင့်အနေဖြင့် သုံးသပ်နိုင်ပါသည်။ ဒုတိယအဆင့်အနေဖြင့် သမိုင်းကြောင်း ဆက်နွယ်မှုအရ လေ့လာကြည့်နိုင်ပါသည်။

သမိုင်းကြောင်းဆက်စပ်မှု (မြန်မာနှင့်ချင်းတိုင်းရင်းသားတို့၏ အတိတ်သမိုင်း)

## သမိုင်းပညာရှင်

သမိုင်းပညာရှင်များက တိဗက်-မြန်မာမျိုးနွယ်စုဝင်များ မြန်မာနိုင်ငံအတွင်းသို့ ဘီစီနောက် ပိုင်း ရာစုနှစ်များမှစ၍ အေဒီတစ်ရာစုအထိ ပျူတို့ဝင်ရောက်ခဲ့ပြီး ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းစသည့် ပျူမြို့ရွာများ တည်ထောင်ခဲ့သည်ဟု ဆိုကြသည်။ နောက်ပိုင်းတွင် ကမ်းယံနှင့် သက်အုပ်စုဝင်များ ရောက်ရှိလာသောအခါ ပုဂံတစ်ဝိုက်တွင် ပျူ ကမ်းယံ၊ သက်တို့ ပေါင်းစည်း နေထိုင်ကြသည်ဟု ဆိုကြသည်။ သက်အုပ်စုဝင်များမှာ နောက်ပိုင်းတွင် ချင်း၊ ကချင်၊ ကဒူး၊ ကနန်း၊ တောင်သား၊ နာဂ စသော မျိုးနွယ်စုများ အစပြုရာဟု ယူဆကြသည်။

ချင်းသမိုင်းမှတ်တမ်းများအရ "ချင်းလူမျိုးဟု ဖြစ်ပေါ်လာမည့် သက်အုပ်စုသည် ဘီစီ ၆ ရာစုကပင် တိဗက်မှ ဟိုဟစ်မြစ်ကြောင်းအတိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ဖြတ်၍ ချင်းတွင်းမြစ် တစ်လျှောက်၊ ထိုမှ အရှေ့သို့လှည့်၍ တကောင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အခြားတစ်ဖွဲ့မှာ ချင်းတွင်းမြစ်နှင့် ဧရာဝတီဆုံရာ ချိုင့်ဝှမ်းအောက်ပိုင်းသို့ ဆက်လက်ဆင်းသက်ပြီး လူဦးရေများပြားလာသည်။ 'ချင်းတွင်း' ဆိုသည်မှာ ချင်းအမျိုးသားတို့၏ ဌာနေဟူ၍ အဓိပ္ပာယ်ရ၏။ ယင်းဒေသရှိ ချင်းလူမျိုးများအား အစွဲပြု၍ ယခင် သလ္လာဝတီမြစ်ကို နောက်ပိုင်းတွင် ချင်းတွင်းမြစ်ဟု အမည်အစား ဝင်လာသည်။

ချင်းတိုင်းရင်းသားတို့သည် မြန်မာတို့နှင့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ မြေပြန့်ဒေသတွင် နေထိုင်ခဲ့ကြပြီး အေဒီ ၁၃ ရာစု ပုဂံပျက်ချိန်မှ ၁၅ ရာစုအတွင်း ချင်းတောင်တန်းပေါ် သို့ အုပ်စုများခွဲ၍

အချပ်ပိုစာမျက်နှာ ၃ သို့

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် (၄၄) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းတည့်အချိန်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးမှ ကာယဗလမောင်တံခွန်စိုက်ဆုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တံခွန်စိုက်ဆုတို့ကို ရရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသော ၂၀၁၇ ခုနှစ် (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်တံခွန်စိုက်ပြိုင်ပွဲသို့ ၆၀ ကီလိုတန်း ကာယဗလမောင် ၁၂ ဦး၊ ၆၅ ကီလိုတန်း ၁၄ ဦး၊ ၇၀ ကီလိုတန်း ၁၄ ဦး၊ ၇၅ ကီလိုတန်း ၁၁ ဦး၊ ၇၅ ကီလိုတန်းအထက် ခုနစ်ဦး၊ Man Sport Physique ၁၃ ဦး၊ Model Physique အမျိုးသမီး (၁၆၀ စင်တီမီတာ) ၁၁ ဦးနှင့် Model Physique (၁၆၀ စင်တီမီတာအထက်) ၁၁ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ကာယဗလ ၆၀ ကီလိုတန်းတွင် ပထမ ရန်ပိုင်စိုး(မန္တလေး)၊ ဒုတိယ ငြိမ်းချမ်း (စစ်ကိုင်း)၊ တတိယ မှဉ်ဘန်အောင် (ကချင်)တို့ ရရှိကြသည်။ ကာယဗလ ၆၅ ကီလိုတန်းတွင် ပထမ ဟိန်းဇော်လင်း(ဧရာဝတီ)၊ ဒုတိယ အောင်မြင့်သိန်း(မကွေး)၊ တတိယ စသူလှိုင်(ဧရာဝတီ)တို့က ရရှိကြသည်။

ကာယဗလ ၇၀ ကီလိုတန်းတွင် ပထမ ထက်ဝဠာထင်ရှား(ဧရာဝတီ)၊ ဒုတိယ မျိုးစိုင်းဦး(မန္တလေး) တတိယ ဇော်ဌေးအောင်(မကွေး)တို့က ရရှိကြသည်။ ကာယဗလ ၇၅ ကီလိုတန်းတွင် ပထမ ချစ်ဖွယ် (မန္တလေး)၊ ဒုတိယ သူရိန်ဘို(မကွေး)၊ တတိယ အောင်ဇေယျာလင်း(ရန်ကုန်)တို့က ရရှိကြသည်။ ကာယဗလမောင် ၇၅ ကီလိုအထက်တွင် ပထမ ရောင်နီလင်း(မကွေး)၊ ဒုတိယ သက်ဇင်ဦး(ရန်ကုန်)၊ တတိယ ဇင်မျိုးထွန်း(ရန်ကုန်)တို့က ရရှိကြသည်။

ဆက်လက်၍ Man Sport Physique ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမ ထွန်းထွန်းဦး(ရန်ကုန်)၊ ဒုတိယ တင်စိုးဝင်း(ခ) နေလ(မန္တလေး)၊ တတိယ မင်းခန့်(ဧရာဝတီ)တို့က ရရှိကြသည်။ Model Physique အမျိုးသမီး ၁၆၀ စင်တီမီတာအောက် ပြိုင်ပွဲတွင် ပထမ မသန္တာဦး(မန္တလေး)၊ ဒုတိယ ချူးမိုးမင်း (ရန်ကုန်)၊ တတိယ ကျင်ဒိန်ဆန်နွယ်(စစ်ကိုင်း)နှင့် Model Physique အမျိုးသမီး ၁၆၀ စင်တီမီတာနှင့်အထက် ပြိုင်ပွဲတွင် ပထမ အင်ကြင်းသန့်ဇင်(ရန်ကုန်)၊ ဒုတိယ အင်ကြင်းသန္တာခိုင်(မန္တလေး)၊ တတိယ သုနန္ဒာအောင် (တနင်္သာရီ)တို့က ရရှိကြသည်။

ယင်းနောက် အတန်းငါးတန်းတွင်ပထမရရှိကြသော ကာယဗလမောင်များအား တံခွန်စိုက်မောင် ဆက်လက်ရွေးချယ်ရာ မန္တလေးတိုင်းဒေသကြီးမှ ကာယဗလမောင် ချစ်ဖွယ်ကရရှိပြီး ယခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ် တံခွန်စိုက်ဆုကို မန္တလေးတိုင်းဒေသကြီးမှ ရရှိကြောင်း သိရသည်။

**စောသိန်းဝင်း**

## သရက်ဂေါက်ကွင်း နှစ်(၁၃၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဂေါက်ကွင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သရက်ဂေါက်ကွင်း နှစ်(၁၃၀)ပြည့် အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ပါဝင်ကြီးကြပ်ပြီး Innwa Bank'PTTEP Co.,Ltd. Phyo Si Thu Teak Plantation(Myanmar) & Bago Yoma Eco Resord (Myanmar)တို့၏ အဓိက ကူညီပံ့ပိုးမှုနှင့် ဂေါက်သီးအားကစားဝါသနာရှင်များ၏ ပါဝင်ပံ့ပိုးမှုများဖြင့် နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီတွင် သရက်မြို့ သရက်ဂေါက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁)တီခုံတွင် နေရာယူကြပြီး ယင်းတီခုံတွင်စိုက်ထူထားသည့် သရက်ဂေါက်ကွင်း နှစ်(၁၃၀)ပြည့် အထိမ်းအမှတ်ကျောက်တိုင်ကို တာဝန်ရှိသူတို့က အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ ဖွင့်လှစ်သည်။ အဆိုပါဂေါက်ကွင်းသည် ၁၈၈၇ ခုနှစ်တွင် စတင် တည်ထောင်ခဲ့၍ ၂၀၁၇ ခုနှစ်တွင် နှစ်ပေါင်း (၁၃၀)ပြည့်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အင်းဝဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဌေးဦး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်၊ PTTEP Co.,Ltd.မှ Vice President ဖြစ်သူ Mr.Puvanic၊ သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်း(ညွှန်ကြားရေးမှူး)တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ အသင်းလိုက်ပြိုင်ပွဲ ၁၈ ကျင်းကို စတင်ကျင်းပသည်။ ယင်းပြိုင်ပွဲသည် တစ်ဦးချင်း/အသင်းလိုက် အကြေးပေးပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အနှံ့အပြားမှ ဂေါက်သီးအားကစားဝါသနာရှင် ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။

**(ကြေးမုံ)**




## မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးသို့ နယ်လှည့်ဝန်ဆောင်မှုပေး ပုသိမ်ဆေးရုံနှင့် လူနာများအား ဆမ်ဆောင်းပစ္စည်းများ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ ဒေသအသီးသီးသို့ သွားရောက်လှည့်လည်ဝန်ဆောင်မှုပေးသည့်ခရီးစဉ်ကိုSamsung ၏ Moving Service Team သည် နိုဝင်ဘာ ပထမပတ်တွင် စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။ Moving Service Team သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ ပုသိမ်မြို့၊ ပြည်မြို့နှင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ လားရှိုးမြို့နှင့် မကွေးမြို့များသို့ နိုဝင်ဘာ ၇ ရက်မှ ၁၇ ရက်အတွင်း တစ်ပြိုင်နက်တည်း သွားရောက်ကာ ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ နယ်လှည့်ပြုပြင်ရေး ဝန်ဆောင်မှုခရီးစဉ်တွင် ကုန်ပစ္စည်း အာမခံကတ်ပြားသက်တမ်း ကျန်ရှိနေသေးသည့် သုံးစွဲသူများအနေဖြင့် Samsung ထုတ်ကုန်များအတွက် ပစ္စည်းဖိုး၊ လက်ခ ရာနှုန်းပြည့်အခမဲ့ ပြုပြင်ရေး ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်သည်။ ကုန်ပစ္စည်း အာမခံကတ်ပြား သက်တမ်းကုန်ဆုံးသွားသည့် သုံးစွဲသူများအနေဖြင့် ပြုပြင်ခြင်းဝန်ဆောင်မှုနှင့် အပိုပစ္စည်းလဲလှယ်ခြင်း ကဲ့သို့သော ဝန်ဆောင်မှုများကို သက်ဆိုင်ရာ ဒေသများရှိ Samsung အရောင်းဆိုင်များတွင် ၃၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ Samsung ကို စဉ်ဆက်မပြတ် အားပေးနေတဲ့ သုံးစွဲသူတွေနဲ့ သူတို့ရဲ့ Samsung ထုတ်ကုန်အပေါ်ထားရှိတဲ့ ချစ်ခင်အားပေးမှုကို ကျွန်တော်တို့ အမြဲတန်ဖိုးထားပါတယ်။။ အခုလို Moving Service ခရီးစဉ်ကို ပြုလုပ်ရတာကလည်း မြန်မာနိုင်ငံရဲ့ ဒေသအသီးသီးမှာရှိတဲ့ သုံးစွဲသူတွေကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါတယ်။ ဒါကလည်း သုံးစွဲသူတွေရဲ့ တုံ့ပြန်ချက်တွေကို အမြဲနားထောင်နေတဲ့ ကျွန်တော်တို့ရဲ့ ကတိကဝတ်ကို ထင်ထင်ရှားရှား ပေါ်လွင်စေပါတယ်။ ဒါ့အပြင် သုံးစွဲသူတွေ ဘယ်နေရာ၊ ဘယ်ဒေသမှာနေသည်ဖြစ်စေ Samsung ထုတ်ကုန်တွေ ဝယ်ယူပြီးနောက်ပိုင်း အကောင်းဆုံး ဝန်ဆောင်မှု အတွေ့အကြုံများကို ပေးစွမ်းဖို့ ကျွန်တော်တို့ အမြဲအဆင်သင့်ဖြစ်နေပါတယ်" ဟု Samsung Myanmar ၏ Head of Customer Service ဖြစ်သူ Mr.InJoon Jeon က ပြောကြားသည်။

နယ်လှည့်ဝန်ဆောင်မှုပေးခြင်း ခရီးစဉ်စတင်ခြင်း အထိမ်းအမှတ်အနေဖြင့် Samsung Myanmar အဖွဲ့ဝင်များက လေအေးပေးစက်နှင့် ရေခဲသေတ္တာများကို ပုသိမ်မြို့ရှိ ပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ပြီး ဆေးရုံအတွင်းရှိ လူနာ ၁၂၀ နှင့် မြို့ခံများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စာဏီ**

## ပျူစောထီးပုံပြင်ကို ခြေရာခံကြည့်ခြင်း ......

အချပ်ပိုစာမျက်နှာ ၂ မှ

တဖြည်းဖြည်း ရွှေ့ပြောင်းသွားကြသည်ဟု သုတေသီတို့က ဆိုထားကြသည်။ မြေပြန့်ဒေသများတွင်လည်း ကျန်ခဲ့သည့် ချင်းတိုင်းရင်းသားများလည်းရှိကြသည်။

### ပုပ္ပားတောင်နှင့် ချင်းတိုင်းရင်းသားများ

ပုပ္ပားတောင်ကို" တီးတိန်-တွန်းဇံ ချင်းတိုင်းရင်းသားတို့က ပုပ (ဘိုးဘွားတောင်) ဟုခေါ်ကြ၍ မင်းတပ်၊ ကန်ပက်လက်၊ မတူပီချင်းတိုင်းရင်းသားတို့က "ငန်းပါးမသုန်" (နဂါးထီးတောင်) ဟုခေါ်ကြသည်။ ချင်းတိုင်းရင်းသားတို့၏ ပုံပြင်များ၊ တေးသီချင်းဟောင်းများသည် ပုပ္ပားတောင်ကို အခြေပြုထားကြောင်း တွေ့ရသည်။ ပုပ္ပားတောင်ကို ရှေးက "နဂါးရစ်တောင်" ဟု မြန်မာတို့ခေါ်ခဲ့ခြင်းနှင့် " ဖခင်နဂါးတောင်" ဟု ချင်းတို့က ခေါ်ကြခြင်းမှာလည်း အနက်နီးစပ်နေသည်။ " ချင်းမှန်လျှင် ပုဂံက" ဟူသော ဆိုရိုးကိုလည်း ချင်းတိုင်းရင်းသားတို့ လက်ခံယုံကြည်ထားကြသည်။

မျက်မှောက်ခေတ် မင်းတပ်နှင့် ကန်ပက်လက်နယ်ရှိ ရွာတိုင်းလိုလိုတွင် ရွာဦးထိပ်၌ နတ်ပွဲလုပ်လျှင်ခင်းသော ကျောက်ပျဉ်များကို တွေ့နိုင်သည်။ နတ်ပွဲ၌ ကျောက်ပျဉ်ခင်းခြင်းသည် ချင်းတို့၏ ဓလေ့ဖြစ်သည်။ ပုပ္ပားနယ်တစ်ဝိုက်ရှိ ရွာဟောင်းအချို့တွင် ရှေးကခင်းခဲ့သော ကျောက်ပျဉ်ဖျာများကို မျက်မှောက်ခေတ်အထိ တွေ့နိုင်သေးသည်။ ယင်းတို့မှာ " မြေကြီးယာလွင်၊ ရေပြာတောင်၊ ရွာဟောင်း၊ ချင်းအိုင်၊ ရေဆူယာလွင်နှင့် အလယ်ရွာဟောင်း" တို့ ဖြစ်ကြသည်။

ထို့ကြောင့် တိဗက်-မြန်မာအနွယ်ဝင် ချင်းနှင့် မြန်မာတို့သည် အတိတ်ခေတ်က တစ်နယ်တည်း နေခဲ့ကြသော တိုင်းရင်းသားများဖြစ်ကြောင်း သိသာနိုင်သည်။

### ချင်းပုံပြင်၊ သီချင်းတို့နှင့် ပျူစောထီးရာဇဝင်

ရှေးဦးတောင်ပိုင်း ချင်းသီချင်းများတွင် မြန်မာအစ်ကိုကြီးနှင့် ငါးမျှားချိတ်ပြဿနာ၊ မြေဒယ်အိုးပြဿနာတို့ကြောင့် မကျေနပ်၍ တောင်ပေါ်သို့ အော်ရင်းဟစ်ရင်း တက်ခဲ့သည်ဟု ပါရှိသကဲ့သို့ ချိုးချင်းတို့၏ သမိုင်းမော်ကွန်း ကဗျာကြီးတွင်လည်း" တွိဖြူလွိုး ခေါ် မြွေနဂါးအထီးနှင့် ငါန်းဟွေပေါက်၊ မြွေဖြူနဂါးမတို့မှ ဥငါးလုံးရခဲ့ကြောင်း" ဖော်ပြထားသည်။

ဤမော်ကွန်း ကဗျာကြီးနှင့် ဆက်စပ်နေသော ချိုးချင်းတို့၏ အခြားဒဏ္ဍာရီတစ်ပုဒ်တွင် လည်း " သမုဒ္ဒရာဇမ်မင်းကြီးလက်ထက် မဟာသမုဒ္ဒရာမြစ်ဝှမ်းမှ လာသော " ထီးလှိုင်ရှင်ကာခေါ် ငှက်ကြီးတစ်ကောင်အကြောင်းနှင့် ယင်းငှက်ကြီးကို နဂါးမင်းဆက်ပျူစောထီးက နှိမ်နင်းပစ်မှ ငြိမ်းအေးသွားသည်။ ဟူသော ပုံပြင်သည်လည်း မြန်မာတို့၏ ပျူစောထီး(ခေါ်) ပျူစောထီးရာဇဝင်ပုံပြင် နှင့်အတူတူပင်ဖြစ်နေကြောင်း တွေ့ရသည်။

### မြန်မာနှင့် ချင်းသမိုင်းကြောင်းအရ သုံးသပ်ချက်

အထက်ပါ အချက်အလက်များသည် သမိုင်းမတင်မီက ပုံပြင်များဖြစ်ခြင်း၊ နှုတ်ပြော ဒဏ္ဍာရီသီချင်းများဖြစ်ခြင်းကြောင့် အထောက်အထား မခိုင်လုံစေကာမူနှင့် ချင်းနှင့်မြန်မာတို့သည် ပုပ္ပားတောင်တစ်ဝိုက်နှင့် မြေပြန့်ဒေသတွင် လက်ပွန်းတတီးနေထိုင်ခဲ့ကြကြောင်း၊ ၁၃ ရာစုပုဂံပျက်စီးပြီး ခေတ်ကာလ မငြိမ်မသက်ဖြစ်နေချိန်မှ အစပြု၍ ချင်းတောင်တန်းပေါ်သို့ အုပ်စုခွဲ၍ ရွှေ့ပြောင်းလာကြကြောင်း ပျူစောထီးပုံပြင်သည်လည်း ချင်းတိုင်းရင်းသားတို့နှင့် ချင်းတောင်တန်း ဒေသသို့ တစ်ပါတည်း ပါလာကြောင်း ခန့်မှန်းသုံးသပ်နိုင်ပါသည်။

ထို့ကြောင့် ပျူစောထီးပုံပြင်သည် တိဗက်မြန်မာမျိုးနွယ်ဝင် ဘာသာစကား အသုံးပြုသူတို့၏ ပုံပြင်ဖြစ်ကြောင်း၊ ဤပုံပြင်ကိုယူ၍ မြန်မာ့ပုံပြင်အဖြစ် ပုပ္ပားနယ်တစ်ဝိုက် ပုဂံဒေသတွင် အခြေခံပေါ်ထွန်းခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် အမဲလိုက်လုပ်ငန်းကို ပဓာနပြုသည့် မုဆိုးတံငါဘဝကို အခြေပြုပေါ်ပေါက်ဖြစ်ထွန်းလာကြောင်း၊ သမိုင်းမတင်မီခေတ်က ပုံပြင်ဖြစ်၍ ဒဏ္ဍာရီဆန်သော်လည်း ဖြစ်ရပ်မှန် ဇာတ်လမ်းကို တစ်စိတ်တစ်ဒေသ မှန်းဆကြည့်နိုင်ကြောင်း ခြေရာခံသုံးသပ်နိုင်ပါသည်။

### ပျူစောထီးပုံပြင် ပျံ့နှံ့ပုံ

ပထမ မြန်မာနိုင်ငံတည်ထောင်ပြီးချိန်မှစ၍ တတိယ မြန်မာနိုင်ငံတော်အထိ မြန်မာဘုရင်တို့၏ အာဏာဖြန့်ကြက်မှုမှာ မြန်မာနိုင်ငံတစ်ဝန်းသို့ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာခဲ့သည်။ အလားတူ ဗုဒ္ဓသာသနာတော်သည်လည်း တစ်ပြည်လုံးသို့ ပျံ့နှံ့သည်ထက် ပျံ့နှံ့လာခဲ့သည်။

အထူးသဖြင့် ရှမ်းပြည်နယ်ရှိ ပြည်သူလူထုသည် ဗုဒ္ဓသာသနာကို လက်ခံယုံကြည်ရာမှ တစ်ဆင့် မြန်မာ့ဓလေ့ထုံးတမ်းပုံပြင်ဒဏ္ဍာရီများနှင့် ရင်းနှီးလာကြသည်။ ပုံပြင်ဟူသည် ကလေးရော၊ လူကြီးပါ နှစ်သက်သော သဘောရှိသဖြင့် အနယ်နယ်အရပ်ရပ်သို့ ပြန့်ပွားရာတွင် ပျူစောထီးပုံပြင်သည်လည်း ပါဝင်လာခဲ့သည်။ တရုတ်-မြန်မာနယ်စပ်ရှိ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများထံသို့လည်း ပျူစောထီးပုံပြင် ရောက်ရှိခဲ့သည်ဟု ခန့်မှန်းနိုင်ပါသည်။

ထို့ကြောင့် မြန်မာတို့၏ ရှေးရိုးအစဉ် ပျူစောထီးပုံပြင်သည် ဒဏ္ဍာရီဇာတ်လမ်းမျှသာ ဖြစ်သည်ဟု ဆိုနိုင်သော်လည်း ယင်းဒဏ္ဍာရီ၏နောက်ကွယ်တွင် ဘာသာစကားဆိုင်ရာ သုတေသနပြုနိုင်သော အချက်များရှိနေသည်ကို တွေ့နိုင်ပါသည်။ ဤဆောင်းပါးသည် ရှေးဟောင်းအဆောက်အအုံများကို တူးဖော်ကြည့်ခြင်းမှ ရလာသော အထောက်အထားများ၊ ကျောက်စာ အထောက်အထားများကို အခြေပြု၍ အခိုင်အမာ ကောက်ချက်ဆွဲနိုင်ခြင်းမရှိပါ။ သို့ရာတွင် ပျူစောထီးပုံပြင်နှင့် ပုံရိပ်ပါ ဇာတ်ဆောင်များ၏ အမည်နာမနှင့် ယင်းပုံရိပ် နှင့်နှီးနွယ်သော တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ဘာသာတေးကဗျာများကို အခြေပြု၍ အကဲခတ်တင်ပြရသော ဆောင်းပါးဖြစ်ပါသည်။

ထိုသို့ အခိုင်အမာအထောက်အထားကို ယူ၍ သုံးသပ်ခြင်းမပြုနိုင်သည့်တိုင် ပျူစောထီး ပုံပြင်ကို ခြေရာခံခြင်းဖြင့် တိဗက်-မြန်မာမျိုးနွယ်တို့၏ အခြေချရာလမ်းကြောင်းနှင့် ပျံ့နှံ့ပုံလမ်းကြောင်းတို့ကို တစ်စိတ်တစ်ဒေသ အကဲဖြတ်နိုင်ကြောင်းနှင့် တိုင်းရင်းသား မျိုးနွယ်စုတို့၏ တူညီသော ဓလေ့ထုံးစံအချို့ကိုလည်း လေ့လာနိုင်ကြောင်း တွေ့ရှိရပါသည်။

ဤသို့လေ့လာတွေ့ရှိခြင်းကပင်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ သွေးရင်းသားရင်းဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ဘာသာဗေဒနှင့်သမိုင်းပညာရှင်တို့၏ ဖော်ထုတ်ချက်ကို ပိုမိုအထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ပျူစောထီးပုံပြင်အပါအဝင် ဒဏ္ဍာရီသမိုင်းများနှင့် ပတ်သက်၍ နောင်တွင်ပိုမိုတိကျ ခိုင်လုံသော သိပ္ပံနည်းကျ အထောက်အထား အကိုးအကားများနှင့် ယှဉ်တွဲတန်သော မြန်မာ့သမိုင်းခေတ်ဦး သုတေသနများ ဆောင်ရွက်နိုင်ပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှု သဘောတရားများကို ပိုမိုခိုင်မာစွာ တင်ပြနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်။ ။

# ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူတိုင်း နေ့စဉ်စားသုံးနေသည့် အစားအစာများမှတစ်ဆင့် လုံလောက်သည့် သံဓာတ်မရရှိမှု သတိပြုဖွယ်

သံဓာတ်ချို့တဲ့မှုသည် မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့် အပြင်းထန်ဆုံးနှင့် အရေးအကြီးဆုံး အာဟာရဓာတ်ချို့တဲ့မှုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူတိုင်း နေ့စဉ်စားသုံးနေသည့် အစားအစာများမှ တစ်ဆင့် လုံလောက်သည့် သံဓာတ်မရရှိမှုသည် သတိပြုဖွယ်နှင့် ဂရုစိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေါက်တာခင်မာချို (Myanmar Institute of Integrated Development -MIID) ၏ အကြံပေးဘုတ်အဖွဲ့ဝင်ကသုံးသပ်တင်ပြထားသည်။

သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါ (Iron Deficiency Anaemia -IDA) အကြောင်း အားလုံးကို ချက်ချင်းအသိပေးတာမျိုးလုပ်သင့်သည်ဟု ၎င်းက တိုက်တွန်းထားပြီး အသက်(၅)နှစ်အောက်ကလေးငယ် ငါးဦးတွင် သုံးဦးသည် ပုံမှန်ရှိရမည့်အရပ်ထက် ပုည့က်သေးကွေးလျက်ရှိနေပြီး အသက်(၁၆)နှစ်နှင့် (၄၉)နှစ်ကြား အမျိုးသမီးသုံးဦးတွင် တစ်ဦးသည် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ခံစားနေရသည်ဟု သိရသည်။ ယင်းအပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုပါ ထည့်သွင်းရေတွက်ပါက အဆိုပါ ရောဂါဖြစ်ပွားနေသူဦးရေမှာ ၅၀ ရာခိုင်နှုန်းခန့်အထိ တက်သွားမည်ဟု ၎င်းက သတိပေးထားသည်။

"သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါ(IDA)ဟာ ကျွန်မတို့ နေ့စဉ်စားသုံးနေတဲ့ အစားအစာတွေထဲမှာ သံဓာတ်ပါဝင်မှုနည်းပါးပြီး ခန္ဓာကိုယ်မှာမရှိမဖြစ်လိုအပ်တဲ့ အာဟာရဓာတ်၊ အဓိကအားဖြင့် သံဓာတ်ချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ရလဒ်တွေပါ။ သံဓာတ်ပါဝင်မှုမြင့်မားတဲ့ အစားအစာနဲ့ သံဓာတ်ဖြည့်စွက်ထားတဲ့ အစားအစာတွေကို မစားသောက်ဘူးဆိုရင် သံဓာတ်ချို့တဲ့နိုင်ပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးငယ်များနဲ့ အရွယ်ရောက်ပြီးသူတိုင်းဟာ နေ့စဉ်စားသုံးတဲ့ အစားအစာတွေမှတစ်ဆင့် လုံလောက်တဲ့သံဓာတ်ကို မရရှိကြပါဘူး၊ ဒီကိစ္စဟာအခုလက်ရှိ ကျွန်မတို့ အာရုံစိုက်နေထာထက် ပိုအရေးကြီးပြီး ပိုပြီးလည်းဂရုစိုက်သင့်ပါတယ်"ဟု ၎င်းက သုံးသပ်တင်ပြထားသည်။

ယင်းသံဓာတ်ချို့တဲ့မှုသည် အချိန်ကြာမြင့်စွာသံဓာတ်ချို့တဲ့ရောဂါခံစားနေရသော်လည်း ရောဂါလက္ခဏာကို မသိရှိခြင်း၊ သို့မဟုတ် ရောဂါရှိနေကြောင်း သိရှိနိုင်သည့် နည်းလမ်းများကို မသိရှိခြင်းတို့ကြောင့် ကျန်းမာရေးပြဿနာမရှိဘူးဟု ထင်မြင်ယူဆနေနိုင်သော်လည်း သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါသည် နေ့စဉ် လူ့ဦးနှောက်စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည့်အပြင် သံဓာတ်ချို့တဲ့ သွေးအားနည်းမှုသည် လူ့နှလုံးမှ အောက်ဆီဂျင်ထုတ်လုပ်မှုနည်းပါးလာပြီး အောက်ဆီဂျင်လုံလောက်စွာရှိရန်အတွက် သွေးပိုမိုညှစ်ထုတ်ပေးရသောကြောင့် နှလုံးခုန်နှုန်းမမှန်ခြင်း၊ နှလုံးရပ်ခြင်းတို့ကို ဖြစ်ပွားစေနိုင်ပြီး လူ့အသက်ကို ဆုံးရှုံးစေသည်အထိ ဖြစ်ပွားစေနိုင်သည်ဟု သိရသည်။ သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါသည် လုပ်ငန်းခွင်အတွင်း၊ စာသင်ကျောင်းအတွင်း နေ့စဉ် ခန္ဓာကိုယ်နှင့် ဦးနှောက်စွမ်းဆောင်ရည်များကို ထိခိုက်စေနိုင်ပြီး အချိန်တိုင်း ပင်ပန်းနွမ်းနယ်ခြင်း၊ မကြာခဏဖျားနာခြင်း၊ ကလေးငယ်များတွင် အိမ်စာများပြီးအောင်လုပ်ရန် ခက်ခဲခြင်း၊ ကျောင်းစာများအာရုံစိုက်ရန်ခက်ခဲခြင်း၊ သို့မဟုတ် အတန်းထဲတွင် စာမလိုက်နိုင်ခြင်းမျိုး ဖြစ်စေနိုင်ပြီး အဆိုပါလက္ခဏာများမိမိတို့ထံတွင်တွေ့ရှိရပါက သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါဖြစ်ပွားနေပြီဖြစ်ကြောင်း ပြသခြင်းဖြစ်သည်ဟု သိရသည်။

ယင်းလက္ခဏာများမှာ အလိုအလျောက်နွမ်းနယ်နေခြင်း၊ သင်ယူနိုင်စွမ်းကျဆင်းနေခြင်း၊ ခုခံအားကျဆင်း၍ မကြာခဏဖျားနေခြင်း၊ ကလေးငယ်များကြီးထွားနှုန်းနေခြင်း၊ အာရုံစူးစိုက်မရဖြစ်နေခြင်း၊ မူးဝေနေခြင်း၊ အောက်မျက်ခမ်းများနှင့် လျှာသွေးဆုတ်ဖြူရော်နေခြင်း၊ လက်သည်းနှင့် ဆံပင်များကြွပ်ဆတ်ပျက်စီးနေခြင်း၊ အသားအရေဖျော့တော့နေခြင်း စသည့် အချက်များအနက်မှ အနည်းဆုံးအချက်သုံးချက်ခန့် ဖြစ်ပေါ်နေပါက သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါ ဖြစ်နိုင်ခြေများနေပြီဟုယူဆနိုင်ကြောင်း သိရသည်။

သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါကို ရိုးရှင်းသည့် အဆင့်များဖြင့် ကျော်လွှားနိုင်ပြီး ဆင်းရဲချမ်းသာမရွေး မိမိကျန်းမာရေး မိမိပိုင်သည့်အတွက် ကိုယ်တိုင် ပါဝင်လုပ်ဆောင်သင့်ကြောင်း ဒေါက်တာခင်မာချိုက တိုက်တွန်းထားသည်။ ယင်းအပြင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီအိန္ဒြာကျော်ဇင်နှင့် ချစ်သုဝေတို့ကလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သော သံဓာတ်သတိပေးချက် strongerfamilies လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြပြီး မြန်မာမိသားစုများအကြား သံဓာတ်ချို့တဲ့မှုကို ကျော်လွှားနိုင်ရန် ရိုးရှင်းသော အခြေခံအဆင့်များကို ဝေမျှပေးခဲ့သည်။ သံဓာတ်ကြွယ်ဝသော အစားအစာများကို ပိုမိုစားသုံးပေးရန်နှင့် နေ့စဉ်ကျန်းမာအောင်နေထိုင်သော စားသောက်နေထိုင်မှုပုံစံများနှင့် နေထိုင်သွားနိုင်ရေး လိုအပ်သည်ဟု သိရသည်။




အဆိုပါ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့်ပတ်သက်၍ သံဓာတ်သတိပေးချက်လှုပ်ရှားမှုကို အနုပညာရှင်နှစ်ဦးတို့က ပါဝင်ဆောင်ရွက်ခဲ့ပြီး ဒေါက်တာခင်မာချို (Myanmar Institute of Integrated Development-MIID) ၏ အကြံပေးဘုတ်အဖွဲ့ဝင်ကသုံးသပ်တင်ပြထားသည်။ ဒေါက်တာခင်မာချိုသည် ချင်းပြည်နယ်ရှိ LIFT funded Nutrition-Sensitive Agriculture Project တွင် ပါဝင်လုပ်ဆောင်လျက်ရှိကာ World Food Programme အတွက် MIID မှ တာဝန်ယူ ပြုလုပ်ပေးလျက်ရှိသော Countrywide Food and Nutrition Security Review လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးလျက်ရှိသူဖြစ်သည်။

**ဆုနှင်းလှဲ့**



# နှစ်(၁၀၀)ပြည့် ဂျူဘီလီပွဲတော် ဗန်းမော်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဗန်းမော် နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် စိန်ကိုလန်ဘန် သာသနာပြုအသင်းဂိုဏ်း နှစ်(၁၀၀)ပြည့် ဂျူဘီလီပွဲတော်ကို ပေါက်ကုန်းရပ်ကွက် ကုက္ကိုတောရပ် စိန့်ပက်ထရစ်ဘုရားရှိခိုးကျောင်း၌ နိုဝင်ဘာ ၁၇ နှင့် ၁၈ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် စိန့်ပက်ထရစ်ကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာဂျွန်းလထော်ဇော်ဒွဲက အဖွင့်ဆုတောင်းပေးခဲ့ပြီး မန္တလေးဂိုဏ်းချုပ် သာသနာဆရာတော် ပေါလ်ဇုံထုံးဂရောင်နှင့် ဗန်းမော်ဂိုဏ်းချုပ် သာသနာဆရာတော် ရေမွန်ဆွန်းလွတ်ဂန်၊ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာဂျွန်းလထော်ဇော်ဒွဲတို့က မနောကွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါပွဲတော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ဗန်းမော်တပ်နယ်မှ နည်းဗျူဟာမှူး၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ကက်သလစ်ဘာသာဝင် တိုင်းရင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ညနေ ၄ နာရီမှ ၆ နာရီအထိ ကချင်တိုင်းရင်းသား ရိုးရာမနောအက တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြပြီး ညပိုင်းတွင် ကချင်တိုင်းရင်းသားရိုးရာအက၊ ရိုးရာသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဗန်းမော်မြို့တွင် စိန်ကိုလန်ဘန် သာသနာပြုအသင်းဂိုဏ်း သာသနာပြုစတင်ခဲ့သည်မှာ နှစ်(၁၀၀)ပြည့်ခဲ့သည့်အတွက် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော် ကျင်းပရခြင်းဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီတစ်ဦးက ပြောသည်။

"နှစ် (၁၀၀)ပွဲတော်မှာ မနော ကရတာ သိပ်ပျော်တယ်၊ နှစ်ပေါင်းများစွာ ကွဲကွာနေရတဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေနဲ့ ပြန်လည်ဆုံတွေ့ကြရလို့လည်း ပို၍ ပျော်ပါတယ်၊ စုပေါင်းကကြရတဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း ပေါ်လွင်စေပါတယ်၊ လူကြီးလူငယ်တွေသာမက ကလေးသူငယ်များလည်း ပါဝင် ကပြကြတဲ့အတွက် ရင်ထဲမှာ ဝမ်းသာပျော်ရွှင်မိပါတယ်၊ ငြိမ်းချမ်းရေးရပါစေလို့ ဆုတောင်းမိပါတယ်၊ ငြိမ်းချမ်းရေးရရင် မနောပွဲတွေ များများကရမယ်" ဟု မနောကပွဲတွင် ပါဝင်ကပြခဲ့သည့် ဗန်းမော်သူ ဒေါ်ဘောက်တောင်က ပြောသည်။

**မင်းမင်းဦး**

# တောတွင်းနေ သက်ရှိအကောင်များ၏ အော်မြည်သံများကို အသံဖမ်းစနစ်ဖြင့် ကွင်းဆင်းသုတေသန ပြုလုပ်

**မိုးညှင်း နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာ အနောက်ဘက် နန့်ကင်ချောင်းဘေး တောတောင်တန်းများတွင် သစ်တောဦးစီးဌာနနှင့် သဘာဝထိန်းသိမ်းရေးအဖွဲ့မှ တောတွင်းနေသက်ရှိအကောင်များ၏ အော်မြည်သံများကို အသံဖမ်းစနစ်ဖြင့် ကွင်းဆင်းသုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အသံဖမ်းစနစ်ဖြင့် တောတွင်းနေသက်ရှိအကောင်များကို သုတေသနပြုလုပ်ရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် သဘာဝထိန်းသိမ်းရေးအဖွဲ့ (The Nature Conservancy-TNC)မှ အမေရိကန်နိုင်ငံသား Mr.Timothy Murray Boucher၊ ဦးရဲထွဋ်အောင်(သုတေသနလက်ထောက်)တို့က ဇီဝမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်လေ့လာခြင်း၊ The Nature Conservancy နှင့် အင်းတော်ကြီးဒေသ မိုင်းနောင်ဘိနယ်သစ်တောဌာနမှ တောအုပ် ဦးမျိုးကျော်ဇင်နှင့်အဖွဲ့တို့က ပူးပေါင်းပါဝင်၍ မိုင်းနောင်ကျေးရွာအနောက်ဘက် နန့်ကင်ချောင်းဘေး တောတောင်တန်းများတွင် ကျက်စားနေထိုင်လျက်ရှိသော တောတွင်းနေ သဘာဝသက်ရှိအကောင်များ၏ လုပ်ရှားသွားလာမှု သဘာဝအလျောက် အော်သံ၊ မြည်သံ၊ တွန်သံ(အသံမျိုးစုံ)တို့ကို ရီကောဒင်း (အသံဖမ်းစနစ်)တပ်ဆင်၍ သုတေသန ပြုလုပ်ခြင်းများကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်ထိ နှစ်ရက်တိုင်တိုင် ကွင်းဆင်း၍သုတေသန ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် အင်းတော်ကြီးဒေသ နန့်မွန်းသစ်တောဘိနယ်ရှိ သဘာဝတောတောင်များနှင့် သစ်တောစိုက်ခင်းဧရိယာများတွင် ကျက်စားနေထိုင်ကြသည့် အကောင်များ၏ အသံများကိုလည်းကောင်း၊ အင်းတော်ကြီး အင်းအတွင်း စီးဝင်မည့်ချောင်းမြောင်းများ၏ ရေဝင်ရေထွက်များမှ ပါဝင်သောရေ၏ Ph ပမာဏတို့ကို တိုင်းတာစစ်ဆေးခဲ့ကြပြီး ဆက်လက်၍ နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် မိုးညှင်းမြို့နယ် မော်ဟန်ဒေသ မောဟန်သစ်တောကြိုးဝိုင်းနယ်မြေအတွင်းရှိ တောတောင်များနှင့် ချောင်းမြောင်းများတွင် ဆက်လက်သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သုတေသနပြုလုပ်တဲ့အဖွဲ့တွေက အဓိကအားဖြင့် သစ်တောစိုက်ခင်းဧရိယာထဲမှာ ကျက်စားနေထိုင်ကြတဲ့ အကောင်တွေရဲ့ သွားလာလုပ်ရှားမှုအသံ၊ သစ်တောပြင်ပကြိုးဝိုင်းအပြင်မှ အကောင်တွေရဲ့ အသံတွေရဲ့ကွဲလွဲချက်၊ နောက်ပြီး ဒီအကောင်တွေသောက်သုံးနေတဲ့ ချောင်းမြောင်းရေဝင်ရေထွက်နေရာ အင်းကြီးထဲစီးဝင်ထဲချောင်းရေတွေမှာ ရေ Ph ပမာဏ(Quality)ဘယ်အဆင့်အထိ ပါဝင်နေတယ်ဆိုတာတွေကို ကွင်းဆင်းလေ့လာ တိုင်းတာနေပါတယ်"ဟု မိုင်းနောင်ဘိနယ်သစ်တောဌာနတောအုပ် ဦးမျိုးကျော်ဇင်ထံမှ သိရသည်။